www.burmeseclassic.com

## နိုင်ငံဝေ

# တစ်ရက်မြဲမြဲ
# တစ်သက်မြဲမြဲ
# အချစ်နိုင်ဆုံးချစ်မယ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၄၉၀/၂၀၀၄ (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၇၄/၂၀၀၄ (၇)

တန်ဖိုး - ၂၃၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

ပုံနှိပ်ခြင်း - ပထမအကြိမ်

ထုတ်ဝေသည့်ကာလ - ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ

မျက်နှာဖုံးပုံနှိပ် ------- ဦးတိုးဝင်း
(နေလရောင်အော့ဖ်ဆက်)
(၀၂၄၃၁) အမှတ် (၉၆/ခ)
(၁၁) လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် -------- ဦးဝင်းအောင်
သန်းထိုက်ရတနာပုံနှိပ်တိုက်
(၀၅၁၃၁) အမှတ် (၈၄/၈၆)၊
လမ်း (၅၀)၊ ၁ ရပ်ကွက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေတိုက်)
(၀၁၆၉၂)၊ ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။



### ဗို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဗို့တရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဗို့တရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဗို့တရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကိုဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

စိတ်ညစ်တယ်. . .။

အဆောင်ပြောင်းနေရတာကို စိတ်အညစ်ဆုံးပါပဲ။

လှည်းတန်းလောက်မှာနေရင်လည်း မြို့ထဲဆိုဝေးတယ်။

စကားစီးပြီးရုံးတက်ရတဲ့နေရာမှာ မနေချင်ဘူးလေ၊ ဒါကြောင့်မို့ မြို့ထဲတစ်ဝိုက် ရေကျော်၊ ကန်တော်လေးတစ်ဝိုက်မှာပဲ နေဖို့အဆောင်ရှာရတယ်။

မခင်လေးငယ် အဆင်မပြေရင် မာလာ့ဆီလာခဲ့ဆိုတဲ့ စကားလေးအမှတ်ရတာမို့ မာလာ့ရှိတဲ့ လမ်းလေးဆယ်ကို လာခဲ့တယ်လေ။

"မာလာရှိလားဟင်. . ."

"မမာလာရှိတယ်. . . သူ့အခန်းထဲမှာ၊ ဝင်သွားလေ"

မာလာ့အခန်းက ဟိုးအစွန်ဆုံးမှာတဲ့၊ အခန်းရှိရာ လျှောက်လာခဲ့တယ်၊ ခင်လေးကိုမြင်တော့ ဝမ်းသာသွားရှာ မီးပူတိုက်နေရာက လှမ်းခေါ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မာလာရေ ခင်လေးတို့အဆောင်က ရှောင်းလိုက်မြန်ပြီ. . . နေစရာရှာနေရတယ်၊ သည်မှာနေလို့ရမလားဟင်၊ ခင်လေးကလည်း ဝေးဝေးမှာမနေချင်ဘူးလေ"

"ဝေဝေ. . စန်းစန်းတင့်ပြောင်းသွားတော့ အဲသည့်နေရာ ဘယ်သူယူလိုက်သလဲဟင်"

"ညိုညိုခိုင်နေတယ်လေ. . . မာလာ"

"ဒါဆို နေရာမရှိဘူးလား. . ."

"ရှိတော့ရှိတယ်လေမာလာရဲ့၊ ဒါပေမယ့်. . . မခင်လေးငယ် နေလို့ရမှာမဟုတ်ဘူး၊ မေဇော်တောင် ပြောင်းသွားပြီလေ"

ဝေဝေဆိုတဲ့ကောင်မလေးက ပြောရင်းရယ်နေပါတယ်။

"ထင်မိုးအောင်အခန်းမှာလား၊ အင်း ထင်မိုးအောင်နဲ့ နေရမယ်ဆိုရင်တော့ ပျော်စရာကောင်းမှာမဟုတ်ပါဘူး"

"ဘာလို့လဲဟင် မာလာ. . ခင်လေးနေနိုင်မှာပါ"

ဘာလို့မနေနိုင်ရမှာလဲ၊ ပျော်စရာကောင်းမှာမဟုတ်ဘူးဆိုရအောင် အပျော်နေနေတာတစ်ခုမှမရှိပါဘူး၊ မကွေးမှာ ရှိနေတဲ့အမေ့ဆီ ငွေပို့နိုင်အောင် အလုပ်ကြိုးစားရင်း ရန်ကုန်မှာ



နေနေရတာ၊ နေစရာဆိုလို့ ဦးလေးအရင်းကြီးရှိပါလျက် အဒေါ်က မကြည်ဖြူလို့ မနေရတာ။

"မခင်လေးငယ် မသိလို့နော်. . . ထင်မိုးအောင်က စိတ်မထင်မထင်သလို ပြောချင်ရာပြောတာ စွာတယ်ပြောရမယ်၊ သူနဲ့ဆို ဘယ်သူမှမနေချင်ကြဘူး၊ လူတစ်ဖက်သားအပေါ် အားနာတယ်ဆိုတာလည်းမရှိဘူး၊ ခက်နေတာက အဆောင်ပိုင်ရှင် အန်တီနွဲ့နဲ့က တစ်ခုခုပါတ်သက်နေပုံရတယ်၊ သူ. . . လုပ်သမျှ အန်တီနွဲ့က ခွင့်လွှတ်တယ်. . ."

"ခဏတော့ ခင်လေးနေကြည့်ချင်ပါတယ်၊ သည်နေရာက မြို့ထဲဆိုတော့ အလုပ်သွားရတာအဆင်ပြေလို့ပါ"

"ခဏနေပြီး တစ်ခြားအခန်းမှာ လူအားရင်ပြောင်းချင်ပြောင်းလိုက်ပေါ့. . ."

"အင်း, ဒါဆိုရင်တော့ အန်တီနွဲ့ကိုပြောပေးမယ်လေ"

မာလာနှင့်နှစ်ယောက် မျက်နှာချင်းဆိုင် တိုက်ခန်းကိုလာခဲ့ရတယ်၊ အန်တီနွဲ့က အဲသည့်အခန်းမှာနေတယ်လေ၊ မာလာ့သူငယ်ချင်းဆိုရင်တော့ နေလို့ရပါတယ်၊ ဒါပေမယ့် အခန်းက အားမှမအားတာတဲ့။

"ထင်မိုးအောင်အခန်းမှာအားနေတယ်အန်တီနွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ထင်လေးအခန်းမှာ. . . ဟုတ်လား၊ ထင်လေးက သူ့အခန်းမှာသူတစ်ယောက်တည်းနေချင်တာ၊ အန်တီနွဲ့ ငွေပိုရပါစေဆို ဖယ်ပေးတာတစ်ခုပဲ၊ မာလာသိတဲ့အတိုင်း ထင်လေးက ငွေပေါတယ်လေ၊ တစ်ခန်းလုံးပဲ သူယူချင်တယ် ပြောနေ၍ သည်လိုလုပ်ပါလား၊ နေမှာက ခင်လေးငယ်နော် မင်းရဲ့ကိုယ်ရေးရာဇဝင်ကို စာရွက်တစ်ရွက်နဲ့ရေးပေးခဲ့၊ ထင်လေးကိုပေးဖတ်ကြည့်ပြီး သဘောတူမှရမယ်"

တကယ်ပါပဲ. . .

ခင်လေးဘဝမှာ အဆောင်နေလာရတာ ရန်ကုန်မှာ အလုပ်ရကတည်းကပါ။ ခုလိုမျိုး ကိုယ်ရေးရာဇဝင်ကြိုတင်ရတဲ့ အဆောင်မျိုး တစ်ခါမှမတွေ့ဘူး၊ ကိုယ့်မှာနေစရာမရှိလို့သာ သည်လိုကြီးကျယ်နေတဲ့သူနဲ့လည်း မနေချင်တော့သလို ခံစား ရတယ်၊ မာလာကတော့ စိတ်ပျက်နေပုံပါပဲ၊ ခင်လေးငယ်ဆိုပြီး ကိုယ်ရေးရာဇဝင် အကုန်ရေးပေးခဲ့ပါတယ်၊ ထင်မိုးအောင်ကို မတွေ့ဘူးခင်ကပင် ထင်မိုးအောင်ဘေးနားနေရဖို့ သည်လောက် စိတ်ပျက်စရာကောင်းနေလေမှတော့ အတူနေရရင်တောင် ဘာတွေများ စိတ်ရှုပ်စရာဖြစ်လာဦးမှာလဲ။





အန်တီနွဲ့ကို စာရွက်ပေးခဲ့ပြီးတဲ့အခါမှာ မာလာက ပြောပါတယ်။

"အဲဒါသာကြည့် ခင်လေးငယ်. . . ဘယ်လောက် စိတ်ညစ်ဖို့ကောင်းလဲ၊ မာလာတို့အဆောင်နေလာတာ ကိုယ်ရေးရာဇဝင် ပေးရတယ်တစ်ခါမှမရှိဘူး၊ အန်တီနွဲ့ကလည်း ထင်မိုးအောင်ကိုဆို ပိုလွန်းနေသလိုပါပဲလေ. . ."

"ရပါတယ်. . . ခင်လေးကနေချင်နေမှကိုး၊ မနက်ဖြန် ကာမှ လာခဲ့မယ်နော်"

စကတည်းက ယဉ်သကိုဆိုတဲ့အခြေအနေနဲ့ တွေ့နေ ရတာပါလား. . .၊ ဒါပေမယ့် မာလာပြောပုံအရလည်း အဆောင်ခကေ အရင်အဆောင်ထက် ငါးရာတောင် သက်သာ တယ်၊ နေရာက ပိုပြီးသပ်ယပ်ကောင်းမွန်တယ်၊ ခင်လေး အနေစ်သက်ဆုံးက မီးဖိုထဲမှာကိုယ့်စိတ်ကြိုက် ထမင်းဟင်း ချက်စားခွင့်ရတာပါပဲ၊ ခင်လေးလို အမေ့ကိုငွေပို့ပို့ချင်တဲ့သူ အတွက်ကတော့ လခငါးရာသက်သာသလို ချက်စားရရင် အကြိုက်ပါပဲ။

* * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



မာလာ့အခန်းထဲကို ခင်လေးခြေလှမ်းချလိုက်တယ်ဆိုရင်ပဲ မာလာကအံ့ဩစွာ ချက်ခြင်းလှမ်းပြောပါတယ်။

"တကယ်ပဲ ခင်လေး. . . သိပ်ထူးဆန်းတယ်၊ ခင်လေးကို သူ့အခန်းထဲမှာနေဖို့ ထင်မိုးအောင်က ကျေကျေနပ်နပ်သဘောတူလိုက်တယ်တဲ့. . ."

"ဟုတ်လား. . . တော်ပါသေးရဲ့"

ထင်မိုးအောင်နှင့် နောက်တွေ့ဆုံရချိန်မှာ ဘယ်လိုအကြောင်းတွေရှိရှိ. . . လောလောဆည်အဆင်ပြေသွားလို့ ဝမ်းသာရပါတယ်၊ ဒါကြောင့်မို့ အန်တီနဲ့ဆီ တစ်ခေါက်ရောက်ရပြန်တာပေါ့။

"ခင်လေးငယ်မှာ ဘယ်လိုကျေနပ်စရာတွေရှိတယ်မသိပါဘူး၊ ထင်လေးက စာဖတ်ပြီးနေခွင့်ပေးလိုက်ပါလို့ပြောတယ်၊ ဘယ်တော့ပြောင်းလာမလဲ"

"ဖြစ်နိုင်ရင် အခုပဲပြောင်းချင်ပါတယ် အန်တီနဲ့၊ ခင်လေးမှာပစ္စည်းလည်း များများမရှိပါဘူး၊ အခုကားငှားပြီးပြန်လာချင်ပါတယ်။"

"ဒါဆိုလည်းပြောင်းလေ"

ရွှေပိုင်ဦးစာစဉ်



ခွင့်ရတာနှင့် ပစ္စည်းလေးတွေပြန်ယူရတာပေါ့၊ သေတ္တာတစ်လုံး၊ ခြင်းတောင်းတစ်တောင်းလောက်ပဲရှိတာ၊ ပစ္စည်းပြန်ယူပြီးတော့ ပြန်လာခဲ့ပါတယ်။

"အဲသည့်အခန်းပဲ ခင်လေးငယ်. . .၊ မာလာဝင်မလိုက်ချင်ဘူး"

အခန်းတံခါးပိတ်ထားတယ်။

ပစ္စည်းတွေ အခန်းဝချထားပြီးတော့မှာ တံခါးကိုဖွဖွလေးပုတ်ပြီးပြောရတယ်၊ ခင်လေးငယ်ပါ. . .ဝင်ခဲ့ချင်လို့လို့ပေါ့၊ တံခါးပွင့်သွားတယ်၊ တံခါးကိုတွန်းဖွင့်ချိန်မှာ ခင်လေးရင်ထိတ်ခနဲတာ ဝန်ခံပါတယ်လေ။

တံခါးပွင့်သွားပြီး အခန်းထဲကိုမြင်ရပြီ။

ဘုရားရေ. . .

မိန်းကလေးတစ်ယောက်တဲ့. . .

အခန်းတစ်ဝက်လုံးဟာ ရှုပ်ပွနေတာပါလား၊ တစ်ခုပဲရှင်းနေပြီး ကျန်တာတွေရှုပ်ပွနေတာပဲ၊ ကုတင်ပေါ်မှာအိပ်နေပြီး စာအုပ်တစ်အုပ်ဖတ်နေတယ်။

သူဟာ ထင်မိုးအောင်ပဲဖြစ်မှာပါ။

"ဝင်ပြီးရင် အခန်းတံခါးပြန်ပိတ်ထားမှပေါ့"

ရွှေပိုင်ဦးစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



လေသံကတော့ မာနေတာပါပဲ၊ သေတ္တာကို အမြန်ဆုံး အထဲသွင်းပြီးတော့ တံခါးပိတ်လိုက်ရတယ်၊ ကုတင်ပေါ်က ဖုန်တွေ လှဲချင်တယ်၊ လှဲလိုက်ရင် သူ့ဖက်ဖုန်အမှုန်တွေ ရောက်တယ်လို့များ ပြောလေဦးမလား။

"ခင်လေး. . . ဖုန်တွေလှဲချင်လို့ ရမလားဟင်"

"ရတယ်. . . မင်းအတွက် အခန်းတစ်ခြမ်းပဲလှည်းပါ၊ တို့ဖက်မလှည်းနဲ့"

ဘယ်လိုလဲ. . .

ခင်လေးစိတ်က ရှုပ်ပွနေရင်မကြိုက်ဘူးလေ၊ သပ်ယပ်သန့်ရှင်းသန့်ပြန့်နေတာပဲကြိုက်တယ်၊ ခင်လေးစိတ်မှာ တစ်ခန်းလုံးကို ရှင်းပေးချင်စိတ်က ရှိနေပါတယ်၊ ရှင်းပေးမလို့ပါ၊ အခုပြောပုံကြည့်ပါဦး၊ အခန်းတစ်ခြမ်းပဲလှည်း၊ သူ့ဖက်မလှည်းနဲ့၊ ခုမှရောက်တာ သူနဲ့လည်း ပြောမနေချင်လို့ အခန်းတခြမ်းပဲလှည်းဆို လှည်းယုံပေါ့။

ဟောတော့. . .

ဘာလုပ်တာလဲ. . .

ချက်ခြင်းပဲအိပ်ရာကထပြီး အခန်းတစ်ဝက်တိတိကို မြေဖြူခဲနှင့်တားတော့တာပါပဲ။





"မင်းဖက်ကို မင်းကြိုက်သလိုနေလို့ရတယ်၊ တို့ဖက်ကိုတော့ ဘာမှလာမပတ်သက်နဲ့"

ရတယ်လေ. . .။

သိပ်ရတာပေါ့. . .။

မပတ်သက်နဲ့ဆို မပတ်သက်ယုံပဲပေါ့၊ မြေဖြူခဲနဲ့ တဝက်တိတိတားထားတာကို ခင်လေးဖြင့် ရယ်တောင်ရယ်ချင်တယ်။

ဒါကြောင့်လည်း တော်ယုံလူဟာ ထင်မိုးအောင်နဲ့ မနေချင်တာနေမှာ၊ ခင်လေးပိုင်ဆိုင်သည့်ဖက်ခြမ်းကို ကောင်းကောင်းတံမြက်စည်းလှည်းတယ်၊ ပြီးတော့ ကြမ်းတိုက်လိုက်တယ်၊ အိပ်ယာကုတင်ပေါ်မှာ ဖျာခင်းလိုက်တယ်၊ ခင်လေးပိုင်ဆိုင်တဲ့စောင်၊ ခြင်ထောင်၊ ခေါင်းအုံးစွပ်လေးတွေဟာ တရုတ်ပိတ်လိုခပ်ပေါပေါပိတ်စလေးတွေနဲ့ချည်း ချုပ်ထားပေမယ့် ဟောင်းသာဟောင်းနေရမယ်၊ ဖြူဖွေးနေစေရမယ်လေ။

စားပွဲလေးမှာလည်း ပလပ်စတစ်စားပွဲခင်းလေးခင်းလိုက်တယ်။

ခင်လေးနေတဲ့ နေရာလေးတွေဟာ အမြဲသန့်ရှင်းသပ်ယပ်နေတာကိုပဲ ကြိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးနေရမယ့်နေရာဟာ ပြင်ဆင်ပြီးပြီဆိုမှ အိပ်ယာပေါ် ခွေခွေလေးလှဲနေမိတယ်။

မျက်ဝန်းရှေ့တည့်တည့်မှာ ထင်မိုးအောင် ရှိနေပါရောလား။

တဖတ်နေရင်း နေကြာစေ့တွေ တထောက်ထောက် ခွာစားနေတယ်၊ နေကြာစေ့ခွံတွေကို စာကြည့်စားပွဲပေါ်မှာ ပွထားသေးတယ်။

ထင်မိုးအောင်အိပ်နေတဲ့ မွေ့ယာကြီးကိုက ကောင်းမှဆိုတဲ့အထဲကပါလား၊ သူ့ပစ္စည်းတွေ၊ စောင်၊ ခြင်ထောင် တွေက အစ အကောင်းတွေပါ။ ထင်မိုးအောင်ဟာ ချမ်းသာမယ်လို့ မပြောဘဲသိရပါပဲ၊ ကုတင်ခြေရင်းမှာ မှန်တင်ခုံတစ်ခု ရှိပါတယ်၊ ရေမွှေးပုလင်းတွေ၊ နှုတ်ခမ်းနီ၊ လက်သည်းနီပုလင်း တွေလည်း အများကြီးပါပဲ၊ ဒါပေမယ့် အကုန်ပွရှုပ်နေတာ ပါလား။

"မင်းအဖေ နောက်အိမ်ထောင်ပြုလိုက်တော့. . . မင်းအမေစိတ်ဓါတ် ဘယ်လိုရှိသလဲ"

"ဟင်. . ."





ရုတ်တရက်ထင်မိုးအောင်ဆီကထွက်လာတဲ့ စကားသံ၊ စကားက အဆက်အစပ်မရှိ မေးလိုက်တာဆိုတော့ ရုတ်တရက် ခင်လေးကိုမေးတယ်မထင်မိ။

"မဖြေချင်လည်း ရတယ်"

"ခင်လေးကို မေးနေတာလား. . ."

"တစ်ခန်းလုံး မင်းနဲ့တို့နှစ်ယောက်တည်းရှိတာ၊ မင်းကို မမေးလို့ ဘယ်သူ့ကိုမေးရမလဲ"

အဲလိုပြောတော့မှာ သူ ခုနကမေးတဲ့မေးခွန်းကို ပြန်စဉ်းစားရတယ်။

"မင်းအဖေ နောက်အိမ်ထောင်ပြုလိုက်တော့. . . မင်းအမေ စိတ်ဓါတ်ဘယ်လိုရှိသလဲ" တဲ့။

ဒါပေ့ါလေ. . .။

မနေ့က ကိုယ်ရေးရာဇဝင်တောင်းလို့ ခင်လေး စိတ်ပေါက်ပေါက်နှင့် အဖေနောက်အိမ်ထောင်ပြုထား၊ အမေ့ကို လုပ်ကျွေးနေလို့ ထည့်ပစ်ခဲ့တယ်လေ၊ ဒါကြောင့် သူမေးတာ နေမှာပါ။

"အမေလား. . ခင်လေးအမေက မာနအရမ်းကြီးတာ၊ အဖေက ငါ့ဖက်က မယားဝတ္တရားအကုန်ကျေတယ်၊ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ တစ်ခုမှမရှိဘဲ ဖောက်ပြန်တာ၊ ငါကောင်းပါလျှက် ဖောက်ပြန်တဲ့ယောကျ်ား သွားဆိုပြီး တစ်ယောက်တည်း ခင်လေးကို ရှာဖွေကျွေးခဲ့တာ၊ ခင်လေးသူငယ်တန်းမှာ အဖေ နောက်အိမ်ထောင်ပြုတယ်"

"သူငယ်တန်း. . ."

"ဟုတ်တယ်"

စကားပြောနေရာကနေ ချက်ခြင်းအိပ်ယာပေါ်က လူးလဲထပြီး အခန်းပြင်ကိုထွက်သွားပြန်ပါပြီ၊ တံခါးကို ခပ်ကြမ်းကြမ်း ပိတ်ထားခဲ့တာ။

ထင်မိုးအောင်. . .

သူ့စိတ်မှာရှိရင်ရှိသလို နေတတ်တယ်ဆိုတာကတော့ ယုံကြည်စရာပါပဲ။

* * * * * * * * * *

မျက်ဝန်းတွေဖွင့်ကြည့်မိတယ်။

ခြင်ထောင်အမိုးဖြူဖြူကိုတွေ့ရပြီ၊ ရုတ်တရက်တော့ ဟိုအရင်နေရာမှာနေနေသလိုနဲ့ တဖက်အလှည့်မှာ ခြင်ထောင် ပြင်ကို ထွက်ကြည့်မိရတယ်။





ထင်မိုးအောင် အိပ်နေတာပါလား. . .။

ခြင်ထောင်လည်းမချဘူး။

လက်တဖက်ကလည်း ကုတင်ပေါ်ကကျနေတယ်၊ အမှတ်တမဲ့မို့ ခြင်ထောင်ချပေးချင်စိတ် ခင်လေးရင်မှာ ဖြစ်ခဲ့တယ်၊ ဒါပေမယ့် မြေဖြူကြောင်းထင်ထင်ရှားရှားက ခင်လေးကို မသွားနဲ့လို့ပြောနေသလိုပါပဲ၊ နာရီကိုလှမ်းကြည့်စရာမလိုပါ။

ခင်လေးမျက်ဝန်းတွေက အကျင့်ပါနေပြီ၊ လေးနာရီခွဲပဲ ဖြစ်ရမယ်၊ ရေချိုးမျက်နှာသစ်ချိန်၊ ရေချိုးချိန်နာရီဝက် ရှိတယ်လေ၊ မျက်နှာသွားသစ်ပြီး ပြန်လာခဲ့တယ်၊ အလှပြင် ပြီးတော့. . . သောက်တော်ရေခွက်လေးလဲတယ်၊ ဘုရား ပန်းအိုးလေးရေလဲပြီး ပန်းကပ်ထားတဲ့ ဂန္ဓမာပွင့်ဝါဝါလေးက လန်းဆန်းလှပနေတာပါပဲ။

ဘုရားရှိခိုးနေကြအချိန်ပဲ. . .။

ဘုရားရှစ်ခိုး၊ စိတ်ပုတီးစိပ်ရမယ်၊ သည်သို့သော အချိန်တိုင်း ဟိုးအရင်က အမေနှင့်ဘုရားရှစ်ခိုးရတယ်၊ အနားမှာ အမေရှိနေသလို ခံစားရတာပေါ့။

ဘုရားရှိခိုး စိတ်ပုတီးစိပ်၊ မေတ္တာပို့အမျှဝေပြီးခဲ့ရင် လည်း နာရီကြည့်စရာမလို၊ ငါးနာရီခွဲပြီးပြီ ရှိဦးမှာပါ၊



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေ ဖွင့်ပြီးလို့ကုတင်ပေါ် ခြေထောက်ချ ထိုင်လိုက်တဲ့ အချိန်. . .။

အမလေး. . .

လန့်လိုက်တာ။

မျက်လုံးတွေက ခင်လေးကိုစိုက်ကြည့်နေတာကိုး၊ အိပ်နေတာကတော့ ခုနကပုံစံအတိုင်း၊ လက်တဖက်က ပြုတ်ကျ နေတာ သည်အတိုင်းပါပဲ၊ ဒါပေမယ့်. . . မျက်လုံးတွေက မျက်တောင်မခတ်ပဲခင်လေးကိုကြည့်နေတယ်။

"နိုးပြီလား ထင်မိုးအောင်. . ."

နှုတ်ဆက်လိုက်တယ်။

ဘာမှပြန်မပြောပါဘူး။

သည်လောက်တော့ရှိမှာပေါ့လို့ စိတ်မှာတွေးလိုက်ပါတယ်။ ကော်ဖီခွက်ထဲမှာ ကော်ဖီမစ်စ်တစ်ထုပ်ကိုထည့်ပြီး ဓါတ်ဗူးထဲက ရေနွေးနှင့်ဖျော်လိုက်တယ်။

ဘီစကစ်တစ်ချပ်နှစ်ချပ်နှင့် ကော်ဖီတစ်ခွက်ရှိရင် အလုပ်မသွားခင် မနက်စာပြီးတာပါပဲ။

ညနေမှာ သီရိကိုသင်ရမယ့် သချာ်တွေကို လေ့လာရ ဦးမယ်၊ ပြီးတော့ သီရိလွှစ်တွက်ထားတဲ့ သချာ်တွေ စစ်ပေးရ ဦးမယ်၊ ဒါကြောင့် စာကြည့်စားပွဲမှာထိုင်လိုက်တယ်၊ ခင်လေး အတွက်တော့ အလုပ်ထဲမှသူငယ်ချင်း ကိုမော်နှင့်ဝင်းခိုင်ကို ကျေးဇူးတင်ရမှာပါ။ သူတို့က ခင်လေးအပိုဝင်ငွေရအောင် သူတို့အသိ ကလေးတွေသချာ်သင်ချင်ရင် ခင်လေးကိုပဲ ခေါ်ပေးကြပါတယ်၊ ဘာသာရပ်တွေထဲမှာလည်း သချာ်ကိုပဲ ခင်လေးဝါသနာပါတာကိုး. . .။





နာရီမှာ ခြောက်နာရီထိုးကြောင်း အသံကျယ်ကျယ်နှင့် မြည်လို့ ထင်မိုးအောင်ရှိရာကြည့်မိတယ်။

နေလည်းနေနိုင်ပါရဲ့။

ခုနအတိုင်း မလှုပ်မယှက်. . .

မျက်ဝန်းတွေကတော့ ပြန်မှိတ်ထားပါတယ်။

သည်ကောင်မလေးက မနက်ကို ဘယ်နှစ်နာရီမှ အိပ်ယာထသည်မသိ၊ ခင်လေးကတော့ သည်နေ့မနက် ကျူရှင် ပြစရာ မရှိလို့သာ ခုလောက်အေးအေးနေတာ၊ မနက်ပါ ကျူရှင် ပြရတဲ့အခါဆိုရင် ဟင်းတောင်မချက်နိုင်တော့ပဲ ထမင်းပဲယူသွား ရအောင် မနည်းအချိန်လုရတယ်။

စာအုပ်တွေစစ်ပြီးတော့ နာရီကြည့်မိတယ်၊ ခြောက်နာရီ ထိုးဆယ့်ငါး၊ တခြားလူတွေ မီးဖိုထဲ ထမင်းဟင်း ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ချက်လဲ လေ့လာဦးမည်၊ အရင်အဆောင်မှာက ထမင်းဟင်း ချက်စားလို့မရတော့ ခင်လေးမှာဘာပစ္စည်းမှမရှိသေး၊ ထမင်းချက်တဲ့ ထမင်းချက်ပေါင်းအိုးလေးတောင်မှ မီးတာဖိုးပေးချက်ရတာ၊ အခုလည်း ထမင်းလေးချက်ခွင့်ရရင် ဖြစ်ပါတယ်။

"မခင်လေးငယ်. . . နိုးပြီလား"

"ဝေဝေ. . ."

"သည်မှာက ထမင်းဟင်းချက်စားတဲ့လူ တစ်ဝက်လောက်ပဲရှိတာ၊ တစ်ချို့က အန်တီနွဲ့တို့အိမ်မှာ ထမင်းချိုင့်ပေးစားတယ်"

"ဟုတ်လား. . . အန်တီနွဲ့က ထမင်းချိုင့်ပေးလား။ ခင်လေးကတော့ ထမင်းကို Rice Cooker နဲ့ချက်ခွင့်ရရင် တော်ပါပြီ၊ ထမင်းရှိရင် ဟင်းက ဘာပဲရှိရှိရတယ်လေ. . ."

"ထင်မိုးအောင်နဲ့ရော အဆင်ပြေလား. . ."

"သည်လိုပါပဲ၊ ပုံမှန်နေရမှာပေါ့"

ထမင်းချက်လိုက်တယ်။

ညစာအတွက်ပါ တစ်ခါတည်းချက်တယ်လေ၊ ညကြရင် ကျူရှင်ပြတာနဲ့ မိုးချုပ်မှပြန်ရောက်မှာမဟုတ်လား။ မနက်ကချက်ခဲ့တဲ့ ထမင်းအေးအေးကိုပဲစားနေကြပါ။ မီးဖိုကလည်း ကျယ်သင့်သလောက်ကျယ်ပါတယ်။





ထမင်းစားစားပွဲနှစ်လုံးရှိတယ်၊ ဟင်းချက်တဲ့မီးဖိုတွေက ဂတ်စ်မီးဖိုလည်းရှိ၊ လျှပ်စစ်မီးဖိုတွေလည်းရှိ၊ ပြီးတော့. . . မီးသွေးမီးဖိုလည်းရှိတယ်။

"ဟိုနံရံအခြမ်း မီးဖိုသုံးခုကို တစ်ခုမှသွားမထိနဲ့နော် ခင်လေးငယ်. . .၊ အဲဒါ ထင်မိုးအောင်ကိုယ်ပိုင်ဝယ်ထားတာ၊ ထမင်းစားပွဲကလည်း အဲသည့်ဖော်မိုက်ကာအစိမ်းနဲ့စားပွဲက ထင်မိုးအောင်စားပွဲ၊ သွားမထိုင်မိစေနဲ့"

ထင်မိုးအောင်က သည်အဆောင်မှာ အထူးဧည့်သည်တော် လိုပါလား။

"ရေချိုးခန်းနှစ်ခန်း၊ အိမ်သာနှစ်လုံးမှာလည်း သော့ခတ်ထားတာတွေက ထင်မိုးအောင်တစ်ယောက်ပဲသုံးတာ၊ ကျန်တဲ့ ဆယ့်ငါးယောက်ကတော့ လုနေရတာပါပဲ"

တော်ပါသေးရဲ့၊ ခင်လေးက မနက်လေးနာရီခွဲဆို နိုးလေ့ရှိလို့ သည်နေ့ရေချိုးခန်းမလုရတာပါလား။ ညဆိုလည်း တော်တော်မိုးချုပ်မှ ရေချိုးတာကောင်းပါလိမ့်မည်။

"ပဲပြုတ်သည်ခေါ်ဝယ်ရင်ရလား ဝေဝေ"

"လမ်းထိပ်မှာ စားစရာမုန့်အစုံ ရတယ်လေ၊ ခင်လေးငယ်ရဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံပဲပြုတ်ဆီဆမ်း၊ ကြက်သွန်နီလေးနဲ့ သုတ်ပြီး ဟင်းအဖြစ်ထည့်သွားရတာမို့ ပဲပြုတ်ဘယ်မှာ ရနိုင်လဲ ကို အမိကမေးရတယ်။

"ထင်မိုးအောင်ဟင်းချက်တဲ့အချိန်ရောက်ရင် ညှော်တဲ့ အခါညှော်၊ မွှေးတဲ့အခါမွှေး၊ သိပ်စားချင်စရာ ကောင်းတာပါပဲ"

"ထင်မိုးအောင်က အလုပ်မလုပ်ဘူးလား. . ."

"သူက သိပ်ချမ်းသာတယ်လို့ အန်တီနွဲ့ပြောတာပဲ ဘာမှအလုပ်မလုပ်ဘူး၊ တစ်နေ့တစ်နေ့ စားလိုက်အိပ်လိုက်နဲ့ ပါပဲ၊ ဟင်းတွေလည်း အမျိုးမျိုးချက်စားနေတာ၊ ဟင်းချက် ကတော့ တကယ်ကောင်းပဲ"

လူအမျိုးမျိုး၊ ဘဝတွေလည်းအမျိုးမျိုးဆိုတာ ခင်လေး သိပါတယ်၊ အခုဆို သည်အဆောင်ရောက်လာပြန်တော့ လူအမျိုးမျိုးတွေရဲ့ ဘဝတွေကိုလည်း တွေ့ရသိရမှာပါပဲလေ။

* * * * * * * * * *

"ထင်မိုးအောင်တဲ့လား၊ ကိုမော်. . . သည်လိုပုံစံ လေးဆို မင်းထိုင်စားလို့ရတယ်"





ကိုမော်နှင့်ဝင်းခိုင်ကို ထင်မိုးအောင်အကြောင်း ပြောပြ မိတယ်၊ ခင်လေးအလုပ်ဆင်းဖို့ထွက်လာတဲ့အချိန်ထိ ထင်မိုးအောင်က အိပ်ယာထဲမှာမလှုပ်မယှက်ဝါပဲ၊ အိပ်လို့ ပျော်ရဲ့လား. . မပျော်ရဲ့လားမသိ၊ သည်အချိန်ထိ အိပ်ယာထဲမှာ ခင်လေးဖြင့် မနေတတ်ပါဘူး။

"ကျေးဇူးတင်ပါတယ် ဝင်းခိုင်၊ ခင်လေးပြောပုံအရဆို တံမျက်စည်းတောင်လှဲတဲ့ပုံမရှိဘူး၊ အလုပ်လည်းမလုပ်ဘဲနဲ့ အပျင်းထူနေတဲ့ပုံစံပါ၊ ငါက မိန်းမမပီသရင် မကြိုက်ဘူး"

"ရုပ်ကရော ဘယ်လိုနေလဲ၊ လှသလားခင်လေး"

"ချစ်တော့ချစ်စရာလေးပါ၊ ဒါပေမယ့်. . . ရုပ်က ဂျစ်ကန်ကန်ရုပ်မျိုးလေး၊ အရာရာကိုအလိုမကျသလို မျက်မှောင် ကြုံ့ထားပြီးကြည့်တတ်တယ်၊ ကြည့်ရတာ ဘယ်သူ့ကိုမှ အကောင်းမြင်မယ့်ပုံမရှိဘူး။"

"ဒါဆိုရင် ချစ်ချင်စရာလေးပါလား"

ကိုမော့်အပြောကြောင့် ခင်လေးနဲ့ဝင်းခိုင် ရယ်ရ သေးတယ်။

"ခင်လေးကတော့လေ သည်အဆောင်က နေရာလည်း ကောင်းတယ်၊ ထမင်းချက်စားလို့လည်းရတယ်၊ ငွေငါးရာလည်း



www.burmeseclassic.com

www.burmeseclassic.com



သက်သာတယ်၊ ထင်မိုးအောင်ကိုတော့ သည်းခံနေရမှာပေါ့ ဝင်းခိုင်ရယ်၊ သည်လောက်လည်း ဆိုးပုံမရပါဘူး၊ မရောဘူး ဆိုရင် ပြဿနာကြီးကြီးမားမားမတက်ပါဘူး"

"အလိုက်အထိုက်ကြည့်နေပေ့ါဟာ၊ စိတ်ကောင်းတယ် မဟုတ်လား၊ ယဉ်ယဉ်လေးနဲ့စိတ်မနှံ့တာမျိုးမဟုတ်ရင် မကြောက်ရပါဘူး"

"နင်ကလည်း ငါကြောက်အောင်မပြောနဲ့"

ထင်မိုးအောင်က စိတ်မနှံ့တဲ့ပုံတော့မရှိပါဘူး၊ ဒါပေမယ့်. . . သူ့ဆီမှာဘယ်လိုစိတ်ဓါတ်မျိုးတွေရှိတယ် ဆိုတာတော့ ရုပ်ခြည်းမသိနိုင်ဘူးပေ့ါလေ။

"ထင်မိုးအောင်အကြောင်း ခဏထားပါဦး၊ ခင်လေး. . ခြောက်တန်းကလေးတစ်ယောက် စာသင်ဖို့ရထားတယ်၊ နင်. . သင်နိုင်ဦးမလား"

"သင်ချင်တာပေ့ါကိုမော်ရယ်၊ အချိန်တွေပြန်ညှိရမယ်၊ ရှာနိုင်သမျှရှာမှ အမေ့ဆီများများပို့နိုင်မယ်"

"အမေဆီပို့တာတော့ ကောင်းပါတယ်၊ ဒါပေမယ့် နင့်ကျန်းမာရေးလည်းဂရုစိုက်ဦး၊ နင်လဲသွားရင်အမေက ဆွေ့နိုင်ဘူး"





"အေးပါဟယ်. . ."

တကယ်ဆို ကိုမော်တို့ ဝင်းခိုင်တို့ဆိုတာ အလုပ်ထဲ ရောက်မှ ခင်မင်ရတာပါ။ ဒါပေမယ့် ငယ်ပေါင်းကြီးဖော်တွေလို တစ်ယောက်မိသားစုဘဝလေးတွေ တစ်ယောက်ကစာနာပေး ပါတယ်၊ ကိုမော်ဆို အဖေလည်းမရှိ အမေလည်းမရှိ မောင်နှမ မရှိ တစ်ယောက်ထည်း ဘကြီးနဲ့နေတယ်လေ၊ ဝင်းခိုင်ကတော့ အဖေ၊ အမေ၊ အစ်ကို၊ ညီမနဲ့ မိသားစုဘဝလေးရှိပါတယ်၊ ဝင်းခိုင်အဖေက ချမ်းသာတော့ ဝင်းခိုင်ပဲ ခင်လေးတို့သူငယ်ချင်း သုံးယောက်မှာ ဒုက္ခနည်းတာပေ့ါလေ။

"ခင်လေး. . ငါ့ဆွဲကြိုးတော့ အန်တီစိန့် စလင်းဘတ်ထဲ ဝါသွားပြန်ပြီ"

ဒါဆိုရင် သဘောပေါက်ပါတယ်။

ကိုမော့်ဆွဲကြိုးကို အန်တီစိန့်ဆီပေါင်လိုက်ရပြန်ပါပြီ၊ ကိုမော့်ဆွဲကြိုးလေးကလည်း သနားစရာပါ၊ အန်တီစိန့်အိမ်ကို အခေါက်ခေါက်သွားလိုက် ပြန်လိုက်နဲ့ နေရရှာတာ။

"ဘကြီးနေမကောင်းဘူးလား"

"အေးဟာ. . . ဘကြီးနှလုံးရောဂါ ပြန်ထနေပြန်ပြီ၊ ဘကြီးနေမကောင်းတာကလည်း ခဏခဏလေ၊ ငါလည်း ဘေးလူရှင်ဆိုတော့ ဆေးကုပေးရမှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

"နင်ကမှ တစ်ဦးတည်းသောဆွေမျိုး ဘကြီးနဲ့အတူ နေခွင့်ရသေးတယ်၊ ငါကဖြင့် အမေနဲ့အတူနေခွင့်မရဘူး"

ပြောရင်းဆိုရင်း အမေ့ကိုလွမ်းလိုက်တာ၊ အမေက အဖေနဲ့ပါတ်သက်လို့သာ အသည်းမာတာပါ၊ ခင်လေးနှင့် ပတ်သက်ရင် အသည်းကပျော့ပါတယ်၊ နူးညံ့လွန်းလို့တောင် ခက်နေတယ်၊ ခင်လေးဆီကနေ တစ်ပါတ်တစ်ခါ စာမလာရင် အမေငိုနေတတ်၊ မျှော်နေတတ်ပါတယ်။

"နင့်အမေကိုပါ ရန်ကုန်ခေါ်ထားလို့မဖြစ်ဘူးလား၊ အိမ်ကလေးတစ်ခြမ်းလောက်ဖြစ်ဖြစ် ငှားနေပါလား"

"အမေက အဲလိုတော့လည်း ခေါ်မရပါဘူး၊ သူ့ရဲ့ရပ်ရွာဇာတိ၊ ရပ်ဆွေရပ်မျိုးတွေကို မခွဲနိုင်ဘူးတဲ့"

"လူကြီးတွေဆီမှာ အဲလိုမျိုးခံစားမှုလေးတွေ ရှိတတ်ကြတယ်၊ ချေကြည်ရာမြက်နုရာဆိုတဲ့ ခံစားမှုမျိုး မထားတတ်ကြဘူးနော်"

"ဒါတော့ကွာ. . . သံယောဇဉ်ကြီးကြတာပေါ့"

"စကားကောင်းနေလို့မဖြစ်ဘူး သွားမယ်၊ ခုချိန်ဆို သီရိမျှော်နေလိမ့်မယ်"





အလုပ်အဆင်းမှာ သီရိလွင်ဆီစာပြဖို့သွားရမှာ၊ အချိန်နည်းနည်းလိုနေလို့ ကိုမော်တို့နှင့် လက်ဖက်ရည်ထိုင်သောက်နေမိတာပါ၊ ဒါကလည်း သီရိလွင်အိမ်က လမ်းသုံးဆယ်မှာတင်ရှိတာမို့ အချိန်ရတာပါ၊ ဝါဝါမော်ဆီစာသွားသင်ရမည့်နေ့ဆို စမ်းချောင်းထိ သွားရတာဆိုတော့ အလုပ်ဆင်းရင် ချက်ခြင်းသွားရတော့တာလေ။

"စာသင်ပြီး အဆောင်ပြန်ရင်လည်း သတိထားဦး၊ မှောင်နေပြီ"

ဝင်းခိုင်ရဲ့ပူပန်မှုစကားလေး. . .

ကိုမော်ရဲ့အပြုံး. . .

"ဪအေးပါ"လို့ ဖြေလိုက်တယ်၊ ဒါပေမယ့် ခင်လေးသိပါတယ်၊ ပူပန်မှုတွေရှိနေမယ်ဆိုရင် အဲသည့်လူကို ဘယ်လိုနှောင်ကြိုးတွေ တုပ်နှောင်နေပြီဆိုတာပေါ့။

* * * * * * * * * *

အလုပ်ဆင်းတယ်ဆိုတာ လေးနာရီခွဲပဲ။

အခု ခြောက်နာရီထိုးပြီ၊ ကျွန်မတောင်မှ အမင်းစားဖို့


www.burmeseclassic.com

www.burmeseclassic.com



ပြင်နေပြီ၊ ဟိုအမျိုးသမီးပြန်မလာသေးပါလား၊ ဘယ်သွားနေသလဲ၊ လျှောက်သွားနေတာလား။ ဒါမှမဟုတ် အလုပ်ကအချိန်ပိုဆင်းရသလား။

ဘာလို့များ အဲသည့်အမျိုးသမီးဆီ သတိတရဖြစ်နေရသလဲ။

"ထင်ထင်. . . ထမင်းစားမလို့လား"

"ဟုတ်တယ် အန်တီနွဲ့၊ ပုစွန်ကို အချဉ်ချက်ထားတယ်၊ စားမလား၊ တပန်းကန်ယူသွားလေ"

"ထင်ထင်ချက်ရင်ကတော့ ကောင်းမှာပါပဲ၊ အန်တီနွဲ့သည်မှာလာစားမယ်"

"ဟင့်အင်း. . . လာမစားနဲ့၊ ကျွန်မတစ်ယောက်ထဲပဲစားချင်တာ၊ ဟင်းယူသွား"

ထမင်းစားရင် တခြားလူနဲ့မစားချင်ပါဘူး။

တိတ်တိတ်ဆိပ်ဆိပ်ပဲကြိုက်တယ်။

ထမင်းစားရင်း စကားများတဲ့လူတွေကို ကျွန်မသိပ်မုန်းတာပါပဲ။

ဒေါ်ရိုစီရွှေဆိုရင် ထမင်းဝိုင်းမှာ သိပ်စကားများတယ်၊ အင်မတန်အမြင်ကပ်စရာကောင်းပါတယ်၊ ပုစွန်ဟင်း





တစ်ပန်းကန် ခပ်ပေးလိုက်တယ်လေ၊ ကျွန်မက ဟင်းဆိုအများကြီးချက်တဲ့သူပဲ၊ တစ်ပန်းကန်လောက်ပေးရလို့ ဘာမှမဖြစ်ဘူး။

"ထင်မိုးအောင် ဘာဟင်းချက်လဲ"

အစွန်ဆုံးအခန်းက မိုးမိုးဦး. . .။

"ပုစွန်"

"အားပါ. . . ပုစွန်ထုပ်ပါလား၊ စားချင်စရာကြီးတွေ၊ မိုးကိုတစ်ထုပ်ကျွေး. . ."

"ယူလေ. . . မြန်မြန်ယူသွား၊ ကျွန်မထမင်းစားနေတုန်း စကားလာမပြောနဲ့၊ ကျွန်မမကြိုက်ဘူး"

ထမင်းစားတော့မယ်ဆိုမှ. . .

မိုးမိုးဦးကို ပုစွန်တစ်ထုပ်ထည့်ပေးလိုက်ပြီး ထမင်းစားနေလိုက်တယ်၊ ထမင်းစားပြီးလို့ ပန်းကန်တွေဆေးပြီး အခန်းဆီပြန်လာခဲ့တယ်၊ ခင်လေးငယ်မရောက်သေးပါလား၊ ဘယ်တွေလျှောက်သွားနေပါလိမ့်၊ ဩော်. . . ဘာဆိုင်လို့လဲ။

ကုတင်ပေါ်မှာထိုင်ရင်း ငှက်ပျောသီးတစ်လုံး စားနေမိတယ်၊ ခင်လေးငယ်ဖက်မှာ သပ်ယပ်သန့်ရှင်းနေတာတွေမြင်ရတယ်၊ သည်အမျိုးသမီးက အေးချမ်းငြိမ်သက်ပုံတော့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမိကက. . .

အဖေနောက်အိမ်ထောင်ပြု. . .

အမေကိုလုပ်ကျွေး. . . ဆိုတဲ့ ခင်လေးငယ်ရဲ့ လက်ရေးတွေဟာ ကျွန်မကိုဆွဲဆောင်လွန်းနေလို့လည်း အခန်းမှာနေပါရစေဆိုတာ လက်ခံခဲ့တာ၊ ထမင်းစားပြီးတော့ ဗိုက်အရမ်းအင့်နေတယ်၊ ပုစွန်ဟင်းဆို ကျွန်မကြိုက်တာကိုး၊ ကျွန်မကြိုက်သလို ဒက်ဒီလည်း. . . သွားစမ်းပါ၊ ဘာတွေ တွေးမိပါလိမ့်။

တံခါးတွန်းပွင့်သံနှင့်အတူ ခင်လေးငယ်ဝင်လာတာ တွေ့ရပြီး နာရီကိုလှမ်းကြည့်မိတယ်၊ ခုနှစ်နာရီတောင် ထိုးနေပါ ရောလား။

"နောက်ကျလိုက်တာ"

လွှတ်ခနဲမေးမိတယ်။

ကျွန်မကို ခင်လေးငယ်ကပြုံးပြပြီးတော့မှ. . .

"အလုပ်ဆင်းရင် ကျူရှင်ပြတဲ့အလုပ်တွေရှိတယ် ထင်မိုးအောင်ရဲ့. . .၊ အလုပ်ကရတဲ့ဝင်ငွေက ခင်လေး လောက်အောင်သုံးရတာ၊ အဆောင်ခ၊ ထမင်းစရိတ်၊ အထွေထွေသုံးတောင် မနည်းချွေတာရတာ၊ ကျူရှင်ပြတဲ့ငွေတွေ



ကို အမေ့ဆီပို့ရတာ၊ ဒါကြောင့် အလုပ်ဆင်းလည်းမအားဘူး၊ ဗုဒ္ဓဟူးနဲ့သောကြာဆို မနက်ခုနှစ်နာရီကစပြရတဲ့ကလေး နှစ်ယောက်ရှိသေးတယ်၊ စနေ၊ တနင်္ဂနွေလည်း တစ်နေ ကုန်ရော၊ များများကျူရှင်ပြနိုင်ရင် အမေ့ဆီငွေများများ ပို့နိုင်တာ"

ငွေအတွက် အချိန်တွေ၊ လူတွေ အပင်ပန်းခံ ရှာနေရတဲ့ လူတွေကိုမြင်ရင် ကျွန်မအံ့ဩသလိုခံစားနေရတာ၊ ကြာတော့ လည်း နည်းနည်းတော့ရိုးလာပါပြီ၊ အဆောင်မှာလာနေ တာလည်း တစ်နှစ်ခွဲလောက်ရှိသွားပြီကိုး. . .။

"အဲဒါဘာလဲ"

သူမလက်ထဲကအထုပ်ကလေးကို စပ်စုမိပြန်တယ်။

"ဘယာကြော်သုပ်ဝယ်လာတာ၊ မနက်ကထမင်းချက် ထားခဲ့ပြီလေ၊ မင်း. . . ထမင်းစားပြီးပြီလား"

"ပြီးပြီ"

ရေခဲသေတ္တာထဲမှာ ပုစွန်ထုပ်ဟင်းရှိသေးတယ်။

နှစ်ကောင်ဆိုရင် ခင်လေးငယ်စားလို့ရနိုင်တာပေါ့၊ ဒါပေမယ့် မပြောတော့ပါဘူးလေ၊ သူကြိုက်ချင်မှကြိုက်မှာ၊ ငါ့အိရင်က ပြောချင်ရာပြောတာပဲ၊ အခုပြောလိုက်ပေါ့။

www.burmeseclassic.com



"ထင်မိုးအောင် . . . ဘယာကြော်သုပ်စားပါလား၊ ခင်လေး ပို့ဝယ်လာခဲ့တယ်"

"ဗိုက်အင့်နေပြီ၊ ကျွန်မ ပုစွန်ထုပ်ဟင်းချက်စားတယ်"

"ဪ. . ."

ဗိုက်အင့်လွန်းနေတာမို့ အခန်းပြင်ထွက်လာခဲ့တယ်၊ လမ်းထိပ်မှာ ညကျရင်စားဖို့ အာလူးကြော်တထုပ်လောက် သွားဝယ်ရင်း လမ်းလျှောက်ဦးမယ်လို့ ရည်ရွယ်တာပေါ့၊ လျှောက်လာရင်း ကားလာလို့ဘေးဖက်လျှောက်ပါတယ်၊ ပခုန်းစွန်းကိုဝင်တိုက်လိုက်တာ လူတောင်လည်ထွက်သွားမတတ်ပါပဲ။

"ဘယ်လိုဖြစ်နေတယ်မသိဘူး"

တိုက်မိသွားတာ "ဆောရီး"လေးလောက်ပြောဖော်ရရင် မဆိုး၊ အခုတော့လှည့်တောင်မကြည့်။

သည်ရုပ်များ ခွေးချီသွားတောင်မှတ်မိတယ်၊ လမ်းထဲမှာပဲ နေတာဖြစ်မယ်၊ ကျွန်မဈေးသွားရင် ခဏခဏတွေ့ဖူးတာကိုး၊ နေနှင့်ဦးပေါ့၊ သည်လောက်ရေးကြီးသုတ်ပျာနိုင်နေတာ၊ နောက်တစ်ခါသူ့ကိုအရင်ဝင်တိုက်ပစ်မယ်။

"ထင်မိုးအောင်လေး ဘာဝယ်"





"မမသွယ်"

မမသွယ်ဆိုတဲ့ ဒေါက်တာမေမေသွယ်က ကျွန်မတို့ အဆောင်မှာနေတဲ့ တစ်ဦးတည်းသောဆရာဝန်မပါ၊ မမသွယ်မိဘတွေက ဟိုးမြစ်ကြီးနားမှာ၊ တစ်ယောက်ထဲမို့ အန်တီနဲ့နဲ့လည်းခင်တာနဲ့ အဆောင်မှာလာနေတယ်လေ၊ ကျွန်မကိုအဲလိုလိုက်ပြီး ကျွန်မခင်တဲ့သူ ရှားရှားပါးပါးလေးပေါ့။

မမသွယ်ရဲ့အိတ်ကိုလုဆွဲပြီး အဆောင်ဖက်ပြန်ခဲ့တယ်။

"မင်း ခုတလောပို့ဝလာတယ်၊ အစားလည်းလျှော့ဦး"

ကျွန်မကိုတွေ့ရင် မမသွယ်ကသည်စကားပဲအမြဲပြောနေကြလေ၊ "ဟုတ်ကဲ့"လို့ ခေါင်းငြိတ်နေကြအတိုင်းပဲပေါ့။

* * * * * * * * * *

"ထင်မိုးအောင်"

"ဟာင်"

ခင်လေးငယ်ရဲ့ခေါ်သံကိုကြားရပေမယ့် လှည့်မကြည့်မိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းတွေကို လိမ္မော်ရောင်ဆေးဆိုးထားပြီး မခြောက်သေးတာမို့ လက်ဆယ်ချောင်းဖြန့်ရင်း လေမှုတ်ပေးနေမိတယ်။

"မင်းကြိုက်ချင်ကြိုက် မကြိုက်ချင်နေကွာ. . ၊ မင်းဘက်ကိုပါ ခင်လေးတံမျက်စည်းလှဲပေးချင်တယ်၊ မင်း. . . တစ်နေ့လုံးအားနေပြီး ဖုန်တွေနဲ့နေနေတာ ခင်လေး သဘောမကျဘူး"

"နေစမ်းပါ ထားလိုက်စမ်းပါ"

"ဘာဖြစ်လို့လဲ. . . မင်းနေနိုင်တယ် ဖုန်တွေနဲ့. . ."

"မင်းဘက်မှာသန့်နေရင်ပြီးရောပေါ့. . ."

"ခက်တာပဲ ထင်မိုးအောင်ရယ်"

"လွယ်လွယ်လေးပါ ခင်လေးငယ်ရယ်၊ မြေဖြူရဲ့ တစ်ဖက်ကို မကြည့်မိအောင် မင်းမျက်လုံးကို ထိန်းချုပ်ထားလိုက်ပေါ့"

ခင်လေးငယ်အသံတိတ်သွားပြီ။

တံမျက်စည်းလှည်းမှာပါ. . . ၊ မနက်ဆို ဈေးဝယ် ထမင်းချက်၊ စားပြီးရင် မောနေသလိုမို့ တံမျက်စည်းမလှဲတာပါ။





တစ်ပါတ်တစ်ခါလောက် စုလှဲလိုက်ရတာ၊ ထမင်းဟင်း ချက်စားတာ ဝါသနာပါပေမယ့် တံမျက်စည်းလှဲရမှာ အဝတ်လျှော်မီးပူတိုက်ရမှာတွေ ဝါသနာမပါလှဘူး၊ မဖြစ်လို့သာပါ။ ဟင်းကောင်းကောင်းကို တကူးတကန့်ချက်စားရတာတော့ သဘောကျတယ်၊ ဒါလည်း မာမီ့အမွေနေမှာပါ။ မာမီဆို အသက်ငယ်ငယ်လေးနဲ့ ဝတုတ်ကြီးဖြစ်နေတာ၊ ကျွန်မကလည်း အမွေသမီးပဲလေ. . . အမွေခြေရာနင်းရမှာပေါ့။

"မရဘူး. . . လှဲပေးချင်တယ်"

"ခင်လေးငယ်. . . ဘာဖြစ်နေတာလဲ၊ သည်မှာ ဘယ်သူ့ကိုမှ ကျေးဇူးအတင်မခံချင်လို့နေတာ၊ မင်းကိုလည်း ကျေးဇူးမတင်ချင်ဘူး"

"ကျေးဇူးမတင်လည်းရတယ်"

"ဘယ်ရမလဲ ဆပ်မကုန်နိုင်တဲ့ ကျေးဇူးတရားတွေကို မောလွန်းလို့ပါ၊ ကျေးဇူးရှိရင်သိရမယ်၊ ဆပ်နိုင်အောင် ကြိုးစားရမယ်၊ ဆပ်ရမယ်. . တစ်ချို့ကျေးဇူးတွေက ဆပ်မကုန်တော့ဘူး၊ အေးအေးနေစမ်းပါ ခင်လေးငယ်ရယ်"

ကျေးဇူးတရားတွေက မရှိလေကောင်းလေပဲ၊ အမြဲတမ်း သိနေကြကျွန်မအတွက် ကျေးဇူးရှိလာရင် သတိရနေပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆပ်ဖို့ကြိုးစားရမှာပါ၊ ဒါကြောင့်လည်း အားလုံးနဲ့ကင်းကင်း ရှင်းရှင်းနေချင်လာတယ်၊ အန်တီနွဲ့ကို တစ်ခန်းလုံးအတွက် နှစ်ယောက်စာလခပေးထားရင်ရပါတယ်၊ အဲလိုမျိုး တစ်ယောက်တည်းနေမယ်လို့လည်း ပြောထားပြီးသားပါ၊ ဒါပေမယ့် ကျွန်မရဲ့စိတ်မှာ ခင်လေးငယ်ကိုခေါ်ထားမိတယ်။

လက်သည်းမှလေးတွေ လိမ္မော်ရောင်နှင့်လှပလာတဲ့ အခါ ခြေသည်းတွေဆိုးနေမိပြန်ပါတယ်၊ ခင်လေးငယ်ဆီမှ နောက်ထပ်စကားသံမကြားရတော့ပါ၊ ထင်မိုးအောင်ဆိုတဲ့ မိန်းမဟာ သိပ်ပျင်းတာပဲ သူနေတဲ့အခန်းရဲ့တစ်ခြမ်းမှာ ပွနေတာ. . . ဖုံတွေအမှိုက်တွေနဲ့လို့ အခန်းတကာလိုက်ပြော တတ်တဲ့ မိန်းမမျိုးတွေနဲ့လည်းကြုံဖူးပါပြီ၊ ခင်လေးငယ်ဆိုတာ ဘယ်လိုမိန်းမမျိုးလဲဆိုတာတော့. . . ကျွန်မရုတ်ချည်းမသိနိုင် ဖုန်တွေပွနေလွန်းလို့ မနေနိုင်လို့ လှဲပေးလိုက်ရတယ်လို့ လိုက်ပြောတတ်တဲ့ မိန်းမမျိုးလည်းဖြစ်ချင်ဖြစ်နိုင်ပါတယ်။

"ထင်မိုးအောင်. . . မင်းကခင်လေးကို တစ်ခုခုကူညီ လိုက်ကွာ၊ ခင်လေးကလည်း မင်းကိုတံမျက်စည်းလှဲပေးလိုက် မယ်၊ ဒါဆိုရင် ကျေးဇူးအပြန်အလှန်ဖြစ်သွားပြီးတော့ ကျေးဇူး ဆပ်စရာမရှိဘူး ကျေသွားရော. . ."





ဘယ်လိုဖြစ်နေပါလိမ့်. . . ။

ခင်လေးငယ်ကို လှည့်ကြည့်မိတယ်၊ ကြက်မွေး တစ်ချောင်းကိုင်ပြီး ကျွန်မကိုကြည့်နေတယ်၊ ကျေးဇူးကို အပြန် အလှန်ကျေသွားအောင် အပြန်အလှန်ကူညီတဲ့ ခက်ပါလား. . နယ်တောင်ရယ်ချင်လာတယ်။

"တို့က ဘာမှလုပ်မပေးချင်ဘူး. . . ၊ တံမျက်လှဲ အဝတ်လျှော်၊ မီးပူတိုက် ဒါတွေ. . . တို့ အကုန်ပျင်းတယ်. . ."

"မင်း ထမင်းဟင်းချက်ရတာ ဝါသနာပါပါတယ်"

"အင်းလေ"

"ဒါဆိုရင် ခင်လေးရဲ့ Rice Cooker ခလုတ်ကို နှိပ်ပေးရုံကူညီ၊ ခင်လေးတံမျက်စည်းလှဲပေးမယ်"

"ဘယ်ဖြစ်မလဲ. . . ခလုတ်နှိပ်ရတာမပင်ပန်းဘူး၊ သည်လိုလုပ်လေ. . . သည်ညနေကြရင် တို့ ငါးဟင်းချက်မှာ ငါးပေါင်းမှာဆိုတော့ မင်းကိုဟင်းတစ်ခွက်ပေးမယ် ဆိုရင်ကော ဒါဆိုရင် မဆိုးပါဘူး. . ."

ခင်လေးငယ် ငြိမ်နေရာက. . .

အင်း. . . တံမျက်စည်းလှဲရဖို့ အရေးကြီးပါတယ်၊ တောင်းပြီလေ. . . ငါးပေါင်းတစ်ခွက်နဲ့လဲရတော့မှာပဲတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရယ်မိတယ်၊ ခင်လေးငယ်ဆိုတဲ့မိန်းမဟာ ခေါင်းမာပုံတော့ရတယ်၊ သူဖြစ်ချင်ရာကို တနည်းနည်းနဲ့ဖြစ်စေတဲ့မိန်းမလို့ပဲ ကျွန်မတွေးမိလိုက်ပါတယ်။

"ထင်မိုးအောင်. . . မင်းဈေးဖြစ်ဖြစ် ပစ္စည်းတစ်ခုခု သွားဝယ်၊ တစ်နေရာရာသွားနေပါလားကွာ. . . ခင်လေးရှင်းမလို့၊ အဖိုးတန်ပစ္စည်းတွေ ပိုက်ဆံတွေတော့ သေချာသော့ခတ်သွားနော်၊ ခင်လေး. . . သူများပစ္စည်း ဘယ်တော့မှ မခိုးဘူး၊ ဒါပေမယ့် အစွပ်စွဲခံရမှာတော့ ကြောက်တယ်"

"ရတယ်. . . ပိုက်ဆံအိတ်ယူသွားမယ်"

လမ်းထိပ်မှာ လိုမယ်ထင်သည့်ပစ္စည်းတွေဝယ်မယ်၊ သုံးဆယ့်ရှစ်လမ်းဖက်ထွက်ပြီး ဈေးဝယ်ရင်အဆင်ပြေတာပေါ့၊ ခင်လေးငယ်တော့ ရှင်းလင်းရေးလုပ်တော့မှာ ထားပစ်ခဲ့လိုက်မယ်လေ။

အဆောင်ဝမှာ ဝေဝေနဲ့တွေ့တယ်။

ပြုံးပြတယ်. . . အဲသည့်ကောင်မလေးကလည်း နောက်ကွယ်ကြရင် ထင်မိုးအောင်အတင်းကို ပြောတတ်ပေမယ့် ရှေ့တင်ကြတော့ ပြုံးပြုံး ပြုံးပြုံးနဲ့၊ စိတ်ပျက်စရာ၊ ဒါကြောင့် မမြင်ချင်ယောင်ဆောင်ပစ်လိုက်တယ်။





ဘာလို့များ ရင်ထဲကခံစားမှုနဲ့ အပေါ်ယံခံစားမှုကို ခွဲခြားနေကြတယ်မသိပါဘူး။

* * * * * * * * * * *

တစ်ခန်းလုံး ပြောင်လက်ရှင်းလင်းသွားတာပါပဲ၊ အဲလိုဖြစ်နေရမှာ၊ တကယ်ဆို. . . အဲလိုမျိုး သပ်ယပ်သန့်ရှင်းနေတာမျိုးကိုမှ ခင်လေးကနှစ်သက်တာ၊ ဘာပဲပြောပြော ထင်မိုးအောင်နဲ့အစကတည်းက အဆင်မပြေလှဘူးဆိုတာတော့ မရှိလှသေးပါဘူး၊ လှဲကျင်းထားတဲ့အမှိုက်တွေကို အမှိုက်ပုံးထဲ သွားထည့်လိုက်တယ်။

"ခင်လေးငယ်"

"ဝေဝေ. . . ကော်ဖီသောက်နေတာလား"

"သောက်ပါလား ခင်လေးငယ်"

"ဟင့်အင်း ခင်လေးထမင်းစားနောက်ကျလို့ မဆာဘူး"

"ထင်မိုးအောင်တို့က ခုတစ်မျိုးတော်ကြာတစ်မျိုးနဲ့ မင်းမို့သူနဲ့နေနိုင်တယ်၊ သူခေါ်ချင်ခေါ်တယ်. . . မခေါ်ချင် မခေါ်ဘူး. . . စိတ်မမှန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးရယ်မြှုခဲ့ပြီး ထွက်လာခဲ့ပါတယ်၊ ဘယ်သူ့အကြောင်းကိုမှ ကောင်းသည်ဆိုးသည်မပြောချင်၊ လူတိုင်းလူတိုင်းဟာ သူတို့အကြောင်းကလေးတွေရှိကြမှာပဲ မဟုတ်လား၊ ညနေတော့ ကျူရှင်သွားပြရဦးမယ်၊ ရေချိုးအဝတ်လျှော်လိုက်မည်၊ ထင်မိုးအောင် ကုတင်ခြေရင်းက အဝတ်ညစ်တွေလည်း စိတ်ပျက်တယ်၊ ထားလိုက်ဦးမယ်၊ သည်နေ့တော့ အခန်းရှင်းပေးရုံပေါ့၊ နောက်မှတဖြည်းဖြည်း ထင်မိုးအောင်ကို ကူညီရမှာပါပဲ၊ ရေသွားချိုးလိုက်ရင်း ခင်လေး အဝတ်တချို့ လျှော်လိုက်တယ်၊ အဝတ်တွေလှန်းပြီး အခန်းထဲပြန်ဝင်လာတဲ့အခါမှာ ထင်မိုးအောင်ရောက်နှင့်နေပါပြီ။

"မြန်လိုက်တာ ထင်မိုးအောင်"

"၃၈-လမ်းဈေးသွားတယ်၊ ပန်းလည်းဝယ်ခဲ့တယ် ဈေးတွေလည်းဝယ်တာပေါ့"

"ခင်လေးရှင်းထားပြီးပြီ၊ ဘယ်လိုလဲ ကြိုက်ရဲ့လား"

"ကောင်းတယ်ဆိုတာကို မကြိုက်တဲ့လူမရှိပါဘူး၊ ဒါပေမယ့် ထမင်းဟင်းချက်ရတာပျော်ပေမယ့် အိမ်မရှင်းချင်ဘူးကွာ၊ ယောကျ်ားယူရင်တောင် အိမ်ရှင်းပေးမယ့်ယောကျ်ား ရှာယူရမလိုဖြစ်နေပြီ"





ထင်မိုးအောင်စကားကြောင့် ခင်လေးရယ်ရတယ်။

"ဟဲပါ ထင်မိုးအောင်ရယ်၊ ရှာတာလည်းရှာတာပေါ့၊ ရှာမတွေ့ခင်မှာတော့ မင်းကိုခင်လေးကူညီပါ့မယ်"

"အပြန်အလှန်တော့ ကျေမှဖြစ်မှာနော်"

သနပ်ခါးလူးရင်းရယ်ရတယ်၊ ကျေးဇူးတင်ရမှာ အလွန်ကြောက်တဲ့ထင်မိုးအောင်၊ ခင်လေးကလွယ်လွယ် အပြန်အလှန်ကျေရင်ရတယ်ပြောတာကို သဘောကျသွားပုံရပါတယ်"

"မင်းဘယ်သွားမလို့လဲ ခင်လေးငယ်"

"စာသွားပြရဦးမယ်. . . စမ်းချောင်းမှာ"

"မပင်ပန်းဘူးလား"

"ပင်ပန်းတာပေါ့ ထင်မိုးအောင်ရယ်၊ ဒါပေမယ့် အမေ့အတွက်လေ. . အမေက မပို့လည်းမပြောပါဘူး၊ ခင်လေးအမေက မာနကြီးတယ်၊ ခင်လေးက အမေ့ကိုချစ်တယ် မဟုတ်လား"

"ကိုယ့်အမေကိုယ်တော့ ချစ်ကြတဲ့လူချည်းပါပဲလေ"

"ထင်မိုးအောင် အမေရော. . ."

"မာမီ. . . မာမီသေသွားပြီ၊ ကိုယ့်အပေါ် သစ္စာမဲ့တဲ့ယောကျ်ားတစ်ယောက်ကို တမ်းတရင်းနဲ့များ ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓါတ်တွေဖုံးဖုံးကျပြီး သေဆုံးရသည်အထိ အစွဲအလန်း ထားခဲ့တယ်၊ အဲသည့်အချိန်ကစပြီး မာမီ့ကိုသစ္စာမဲ့ခဲ့တဲ့လူကို မုန်းခဲ့တယ်"

"အဲဒါ ဘယ်သူလဲ"

"ကျွန်မအဖေပေါ့"

"အဖေကို. . . . ငရဲကြီးမှာပေါ့ ထင်မိုးအောင်ရယ်"

"မင်းရော. . . မင်းအဖေကို မမုန်းဘူးလား"

"အမုန်းအတိုင်းဝန်ခံရရင်တော့ စိတ်နာတယ်ဆိုတာ ရှိပါတယ်၊ ဒါပေမယ့် တတမ်းတတဒေါသတွေနဲ့ သတိရ မနေတော့ဘူးလေ၊ ခင်လေးမှာ ချစ်စရာအမေရှိတယ်၊ အမေ့ကို ပိုချစ်လိုက်ရင်ပြီးတာပဲလို့ပဲ စိတ်မှာတွေးပြီး ကိုယ့်ကိုမချစ်လို့ ထွက်ခွါသွားသူကို မေ့ထားလိုက်တယ်"

"မင်းက မေ့လို့ရတယ်၊ ကျွန်မကမေ့မရဘူး"

"ဒါဆိုရင် ထင်မိုးအောင် အမြဲစိတ်ပင်ပန်းနေရ လိမ့်မယ်"

"ဟုတ်တယ်"

ထင်မိုးအောင်ဆီမှာ ခံစားချက်တွေရှိနေကြတာပဲ၊ အလိုမကျတဲ့ခံစားမှုတွေဟာ ထင်မိုးအောင်ကို အနှောင့်အယှက် ပေးနေကြတာပါလား။





"မင်းရဲ့ကိုယ်ရေးရာဇဝင်ကိုဖတ်ပြီး မင်းဘဝနဲ့တို့ဘဝ တူလို့ အတူနေမယ်ပြောခဲ့တာ"

ဪ. . . အခုမှ ခင်လေးနားလည်လိုက်ပါတယ်။

ထင်မိုးအောင်နှင့်အတူနေရဖို့အရေး ကိုယ်ရေးရာဇဝင် ရေးပေးပါဆိုတော့ ကြီးကျယ်လိုက်တာဆို အမြင်ကပ်ကပ်နှင့် အဖေနောက်အိမ်ထောင်ပြု၊ အမေ့လုပ်ကျွေးဆိုပြီး အမှန် အတိုင်း အရွဲ့တိုက်ရေးပြလိုက်တာ၊ ထင်မိုးအောင်က ခင်လေး တို့ သူနှင့်ဘဝချင်းတူလို့ အတူနေဖို့သဘောတူခဲ့တာကိုး။

"ခင်လေး အဖေရှိသေးလား"

"ရှိတယ်၊ အဖေက ပြည်မှာသူ့နောက်အိမ်ထောင်နဲ့ နေတယ်"

"မင်း သွားမတွေ့ဘူးလား"

"ကျန်ခဲ့တဲ့နှစ်က အဖေဆေးရုံတက်ရတော့ ခင်လေး သွားတွေ့ပါတယ်၊ အမေကပြောတယ်၊ အဖေနဲ့အမေရဲ့ပဋိပက္ခ ကြားမှာ ခင်လေးနဲ့မဆိုင်ဘူး၊ ခင်လေးက အဖေကိုအဖေလို့ ဆက်ဆံရမယ်တဲ့၊ သူမကောင်းတာ သူယူမယ့်ဝဋ်ကြွေးတဲ့၊ သူ့ဝဋ်ကြွေးကို ကိုယ်က လိုက်မယူရဘူးတဲ့လေ၊ ကိုယ်ကောင်းရင် ကောင်းတဲ့အကျိုးကိုယ်ရမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူမကောင်းတာ သူယူမယ့်ဝဋ်ကြွေးတဲ့လား"

ထင်မိုးအောင်က သည်စကားကိုထပ်တလဲလဲ ပြောနေတယ်၊ ခင်လေးစိတ်မှာတော့ ထင်မိုးအောင်ကို အမေနဲ့တွေ့ပေးချင်မိပါတယ်။

* * * * * * * * * *

အပြင်မှာမှောင်နေပြီ။

အခန်းထဲမှာ မီးမဖွင့်ဘဲအိပ်နေမိတယ်၊ ပြတင်းကနေ အလင်းရောင်အနည်းငယ်ဝင်နေပါလား။ ထမင်းမစားသေးဘဲ ခင်လေးကိုစောင့်နေမိတယ်၊ စာသွားသင်ပြီး အပြန်က နောက်ကျလိုက်တာ၊ ကျေးဇူးခြင်းအပြန်အလှန်လဲပြီးတော့ ငါးပေါင်းထားတယ်၊ အတူစားမယ်ဆိုပြီး စောင့်နေမိတာပါ။

မာမီဆုံးပြီးတဲ့နောက် ဘယ်သူနှင့်မှ အတူထမင်းလက်ဆုံ မစားတော့တာကြာခဲ့ပါပြီ၊ ထမင်းစားရင်း ကြက်တူရွေးတွေလို စကားများနေတဲ့ အဆောင်သူတွေကို စိတ်ပျက်လွန်းလို့ပါ။

အဖေကို အဖေလိုဆက်ဆံရမယ်တဲ့။





ကျွန်မကတော့. . .

နှစ်အတော်ကြာစိတ်ပျက်နေပြီး စကားတစ်ခွန်းမပြောခဲ့တာ. . .။

"ဘာလို့လဲ ထင်ထင်၊ ဒက်ဒီတို့နဲ့အတူမနေချင်တာ၊ သည်မှာထင်ထင်ဘာမကြိုက်တာရှိလို့လဲ၊ ပြီးတော့သမီးရယ်. . အမွေဆိုဟာ မိဘသေဆုံးရင် အလိုလိုရလာတာ၊ သည်ငွေတွေယူပြီး သမီးဘယ်မှာနေမလဲ"

ဒက်ဒီသေရင် ဒက်ဒီပစ္စည်းတွေ ဒက်ဒီ့မိန်းမပဲရမှာပေါ့၊ အခုပဲပေးပါ၊ မာမီ့လိုတော့ ငွေမလိုဘူး. . . ငွေမလိုဘူးဆိုငိုရင်း ငိုရင်း အရှုံးမပေးနိုင်ဘူး၊ ထင်မိုးအောင်ဘဝကို ထင်မိုးအောင်ဖာသာဖန်တီးယူမယ်၊ အန်တီနွဲ့နဲ့သွားနေမယ်ဆိုတော့ ဘာမှမပြောဘဲ ထင်မိုးအောင်အတွက် သိန်းတစ်ရာကျော်တဲ့ငွေတွေ ဘဏ်ထဲလွှဲထည့်ပေးလိုက်တယ်လေ။

"ထင်ထင်နဲ့အတူရှိနေချင်တာ တစ်ခုပါပဲ"

"ဒက်ဒီ့မိန်းမရှိနေတာပဲ"

အဲလိုပြောခဲ့ပြီး ထွက်လာခဲ့တာ။

လိုအပ်လို့လား. . .။



www.burmeseclassic.com

www.burmeseclassic.com



ထင်ထင်နဲ့အတူရှိနေချင်ရင် ထင်ထင့်မာမီနဲ့ပေါင်းပေါ့၊ ဒါဆိုရင် မာမီနှင့်အတူ ထင်ထင်ရှိနေမှာပေါ့၊ အလွယ်ဆုံးကို အခက်ဆုံးဖြစ်စေခဲ့ပြီးမှ ထင်ထင်နဲ့အတူနေချင်တယ်ဆို အလကားပဲ။

"ဟယ် . . . ထင်မိုးအောင်၊ မီးမဖွင့်ဘဲမှောင်ကြီးထဲမှာ အိပ်နေတာလား၊ ခြင်ထောင်လည်းမချဘူး၊ ခြင်ကိုက်နေမယ်"

"မအိပ်ပါဘူး"

"ဒါဆို မီးဖွင့်လိုက်မယ်နော်"

"အင်း"

"ထင်မိုးအောင် အိပ်နေတာလား"

"မအိပ်ပါဘူး၊ ခင်လေးငယ်ပြန်လာရင် ထမင်းအတူစားမလို့စောင့်နေတာ"

"ဘာလဲ . . . ငါးပေါင်းထားပြီထင်တယ်"

"ဟုတ်တယ်လေ၊ စားမှာပါနော် ခင်လေး"

"စားမှာပေါ့ထင်မိုးအောင်ရယ် . . .၊ ဒါမှ မင်းအခန်းကို ခင်လေးရှင်းပေးတာနဲ့ကျေမှာလေ"

"ဟုတ်တယ် . . . ဟုတ်တယ်"

"နေဦးကွာ . . .၊ ခဏအမောဖြေဦးမယ်၊ ပြီးရင်စားမယ်"





"ဒါဆို တို့ထမင်းပြင်နှင့်မယ်"

ထမင်းစားခန်းမှာတောင်လူရှင်းနေပါပြီ။ ခုချိန်ဆို အားလုံးထမင်းစားပြီးကြရောပေါ့၊ ကျွန်မလက်ရာဟင်းတွေကို ကြိုက်လို့ဆို ဟင်းလာလာတောင်းတတ်တဲ့ မိုးမိုးဦးတောင် မတွေ့တော့ပါဘူး၊ ထမင်းပွဲပြင်လိုက်တယ်၊ ခင်လေးငယ် ရောက်လာပြီ၊ နှစ်ယောက်အတူ ထမင်းဝိုင်းမှာထိုင်မိရင် . . .

"ထမင်းစားနေတုန်းတော့ စကားမပြောနဲ့နော်၊ တို့မကြိုက်ဘူး"

"ရပါတယ်၊ အမေလည်းအဲလိုပါပဲ၊ ထမင်းစားပြီးမှ ရေနွေးကြမ်းတစ်အိုးနဲ့ စကားပြောရတာ"

"ဟုတ်လား . . ."

ငါးပေါင်းကို ဘဲဥပုံပန်းကန်ပြားအပြည့်ထည့်ထားတာပဲ၊ ခင်လေးငယ်မစားရမှာစိုးလို့ ကျွန်မအရင်ယူစားလိုက်တယ်၊ ခင်လေးငယ်က ဟင်းကိုခပ်အေးအေးပုံမှန်ပဲ ယူစားတယ်လေ၊ ရှုတ်ရွံ့တဲ့ပုံ ဟန်လုပ်နေတဲ့ပုံ မရှိပါဘူး၊ ဒါပေမယ့် ထမင်းစားတာ နည်းလွန်းလှပါတယ်၊ ကျွန်မအတွက်တော့ ခင်လေးငယ် ထမင်းစားတာ ကြောင်ကလေးတစ်ကောင်စားသလောက်ပါပဲ လား၊ ငါးအရိုးနွှာပြီး ကျွန်မပန်းကန်ထဲ ဟင်းထည့်ပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"စကားမပြောနဲ့ဆိုပေမယ့် ပြောရဦးမယ်၊ ခင်လေး အသက် နှစ်ဆယ့်ခြောက်ရှိပြီ"

"ကျွန်မအသက်နှစ်ဆယ့်လေး"

"မင်းငယ်တယ်၊ ကိုယ့်အပြုအစုကို ခံရမယ်"

ငါးအရိုးနွှာပေးတဲ့အခါ. . .။

မာမီသည်သို့ ကျွန်မကိုပြုစုခဲ့ဖူးတယ်၊ အခုတော့အဲ အယုအယတွေလည်း ဝေးခဲ့တာကြာပါပြီ။

"ခင်လေးမှာ ညီမလေးတစ်ယောက်လိုချင်ခဲ့ဖူးတယ် အခုရတာပါပဲ၊ စား. . . ခင်လေးဝပြီ"

ထမင်းပန်းကန်ထဲ ခုန်ဆင်းသွားတဲ့မျက်ရည် တစ်ပေါက် ဟာ မာမီဆုံးပြီးနောက် ပထမဦးဆုံးကျတဲ့ မျက်ရည်ပါ၊ ကျွန်မ ထမင်းဆက်မစားနိုင်တော့ပါဘူး၊ ခင်လေး ပန်းကန်ဆေး နေတဲ့နားရောက်တဲ့အခါ. . .

"ပေး. . . ဆေးလိုက်မယ်"

ထမင်းပန်းကန်အပေကို လှမ်းပေးလိုက်တယ်။

ပြီးတော့. . . သတိတရနဲ့ရေနွေးကြမ်းတစ်အိုး ပြင်ထား လိုက်ပါတယ်၊ အခန်းထဲကို ရေနွေးကြမ်းအိုးယူလာခဲ့တယ် နောက်ဆိုရင် လက်ဖက်သုတ်ဖို့ပြင်ထားမယ်၊ ခင်လေး. . . လက်ဖက်ကြိုက်လား မေးဦးမှ။





"အတော်ပဲ. . . ရေနွေးကြမ်းနဲ့မြည်းဖို့ အမေက မြေပဲယို ပို့ပေးလိုက်တယ်. . . ထင်မိုးအောင်"

"ကျွန်မမြေပဲယိုကြိုက်တယ်"

နှစ်ယောက်အတူ စာကြည့်စားပွဲမှာထိုင်မိကြတယ်။

ခင်လေးငယ်က အလကားမနေပါဘူး၊ စာအုပ်တွေက အမြေလွှာတွေကိုစစ်နေတယ်လေ။

"ခင်လေးငယ်က ကျွန်မထက်ကြီးတယ်ဆိုတော့ မလေးလို့ ကျွန်မခေါ်ရင်ရမလား"

"ရတာပေါ့. . .၊ ထင်မိုးအောင်ကိုရော ဘယ်လိုခေါ်ရ မလဲ"

"ကျွန်မဘဝမှာ မာမီခေါ်သလို ဘယ်သူမှမခေါ်တော့ ဘူး၊ ဒက်ဒီက ထင်ထင်လို့ခေါ်တယ်၊ မကြိုက်ဘူး၊ မာမီက အောင်လို့ခေါ်တယ်"

"ကောင်းပြီလေ. . .၊ မင်းကိုအောင်လို့ခေါ်မယ်"

မြေပဲယိုတစ်ပန်းကန်. . .

ရေနွေးကြမ်းတစ်အိုးနဲ့ ကျွန်မတို့နှစ်ယောက် နာမည် ပြောင်းလဲခေါ်ခဲ့ကြတယ်။

"အောင်. . . မင်းဘွဲ့ရပြီးသားဆို"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ."

"ဒါဆို ဘာလို့ဘာအလုပ်မှမလုပ်တာလဲ၊ မင်းချမ်းသာ တာတော့ ချမ်းသာတာပေါ့။ အလုပ်မရှိရင် မင်းစိတ်တွေက လေနေမှာပေါ့၊ စားလိုက်အိပ်လိုက် ဟိုတွေးသည်တွေးနဲ့"

"ကျွန်မ ဘာအလုပ်လုပ်ရမလဲ"

"တစ်ခုခုပေါ့"

"ကျွန်မ အလုပ်လုပ်ချင် ခုလုပ်ချင်ခုရပါတယ်၊ ကျွန်မ ဒက်ဒီရဲ့ အထွေထွေအကျိုးဆောင်လုပ်ငန်းကို မလေး ကြားဖူးမှာပါ"

နာမည်ပြောလိုက်ရင်ကို လူတိုင်းသိနေကြတာပဲ၊ ဒက်ဒီ ပိုင်တဲ့အထွေထွေအကျိုးဆောင်လုပ်ငန်းက မြန်မာပြည်ရဲ့မြို့ကြီး တောင်တော်များများမှာပါ ရှိနေလောက်အောင် ကြီးကျယ်နေ ပါပြီ၊ ဒါပေမယ့် အဲသည့်အရိပ်မှာနေရတာကို ရင်ထဲမှာ အချိန်နဲ့ အမျှ မာမီ့မျက်ရည်ကိုသတိရနေတာ ခက်ပါတယ်။

"ဒါဆို အဲသည့်မှာအလုပ်လုပ်ပါလား"

"ဟင့်အင်း. . . ဒက်ဒီနဲ့အတူရှိနေရင် မာမီ့မျက်ရည် မာမီ့နာကျင်မှုကိုအမှတ်ရနေတယ်၊ ပြီးတော့ ဒက်ဒီ့မိန်းမ





ဒေါ်ရိုစီရှေ့ကို တွေ့နေရရင် ဒေါသတွေပဲများနေတော့ အချိန်တိုင်းဟာ အကုသိုလ်နဲ့ရင်းနှီးနေသလိုပါပဲလေ။

"ဒါဆိုလည်း မင်းဘာဝါသနာပါလဲအောင်"

"ထမင်းဟင်းချက်တာပဲ ဝါသနာပါတယ်"

ကျွန်မအပြောကြောင့် ခင်လေးကရယ်တယ်၊ ဒါဆိုရင် ငါတို့နှစ်ယောက်ထမင်းဆိုင်ဖွင့်မှထင်တယ်ဆိုပြီးတော့ ရယ်နေ တော့တာပါပဲ။

* * * * * * * * * *

ထင်မိုးအောင်ရဲ့ ရင်ထဲကခံစားမှုကိုနားလည်လာတဲ့ အခါမှာတော့ သူ့ကိုစာနာခင်မင်လာမိပါတယ်၊ ခင်လေးကတော့ အမေ့ရဲ့ ခိုင်မာသောစိတ်ဓါတ်နှင့် ဆိုဆုံးမမှုတွေကြောင့် အရာရာကိုနားလည်တတ်နေခဲ့ပါပြီ၊ ထင်မိုးအောင်ကတော့ စိတ်ဓါတ်ပျော့တဲ့အမေနဲ့ နေခဲ့ရပြီး သူ့ကို ဘယ်သူကမှ ပြောဆိုခဲ့ပုံမရပါဘူး။

"သူ့ရဲ့ ပင်ကိုယ်စိတ်ရင်းက အဆိုးကြီးမဟုတ်ပါဘူး၊ သူဟာမေတ္တာငတ်နေတာပါပဲ၊ သူ့စိတ်မှာအထီးကျန်နေသမှုကို



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူ့ရန်လုပ်၊ သည်လူ့ရန်လုပ်နဲ့ ဖြေနေသလိုပဲလေ၊ ခင်လေး ကတော့ သူဟာခင်လေးထက်လည်းအသက်ငယ်လေတော့ ခင်ခင် မင်မင်နဲ့ညီမလေးတစ်ယောက်လို ဆက်ဆံတယ်၊ ဒါကို သူ သဘောကျပါတယ်"

"ခင်လေးက သံယောဇဉ်ကြီးတတ်တဲ့သူပဲ၊ ကြာရင် ထင်မိုးအောင်ကိုသံယောဇဉ်ဖြစ်လာမှာပါ"

"ခင်လေးက သံယောဇဉ်ကြီးတတ်တယ်လို့ မင်း ဘယ်လိုသိသလဲ"

"ဟာ. . . ကိုမော်"

ဝင်းခိုင်ရှက်သွားတာကို ခင်လေးမသိချင်ယောင် ဆောင်နေလိုက်ရတယ်၊ ဝင်းခိုင်ရင်ထဲမှာ ဘယ်လိုခံစားချက်တွေ ရှိနေတယ်ဆိုတာ ခင်လေးမသိဘဲနေမလား၊ သူတို့နှစ်ယောက်နှင့် ခင်ခင်မင်မင်နေလာတဲ့ နှစ်နှစ်တာမှာ သူတို့စိတ်ဓါတ်ကလေး တွေကို ခင်လေးမသိဘဲနေမလား။

ကိုမော်က အရာရာကိုပျော်စရာတွေအဖြစ် ပြောင်းလဲ တတ်ပြီး အမြဲလိုပေါ့ပါးလန်းဆန်းပျော်ရွှင်နေတတ်သူ၊ ဝင်းခိုင် ကတော့ လူကြီးဆန်ပြီး တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး နေတတ်သူ။





"ခင်လေး. . . နင် ထင်မိုးအောင်ကို တစ်ခါလောက် ခေါ်လာခဲ့ဟာ"

"နင်က သိချင်နေရပြန်ပါပြီ၊ ဟိုကကြည့်မရရင် ကြည့်မရသလိုပြောမှာ၊ တွေ့မှာပေါ့ကိုမော်ရယ်၊ ကြုံဦးမှာပေါ့၊ ခုတော့ ငါ တကူးတကခေါ်မလာပါရစေနဲ့ဦး"

"ခင်လေးကို သည်နေ့ပြန်ပို့မယ်လေ၊ ဒါမှ ခင်လေး အဆောင်လည်း သိထားရမှာ"

"အင်း. . ဟုတ်တယ်၊ ခင်လေးအဆောင်ကို ကိုမော်တို့ ဝင်းခိုင်တို့ကိုပြထားရမယ်၊ အလုပ်မှာအရေးအကြောင်းရှိတော့ လာလို့ရတာပေါ့"

"ငါတို့သိပါတယ်၊ နင့်အဆောင်ကို သေရေးရှင်ရေးက လွဲပြီး မလာရဘူးဆိုတာလေ. . ."

ကိုမော့်မကျေမလည်အပြောလေး. . .။

ခင်လေးက မှာထားတာကိုး၊ နင်တို့နှစ်ယောက် ငါ့အဆောင်ကို သေရေးရှင်ရေးကလွဲပြီး ဘယ်တော့မှအလည် လာနဲ့လို့၊ ဒါကို ကိုမော်ကမကြိုက်။

"ဘာလဲ. . ကိုမော်က စိတ်ဆိုးနေတာလား၊ အဆောင် မှာက စိတ်ဓါတ်တွေ အမျိုးမျိုးရှိကြတယ် ကိုမော်ရဲ့ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ဆေး ဆော်ယောက်လာပြီဆိုရင်ပဲ အမြင်တွေကအမျိုးမျိုး... ဘာတော်လဲ အစ်ကိုလား... အရင်းလား.. ဝမ်းကွဲလား ရည်းစားလား...ရှုပ်တုန်ရော ဒါကြောင့်ပါဟယ်၊ နင်တို့နဲ့ ခင်လေးက အလုပ်ထဲမှာနေ့တိုင်း တွေ့နိုင်နေတာ အဆောင်ကို လာစရာအကြောင်း အရေးတကြီးရှိတာမှ မဟုတ်ဘဲ"

"ခင်လေးပြောတာမှန်ပါတယ်၊ ကိုမော်ကနားလည်မှာပါ။ ကိုမော်ကလည်းကွာ ခင်လေးပြောတာမှန်နေတာပဲ"

"အေး...မှန်...မှန်၊ မင်းကတော့ဘာမဆို ခင်လေးပြောသမျှမှန်နေတာပဲ၊ ခင်လေးမှားလဲမင်းမှန်မှာပဲ မဟုတ်လား"

"မဟုတ်ပါဘူး ကိုမော်ရာ"

သူတို့နှစ်ယောက်မှာ ဝင်းခိုင်က လေးငါးလငယ်ပေမယ့် ကိုမော်နှင့်ဆို အစ်ကိုကြီးတစ်ယောက်လိုနေပါတယ်၊ ကိုမော်ကတော့ သူ့ထက်တစ်နှစ်လောက်ငယ်တဲ့ ခင်းလေးအပေါ်တောင် ကလေးဆိုးကြီးလို ဆိုးချင်သေးတယ်လေ။

"ကိုမော်... သည်လိုဆို ခင်လေးရဲ့ငွေစုငွေချေးက ချေးငွေကျေပြီ၊ ကိုမော့်ဆွဲကြိုးရွေးချင်ရင် ခင်လေးရဲ့ငွေစုငွေချေးငွေကို ချေးလိုက်ပါလား..."





"နေပါစေဟာ... နင့်ဖာသာချေးပြီး အမေ့ဆီပို့ချင်ပို့ပါ၊ ငါ့ဒုက္ခနဲ့ငါပဲရှိပါစေ"

"သည်လိုလဲဘယ်ဟုတ်ပါ့မလဲ၊ ငါတို့သုံးယောက်ဟာ ဆိုးတိုင်ပင်ကောင်းတိုင်ပင် သူငယ်ချင်းအရင်းကြီးတွေ ဖြစ်နေလာတာကြာပြီ၊ တစ်ယောက်ဒုက္ခကိုတစ်ယောက် ခွဲဝေသူသင့် ယူရမှာပဲ"

ခင်လေးကတော့သည်လိုပဲ တွေးပါတယ်၊ ခင်လေးတို့ရဲ့ ထုတ်လုပ်မှုဌာနကလေးမှာ ဝန်ထမ်းကငါးယောက်ထဲရှိတာ၊ အန်တီမြင့်နဲ့ အန်တီကြွယ်တို့ အဖွားကြီးနှစ်ယောက်နဲ့ ခင်လေးတို့သုံးယောက်ထဲရှိတာ၊ အလုပ်ဝင်ထဲက သူငယ်ချင်းတွေလိုပေါင်းလာခဲ့တာပဲ၊ တစ်ယောက်နဲ့တစ်ယောက် ကူညီစာနာရလိမ့်မယ်။

"နေစမ်းပါစေဟာ၊ ငါ့ဆွဲကြိုးကိုက အန်တီစိန့်ဆီမှာ နေချင်နေတာ.. တစ်ခါတစ်လေ ငါ့ဆီပြန်လာတာကိုပဲ ကျေးဇူးတင်လိုက်စမ်းပါ၊ အမြဲသွားမနေတာဘဲ ဝမ်းသာစရာပေါ့"

ကိုမော်ကတော့ ပျော်ပျော်ပါပဲ၊ ဘကြီးရဲ့ဆေးဖိုးတွေနဲ့ အမြဲလို လုံးချာလည်နေသမျှ ဖြစ်ချင်ရာဖြစ်ပဲပေါ့၊ သူ့စိတ်ထဲတော် လည်း ကောင်းတော့ကောင်းပါတယ်၊ စိတ်ညစ်နေရမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဖြစ်မလဲ၊ ဝင်းနိုင်က ပြည့်စုံသူမို့ ကျညီမယ်ဆိုလည်း လက်မခံ၊ အင်းလေ. . . အဲလိုမာနလေးတာလည်း ရှိသင့်ရှိထိုက်တာပဲမဟုတ်လား၊ ခင်လေးလည်းအဲလိုမာနစိတ်ကလေးကတော့ ရင်ထဲမှာရှိနေတာပါပဲလေ။

* * * * * * * * * *

မလေး. . . ဘာဟင်းတွေကြိုက်တတ်သလဲလို့ သေချာမေးထားဦးမယ်၊ ကျွန်မကြိုက်တဲ့ဟင်းတွေကို မလေးကကြိုက်လိမ့်မည်မထင်၊ သည်နေ့တော့ ငါးကြော်နှင့်ချဉ်ရည်ဟင်းရယ်၊ ငပိရည်တို့စရာရယ်ပဲရှိတယ်။

"ဘာချက်လဲ ထင်မိုးအောင်"

"ဟင်းမကောင်းဘူး၊ ငါးကြော်"

"ဒါဆို မိုး ဝက်သားအချိုနှပ်ထားတယ် ယူစားပါလား"

"ဟင့်အင်း. . တော်ပြီ"

မိုးမိုးဦးက ကျွန်မဟင်းတွေကိုဆို အားမနာတမ်းတောင်းတတ်သလို ဟင်းဆိုလည်း လာလာပေးပါတယ်၊ ဒါပေမယ့် မိုးမိုးဦးဟင်းတွေက လက်ရာညံ့တယ်လို့ ကျွန်မကချေးများသူပီပီ မနှစ်သက်တတ်ပါ။





"ထင်မိုးအောင်. . . မင်းနဲ့အခုနေတဲ့ ခင်လေးငယ်ကဆင်းရဲတယ်ကြားတယ်. . . မင်းသတိထားနေနော်"

"ဆင်းရဲတယ်. . . အဲဒါဘာဖြစ်လဲ"

"ဩော် သူကဆင်းရဲတယ်၊ မင်းကချမ်းသာတယ်ဆိုတော့ မင်းကိုကပ်စားနေဦးမယ်"

"အဲဒါမင်းနဲ့ဆိုင်လို့လား. . . ခင်လေးငယ်အကြောင်းကို မင်းဘယ်လောက်သိလို့လဲ၊ သေချာလည်းမသိဘဲနဲ့လူတစ်ယောက်ရဲ့မာန၊ လူတစ်ယောက်ရဲ့ကိုယ်ကျင့်သိက္ခာကိုအထင်နဲ့မဖျက်ဆီးပါနဲ့၊ ကျွန်မမကြိုက်ဘူး"

"တို့က စေတနာပါ"

ပြောမရမှန်းသိတော့ စေတနာနှင့်ပိတ်ပြီး ထွက်သွားပြီ၊ ခင်လေးငယ်သိရင် စိတ်မကောင်းဖြစ်မှာပေါ့၊ ခင်လေးငယ်ဆီမှာ အဲလိုနိမ့်ကျတဲ့စိတ်မရှိနိုင်ဘူးလို့ ကျွန်မယုံကြည်နေတယ် ဘာတွေမှန်းလည်းမသိဘူး။

အဆောင်မှာနေရတာ စိတ်ပျက်စရာတော်တော်တောင်းတဲ့ လူတွေကိုတွေ့ရပါတယ်၊ ဟိုးအရင် မာမီ့ရင်ခွင်မှာနေရစဉ်ကဆို သည်လိုမျိုး လူတွေရဲ့စိတ်ဓါတ်တွေကို ကျွန်မဘာမှမသိခဲ့ပါဘူး၊ သိလာရတဲ့အခါ အရမ်းစိတ်ပျက်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲပြန်ဝင်ပြီး အိပ်နေရင်းမှ သန့်ရှင်းသပ်ယပ်သော အခန်းဟာ ကျွန်မစိတ်ကိုပါ ရောထွေးသန့်ရှင်းစေတယ်ဆိုတာ ဝန်ခံရမှာပါ။ သည့်အတွက် မလေးကိုကျေးဇူးတင်ရမှာပါပဲ၊ ကျွန်မက မှောင်နေတဲ့ဝန်းကျင်ကို နှစ်သက်တယ်လေ၊ ဒါကြောင့် အခန်းမီးကိုငြိမ်းပြီး မှောင်ထဲမှာ ငြိမ်သက်စွာ အတွေးနှင့် နေလေ့ရှိပါတယ်။

"အောင်. ."

"ဟင်"

"အောင်ဟာ နေလည်းနေနိုင်တယ်၊ မှောင်နေတာ မင်းမို့လို့မမွန်းတယ်"

"မလေးပြန်လာပြီလား. . . ကျွန်မဗိုက်ဆာနေပြီ"

"ထမင်းစားစောင့်နေတာလား. . . စားနှင့်ရောပေါ့ အောင်ရယ်၊ ခင်လေးက သည်ရက်တွေနောက်ကျတတ်မှန်း သိလျှက်နဲ့၊ နေဦးကွာ. . . ခင်လေးရေချိုးချင်သေးတယ်"

"ချိုးလေ. . . ပြီးရင်စားမယ်"

မလေးရဲ့စားပွဲပေါ်မှာ ဘာဝယ်လာသည်မသိ၊ အထုပ်ကလေး တစ်ထုပ်တွေ့ရတယ်၊ မလေးရေချိုးပြီးပြန်ရောက်လာတော့မှ မေးရတယ်။





"မြင်းခွာရွက်သုတ်ဝယ်လာတာအောင်ရဲ့ အောင်ကြိုက်ရဲ့လား"

"ကျွန်မ ငါးကြော်နဲ့ချဉ်ရည်ဟင်းချက်ထားတယ်"

"ဒါဆိုရင် မြင်းခွာရွက်သုတ်လေးပါပါတော့ ပိုမြိန်မှာပေါ့၊ အောင် ချဉ်ရည်ဟင်းချက်ထားတယ်ဆို ကောင်းတယ်၊ ခင်လေးက ချဉ်ရည်ဟင်းကြိုက်တယ်၊ အမေကဆို ခင်လေး အကြိုက် ဘဲဥကြော်နဲ့ချဉ်ရည်ဟင်း၊ ငါးပိကောင်ကြော်နဲ့ ချဉ်ရည်ဟင်း ခဏခဏချက်တာ"

"မလေးကြိုက်တတ်တဲ့ဟင်းတွေ ပြောပြထားလေ၊ ကျွန်မချက်ပေးမှာပေါ့"

"မီးဖိုထဲမှာချည်းပဲ နေနေလို့မပြီးဘူးအောင်၊ မင်း ဘာအလုပ်လုပ်မှာလဲ"

"မလေးကလည်းလေ. . . ကျွန်မမှာ အလုပ်လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်မှမရှိတာ၊ ရုတ်တရက် ဘယ်စဉ်းစားတတ်ပါ့မလဲ၊ ဖြည်းဖြည်းပေါ့. . . မလေးစေတနာသိတယ်၊ ကျွန်မ စဉ်းစားပါ့မယ်"

ဒက်ဒီနှင့်နေစဉ်ကတော့ သူ့အလုပ်ထဲမှာ မန်နေဂျာ လုပ်ဖို့ပြောသား. . . မလုပ်ချင်ပါဘူး၊ အထွေထွေမန်နေဂျာကြီး-



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရိုစီရွှေအနားမှာ တစ်နေကုန်နေနေရမှာမို့ မနေချင်တာနဲ့ မလုပ်ဘူးလို့ပြောလိုက်ပါတယ်၊ အခုလည်း အဲသည့်မှာမလုပ်ချင်ပါဘူး၊ ကျွန်မတို့နှစ်ယောက် ထမင်းလာစားကြတဲ့အချိန် ထမင်းစားခန်းမှာ လူရှင်းနေပါပြီ၊ ဒါပေမယ့် ဒွေးသူဇာ တစ်ယောက် ဘာတွေချက်နေသည်မသိ၊ ကျွန်မနှင့်မလေးကို လှမ်းကြည့်ပါတယ်၊ အတူတူထမင်းစားတယ်ဆိုတော့လည်း အထူးအဆန်းအဖြစ် ပြောစရာလေးတွေတော့ ရသွားကြမှာပေါ့လေ၊ မလေးကိုကျွန်မ တစ်ခုသဘောကျတာ အင်မတန်တည်ငြိမ်တာပါပဲ၊ ဘယ်သူက သူ့ကိုကြည့်နေနေ ခပ်အေးအေး ပုံမှန်ပါပဲလေ။

"မြင်းခွာရွက်သုတ်က ပုဇွန်ခြောက်လည်းမပါဘူး"

ကျွန်မမနေနိုင်ဘဲပြောမိတယ်။

မလေးကပြုံးပြီး အောင်သုတ်သလိုတော့ ပုဇွန်ခြောက်နိုင်းခြင်းနဲ့ ဘယ်ရပါ့မလဲ၊ သူ့ဈေးနဲ့သူ တန်ရုံပဲရမှာပေါ့လို့ ပြောပါတယ်။

"မလေး အသုတ်တွေကြိုက်ရင် ကျွန်မလုပ်ထားပါ့မယ်"

"ကြိုက်တယ်လဲမဟုတ်ပါဘူး၊ ဝယ်စားရတာဆိုတော့ အဆင်ပြေအောင်လို့ပါ"





"နောက်ဘာမှဝယ်မလာနဲ့၊ ကျွန်မချက်ထားမယ်"

"ဟင့်အင်း. . . အောင့်ဟင်းတွေက ပိုကောင်းနေရင် ခင်လေးက ကျေဇူးနည်းသွားမှာပေါ့၊ ဒါဆို အောင့်ပေါ် ကျေးဇူးတင်သွားရမယ်. . ."

ကျွန်မအပြောတွေ ခင်လေးပြောတဲ့အခါ ပြုံးမိပါတယ်၊ ထမင်းစားရင်း စကားမပြောချင်တဲ့ကျွန်မဟာ မလေးကိုကြတော့ ဘာလို့စကားတွေပြောနေမိပြန်ပါလိမ့်. . .၊ ပန်းကန်တွေဆေးပြီးတော့ အခန်းဆီပြန်လာခဲ့ကြတယ်။

"မလေး. . . အိပ်တော့မှာလား"

"ဟင့်အင်း. . . ဘုရားရှိခိုးပြီးမှ"

မလေးကိုတွေ့ရတာ သူ့ရဲ့တစ်နေ့တာဝတ္တရားတွေကို ဖျက်ကွက်လေ့မရှိပါဘူး၊ အမြဲလို အေးချမ်းနေတယ်လို့လဲ စိတ်မှာခံစားမိပါတယ်။

"အောင်. . . အိပ်ချင်အိပ်တော့၊ ဘယ်လိုအလုပ်တွေလုပ်မယ်ဆိုတာ စဉ်းစားပြီးအိပ်၊ ခင်လေး ဘုရားရှိခိုးတော့မယ်နော်"

"မီးမှိတ်ထားရင်ရမလား"

"ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



မီးမှိတ်လိုက်တယ်၊ ကျွန်မဟာ မှောင်မဲနေတဲ့အခန်းထဲ
မှာ ငြိမ်သက်စွာအိပ်စက်နေရတာကို ဘာလို့များ အင်မတန်
နှစ်သက်မိပါလိမ့်၊ အခန်းလေးက တိတ်ဆိတ်နေတာ
ပါပဲလား. . . .။

* * * * * * * * * * * *

"ဒါ ခင်လေးတို့အလုပ်ဌာနပဲအောင်. . . အောင်
လိုက်လာတဲ့အတွက် လက်ဖက်ရည်တိုက်မယ်၊ နောက်
မြို့ထဲထွက်ရင် လာလို့ရအောင်ပေါ့"

ခင်လေးနှင့်အတူ ထင်မိုးအောင်ကိုခေါ်လာခဲ့တယ်
အခန်းကလေးတစ်ခန်းထဲမှာ ဝမ်းနည်းစရာ ဒေါသဖြစ်စရာ
တွေနှင့် အောင်နေနေတာကို ခင်လေးမနှစ်သက်ပါဘူး
ပင်ကိုယ်စိတ်ရင်းမဆိုးလှပါဘဲ ဒေါသကလေးတွေနှင့် ရှိနေတာ
နေသူအတွက် ပတ်ဝန်းကျင် ကျဉ်းမြောင်းလာလေ အတွေး
ကျဉ်းမြောင်းလာလေဖြစ်မှာကို ခင်လေးမလိုလားပါဘူး။

"ဒက်ဒီ့အလုပ်တိုက်ကို ကျွန်မတစ်ခါလိုက်သွားမိတယ်
လူတွေရဲ့မျက်ဝန်းတွေက အကြည့်အမျိုးမျိုးတွေကို ကျွန်





မုန်းတယ်၊ ဂရုဏာသက်သလိုလိုလေသံတွေနဲ့ တကယ့်စေတနာ
မပါပါဘဲ အပိုစကားတွေပြောနေကြသလိုမို့ ကျွန်မဘယ်တော့မှ
မလိုက်တော့ဘူး"

"ပတ်ဝန်းကျင်မှာ လူတွေအမျိုးမျိုး စိတ်တွေအမျိုးမျိုး
တော့ ရှိမှာပဲအောင်. . . နားလည်တတ်ဖို့တော့လိုတယ်၊
စေတနာအစစ်ရှိတဲ့လူကို စိတ်ရောကိုယ်ပါပေါင်းလို့ရပေမယ့်
အပေါ်ယံလူတွေကိုတော့ နားလည်အောင် အဆင်ပြေအောင်
ပေါင်းရုံပေါ့၊ တကယ်က သူတို့ရင်ထဲမှာ စေတနာအစစ်အမှန်ရှိဖို့
မရှိဖို့ထက် ကိုယ့်ရင်ထဲမှာ စေတနာအစစ်အမှန်ရှိနေဖို့က
အလိုအပ်ဆုံးပဲလေ. . ."

"ကျေးဇူးတင်တယ်မလေးရယ်၊ ကျွန်မကိုဘယ်သူကမှ
အဲလိုမပြောပြဘူး"

"တော်ကြာမှ ခင်လေးပြောပြလွန်းလို့ အောင်. . .
နားညည်းမယ်"

"မညည်းပါဘူး"

ခင်လေးရဲ့အလုပ်စားပွဲကိုရောက်တော့ ပတ်ဝန်းကျင်
အသစ်အဆန်းကို လိုက်ကြည့်နေတဲ့ ထင်မိုးအောင်ပုံစံလေးက
ကလေးလေးတစ်ယောက်လိုပါပဲ၊ ရင်ထဲရှိရင်ရှိသလို ပြောပစ်



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့၊ ဘယ်သူကမှမပေါင်းချင်တဲ့ ကောင်မလေးတဲ့၊ ခုတော့လည်း တကယ့်ကိုယုန်ဖြူကလေးတစ်ကောင်လိုပါလား။ ခင်လေးကတော့ တစ်ဦးတည်းသောသမီးပီပီ အဲလိုညီမဆိုးဆိုးကလေးတွေကို လိုချင်တတ်သူပါ။

"ဒေါ်ခင်လေးငယ်. . သည်နေ့နောက်ကျတဲ့အတွက် လက်ဖက်ရည်တိုက်ရမယ့်သူ ဖြစ်သွားပါတယ်ခင်ဗျား"

ကိုမော်အသံနှင့်အတူ သူတို့နှစ်ယောက် ရောက်လာပါပြီ၊ ခင်လေးနှင့်သူတို့တွေက အမြဲအတူစားသောက်နေဖူးကြပေမယ့် သည်နေ့တော့ ထင်မိုးအောင်ပါ ပါလာတယ်လေ၊ လက်ဖက်ရည်ဆိုင်ရောက်တော့မှ သူတို့ကိုမိတ်ဆက်ပေးရတယ်။

"ထင်မိုးအောင်တဲ့. . . ခင်လေးရဲ့အခန်းဖော်အောင်. . သူက ကိုမော်၊ သူက ဝင်းခိုင်၊ ခင်လေးနဲ့အလုပ်ဌာနတစ်ခုတည်း"

"ထင်မိုးအောင်အကြောင်း ခင်လေးပြောပြလို့ သိနေတာကြာပါပြီ"

"မလေးက ဘာပြောလဲ၊ ကျွန်မတံမျက်စည်းလှည်းရှော ပျင်းတယ်လို့ ပြောတာလား"

"မဟုတ်ပါဘူး. .၊ ဟင်းချက်အရမ်းကောင်းတယ်လို့ ပြောတာပါ"





ကိုမော်က သွက်လက်တဲ့လူဆိုတော့ ထင်မိုးအောင်ကို အလိုက်သင့်စကားပြောနိုင်ပြီး ဝင်းခိုင်ကတော့ ပြောသမျှပြုံးရင်းနားထောင်နေတတ်တဲ့ သူ့ပုံစံအတိုင်းပါပဲလေ။

"အံမယ်. . . ကိုမော်၊ နင့်ဆွဲကြိုးလေး နင့်လည်ပင်းပြန်ရောက်နေပါလား၊ အန်တီစိန့်အိမ်မှာနေရတာ ပျင်းသွားပြီထင်တယ်၊ ဆွဲကြိုးခြေထောက်မပေါက်စေနဲ့ဦး. . ."

"ငါငွေစုငွေချေး ချေးလိုက်တယ်လေ ခင်လေးရာ. ."

"ဆွဲကြိုးခြေထောက်ပေါက်တယ်ဆိုတာ ဘာဖြစ်တာလဲ"

ထင်မိုးအောင်က ခင်လေးတို့သူငယ်ချင်းတွေရဲ့ စကားတွေ ဘယ်နားလည်ပါ့မလည်းလေ၊ သူ့ပါတ်ဝန်းကျင်လေးက အများကြီးကျဉ်းမြောင်းနေပြီပဲ။

"ကိုမော့်မှာ ချူချာတဲ့ဘကြီးတစ်ယောက်ရှိတယ်၊ ဘကြီးနေမကောင်းရင် ဆွဲကြိုးက အလုပ်ထဲကအန်တီစိန့်ဆီပေါင်ပြီး ဆေးကုရပြန်ရော၊ နောက်တစ်ခါရွေးစရာလေးရရင် ရွေးလိုက်ပြန်ရော၊ ဒါနဲ့ပဲ ဆွဲကြိုးကခြေထောက်ပေါက်ပြီး ကိုမော်နဲ့ အန်တီစိန့်ဆီ ခေါက်တုန့်ခေါက်ပြန်လျှောက်သွားနေတတ်တယ်လို့ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဆွဲကြိုးကိုပေါင်ရတယ် ဟုတ်လား"

"အောင်က ပြည့်စုံတယ်ဆိုတော့ သည်လိုအခက်အခဲတွေကို ဘယ်နားလည်ပါ့မလည်းကွာ၊ ခင်လေးတို့တွေကသည်လိုမျိုး အခက်အခဲလေးတွေရှိတတ်ကြတယ်၊ ကျန်ခဲ့တဲ့နှစ်အမေဆေးရုံတက်ရတုန်းက ခင်လေးလက်ကောက် ရောင်းကိုရောင်းလိုက်ရတာ"

"ဟုတ်လား. . .၊ ဒါဆို ခင်လေးမှာလက်ကောက်မရှိတော့ဘူးပေါ့"

ထင်မိုးအောင် လက်မှာဝတ်ထားတဲ့လက်ကောက်တွေက အများကြီးပဲလေ၊ သူ့အတွက်တော့ မရှိဘူးဆိုတဲ့စကားဟာ အထူးအဆန်းဖြစ်ချင်ဖြစ်နေမှာပေါ့။

"ခဏခဏလာလည်ပါ ထင်မိုးအောင်"

"ကျွန်မ အပြင်သိပ်မသွားဘူး၊ ဈေးဝယ်တာတစ်ခုပဲသွားတာ၊ ကိုမော်လာခဲ့ပေါ့"

"ဟဲ့. . . ကိုမော်၊ အောင်ကသဘောရိုးနဲ့လာလည်ခေါ်တိုင်း နင်သိပ်မလာနဲ့နော်၊ အဆောင်မှာက မိန်းကလေးတွေအများကြီး အပြောခံရမယ်"





ခင်လေးကတော့ ဝင်းခိုင်နှင့်ကိုမော့်ကို အဆောင်ခဏခဏမလာဖို့ မှာပါတယ်။

"ဘာဖြစ်လဲမလေးရဲ့. . . ဂရုစိုက်လို့ သူငယ်ချင်းတွေလာလည်တာပဲ ရပါတယ်၊ သူများတွေဘာပြောပြောပေါ့"

"ဘယ်ဟုတ်မလဲအောင်၊ မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ အပြောမခံရလေကောင်းလေပဲ၊ ကိုယ်မဟုတ်ပေမယ့်အပြောခံရရင် တစ်နေ့မှာအမည်းစက်ဖြစ်မလာဘူး မပြောနိုင်ဘူး၊ အလုပ်ထဲမှာဆိုရင်တောင် ကိုမော်နဲ့ဝင်းခိုင်ကို ခင်လေးခင်ခင်မင်မင်ရှိနေလို့ အန်တီသန်းတို့ပြောကြတယ်၊ နောက်မှခင်လေးတို့သူငယ်ချင်းတွေဆိုတာ နားလည်သွားတာ. . ."

"ကျွန်မကတော့ ကျွန်မမှန်ရင်ပြီးရော၊ ကျွန်မစိတ်၊ ကျွန်မလိပ်ပြာသန့်ရင် ဘယ်သူဘာပြောပြောပဲ"

"မဟုတ်သေးဘူး အောင်. . ."

အဲသည့်ထင်မိုးအောင်က ဒါကြောင့်လည်း အဆောင်မှာဘယ်သူနှင့်မှ အဆင်မပြေတာနေမှာ၊ သူမှန်ရင်ပြီးရောဆိုပြောချင်ရာတွေလည်းပြောတာပဲမဟုတ်လား၊ တစ်ခါတလေတော့ ထင်မိုးအောင်ကို အမေ့ဆီခေါ်သွားချင်တယ်၊ အမေတော့ ထင်မိုးအောင်ကိုချစ်မှာပါ၊ အမေက လိမ္မာတတ်တာ



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူးလေ၊ ထင်မိုးအောင်က အမှန်တွေပြောလွန်းတဲ့သူ အမေနှင့် ထင်မိုးအောင်တွေ့ရင် ဘာတွေပြောကြမလဲ. . .။ ခင်လေးသိချင်ပါဘိ။

"ကျွန်မပြန်မယ်. . . မလေး၊ မြို့ထဲမှာနေပေမယ့် ဗိုလ်ချုပ်ဈေးမရောက်တာကြာလှပြီ၊ သည်နေ့ သွားမလားလို့ ညနေကျရင် ကျွန်မဟင်းချက်ထားမှာနော်၊ ကျူရှင်ပြီးပြီးချင်း ပြန်လာခဲ့. . ."

အောင်က ဝင်းခိုင်နှင့်ကိုမော့်ကို သွားတော့မယ်ဆို ချက်ခြင်းထွက်သွားရော. . .။

"သူ. . . စိတ်ဆိုးသွားတာလား"

"မဟုတ်ပါဘူးဟယ်. .၊ ထင်မိုးအောင်က သည်လိုပါပဲ တစ်ခါတစ်လေ စကားပြောနေရင်း အိပ်တော့မယ် မလေးဆို စကားပြတ်သွားတာ၊ စိတ်ရဲ့အလိုကို လိုက်လွန်းသလိုပဲ"

"ဒါပေမယ့် ချစ်ဖို့ကောင်းတယ်"

ကိုမော်သည်လိုပြောတော့ ဝင်းခိုင်က ကိုမော်ရေ. . . ရင်ထဲကတကယ်ချစ်မှပြောပါ၊ လွယ်လွယ်မပြောသင့်တဲ့ စကားနော်လို့ သတိပေးတယ်၊ ဒါ. . . အမှန်ပါပဲ၊ ချစ်စရာ ကောင်းတယ်ဆိုတာ ရင်ထဲကစကားပဲ။



"ငါ့အမြင်မှာ သူ့ရဲ့ပွင့်လင်းမှုလေးကို ချစ်စရာကောင်းတယ်လို့မြင်လို့ပြောတာပါ၊ သူပြောချင်ရာပြော. . . သူထင်ရာသူလုပ်နဲ့ သူ့ဘဝလေးမှာ ဘာဖုံးကွယ်လို့ဝှက်မှုမှ မရှိဘူး၊ ဒါကို သဘောကျတာ"

"ကိုမော်နော်. . . ခင်လေး မျက်နှာပျက်အောင် မလုပ်နဲ့၊ ပြီးတော့ အဆောင်ကိုလည်းမလာနဲ့"

"ဒါဆို ထင်မိုးအောင်နဲ့ ဘယ်တွေ့ရပါမလဲ"

"ဝင်းခိုင် တွေ့လား၊ ကိုမော်တော့ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ချင်နေပြီ၊ စကားပြောတာမကောင်းဘူး"

"ခင်လေးကလည်းကွယ်. . ကိုမော့်အကြောင်းလည်း သိသားနဲ့၊ အမြဲတမ်းအပြောင်အပျက်နဲ့ စကားကိုဘယ်တုန်းက အတည်ပြောလဲ"

ဒါတော့လည်းဟုတ်ပါတယ်၊ ကိုမော်က အမြဲလို အွှက်လက် ဖျက်လတ်ပျော်ရွှင်ပြီး နောက်ပြောင်နေတတ်တာလေ။

"ဟာ. . . သည်တစ်ခါ အတည်ပါ. . . အတည်"

"တွေ့လား. . . ဝင်းခိုင်"

♣ ရန်ပိုင်ဦးစာပေ ♣

www.burmeseclassic.com

www.burmeseclassic.com



ကိုမော်ရယ်နေတော့ ခင်လေးမှာဖြင့် ကိုမော်နှင့် အောင့်ကို တွေ့ပေးမိတာမှားပြီလားလို့တောင် ထင်မိတယ်။

* * * * * * * * * *

"အန်တီနွဲ့. . . ရောက်နေတာလား၊ ထိုင်လေ. . ."

"ထင်ထင် ဘာဟင်းချက်နေလဲ"

"ရှောက်သီးသုတ်မလို့. . . အန်တီနွဲ့၊ ဟင်းခါးအိုးတည်နေတာ၊ အန်တီနွဲ့အတွက် ပိုသုတ်ပေးမယ်လေ"

"ကောင်းတာပေါ့၊ ဘယ်လိုလဲ. . . ခင်လေးငယ်နဲ့နေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"မနေ့က ရှိစီလာသေးတယ်"

ဒေါ်ရှိစီရွှေ့နာမည်ကြားရင်ကို မကျေနပ်ခြင်းဒေါသဟာ ဘယ်လိုနေရာကနေ ရင်ထဲထိုးဖေါက် ဝင်ရောက်လာသလဲဆိုတာ မသိလောက်အောင်ပါပဲ၊ ကျွန်မမာမီရဲ့မျက်ရည်တွေနဲ့အတူ ဘဝတစ်ခုလုံးကိုပါ ဘုံးဘုံးပြုလဲစေသူလို့ပဲ အမြဲခံစားလို့ရတယ်။





"ဘာလာလုပ်တာလဲ"

"ထင်ထင့်ဒက်ဒီက ထင်ထင်. . . အဆင်ပြေ မပြေ သွားကြည့်ပါဆိုလို့တဲ့လေ"

"ဒက်ဒီက သူ့ဖာသာလာကြည့်ရင် မရလို့လား"

"ဒြော်ကွယ်. . . ၊ သူလည်းမအားလို့ပေါ့၊ ထင်ထင့်ကို စိတ်ပူလို့သာ သတိတရလာကြည့်ခိုင်းတာပေါ့"

ကျွန်မလိုချင်တာ သည်သို့သောသတိရမှုတွေ မဟုတ်ပါဘူး၊ အဆောင်ကိုပြောင်းနေပြီးကတည်းက ဒက်ဒီနှင့် ဘယ်နှစ်ခါများ တွေ့ခဲ့ရလို့လဲ၊ ဒက်ဒီ ဖုန်းဆက်တာရော ဘယ်နှစ်ခါရှိလို့လဲ၊ တော်ပါပြီ. . . ကျွန်မဖြစ်ချင်တာတွေက ဘယ်တော့မှဖြစ်လာလိမ့်မည် မဟုတ်ပါ။

"ရှိစီက ထင်ထင့်ကိုတွေ့ချင်ပေမယ့် မကြိုက်မှာစိုးလို့ဆိုပြီး. . ."

"ကောင်းပါတယ်. . . မလာတာပဲကောင်းပါတယ်၊ သူ့ကိုတွေ့ရင် ကျွန်မအရမ်းစိတ်ဆိုးတယ်၊ မာမီငိုနေတာပဲမြင်တယ်၊ အသည်းနှလုံးမရှိတဲ့အဲလိုလူမျိုးနဲ့ စကားမပြောချင်ပါဘူး၊ တွေ့လည်းမတွေ့ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ရှောက်သီးသုတ်ထဲမှာ ဒေါသတွေပါဝင်ကုန်ပြီထင်ပါရဲ့၊ အန်တီနဲ့အတွက် ရှောက်သီးသုတ်နဲ့ ကြာဇံဟင်းခါးတစ်ခွက် ပေးလိုက်တယ်၊ တကယ်ဆို ကျွန်မအဆင်ပြေမပြေသိချင်ရင် ကျွန်မဆီကိုလာပါလား၊ တော်ပါပြီ. . . ဒက်ဒီ့အကြောင်းက မတွေးတာ အကောင်းဆုံးပါပဲ။

တစ်ယောက်ထဲအခန်းပြန်လာပြီး ငြိမ်သက်စွာအတွေး တွေနှင့်နေမိပါတယ်။

တွေ့ချင်တယ်လည်းဆိုသည်။

ဘာလို့ ကျွန်မမုန်းသောသူနှင့်မှ သတင်းမေးရသလဲ၊ ကျွန်မဆီကို ဖုန်းကလေးတစ်ချက် ကောက်ဆက်ရင်ကော မရလို့လား၊ ကျွန်မကိုမတွေ့ချင်ဘူးဆိုတဲ့သဘောလား။

စိတ်မှာဒေါသတွေ များရလွန်းပါတယ်၊ ဒက်ဒီ့ကြောင့် ကျွန်မစိတ်အနှောင့်အယှက်ဖြစ်ရတယ်လေ။

"အောင်. . . မင်းကိုကြည့်ရင် အမြဲမှောင်မှောင်မဲမဲ ထဲမှာ ဘာတွေတွေးနေလဲ"

"မလေးပြန်လာပြီလား. . . ကျွန်မအလုပ်လုပ်ရမယ့် အကြောင်း စဉ်းစားနေတာ၊ အခုကျွန်မသိပြီ၊ ဒက်ဒီ့အလုပ်ထဲ မှာပဲ ကျွန်မအလုပ်သွားလုပ်မယ်"





"အောင်ပြောတော့ အဲသည့်ပတ်ဝန်းကျင်မှာ မနေချင် ဘူးဆို"

"အခုနေချင်ရလိမ့်မယ်မလေးရဲ့၊ ကျွန်မရှိမနေရင် ဒေါ်ရှိုစီရွှေကလည်း ပျော်နေမှာပေါ့၊ ကျွန်မရှိနေတော့ သူလည်း စိတ်ပျက်နေမှာ. . . ကျွန်မအဲဒီမှာပဲ အလုပ်သွားလုပ်ရ ဆိမ့်မယ်"

ခင်လေးငယ်ကတော့ ပစ္စည်းလေးတွေ စားပွဲပေါ်တင်ပြီး ထွင့်လိုက်ပါတယ်၊ မျက်စေ့တွေကျိန်းလွန်းလို့ မျက်နှာပေါ်ကို လက်ဝါးနှင့်ကာထားရတယ်လေ။

"အောင့်ကိုအလုပ်လုပ်စေချင်တယ်ဆိုတာ အခုလို တစ်ယောက်တည်းနေပြီး အချိန်တိုင်း စိတ်အနှောင့်အယှက် တွေရှိနေမှာ စိုးရိမ်လို့ ခင်လေးကအလုပ်လုပ်စေချင်တာ၊ အောင့် ရည်ရွယ်ချက်က အောင့်ဒက်ဒီတို့လင်မယားကို သွား အနှောင့်အယှက်ပေးဖို့ဆိုရင် မကောင်းဘူးပေါ့၊ အောင့်စိတ်တွေ ခုထက်ပိုရှုပ်ထွေးရမယ်"

"ကျွန်မသည်နေ့ခံစားရတယ်၊ ဒါကြောင့် ဒက်ဒီ့ဆီမှာ အလုပ်လုပ်ဖို့ဆုံးဖြတ်လိုက်တာ ခင်လေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအဆင်ပြေမပြေသိချင်ရင် ကိုယ်တိုင် ဖုန်းဆက်ဆက် လာချင်လာရပါလျှက် ဒေါ်ရှိစီရွှေကိုလွှတ်လိုက်တာ ခင်လေးငယ်ကို ပြောပြမိတယ်၊ ကျွန်မမကျေမနပ် ခံစားရတာကိုး။

"မင်းအဖေ မင်းဆီလာတာကို မကျေနပ်ဘူး မဟုတ်လားအောင်. . တကယ်ဆို အဖေနဲ့သမီးမှာ အဖေ့ဆီကို သမီးကသွားသင့်သလား သမီးဆီကို အဖေကသွားသင့်သလား အောင်ရယ်"

"ဒက်ဒီက ကျွန်မတို့ကို ထားခဲ့တဲ့လူပါမလေးရဲ့၊ ဒက်ဒီက မှားတဲ့သူပဲ၊ ဒက်ဒီကပဲလာသင့်တယ်"

"မိဘနဲ့သားသမီးမှာ မိဘကမှားချင်မှားမယ်၊ ဒါပေမယ့် သားသမီးကခွင့်လွှတ်လိုက်သင့်ပါတယ်"

"မလေးအဖေကို မလေးခွင့်လွှတ်လို့ရသလား"

"ဥပေက္ခာပြုလို့ရတယ်၊ ပြီးတော့ တန်ခိုးနဲ့ မုန်းနေတာမျိုး မရှိဘူး၊ အဖေလည်း သူ့ဘဝမှာသူပျော်ရင်ပြီးရောပေါ့၊ ခင်လေးလည်း ခင်လေးဘဝမှာ အမေနဲ့ပျော်နေနိုင်တာပဲ"

"ကျွန်မတို့သားအမိက မပျော်ခဲ့ရဘူး"





ပြန်မစဉ်းစားချင်ဘူး၊ ပြန်စဉ်းစားရင် မျက်ရည်စတွေကိုပဲမြင်နေတယ်၊ မျက်ရည်ကြောင့်လည်း အမုန်းတွေ ဝိုလာသလိုပါပဲလေ။

* * * * * * * *

"ဟင်. . . အောင်"

အလုပ်တွေထဲ စိတ်နစ်နေတာမို့ အနားမှာလာရပ်တော့မှပဲ မြင်မိတယ်၊ ပန်းရောင်ဝတ်စုံနှင့် အောင့်အလှကို ခင်လေးတောင်မှ ကြည့်နေမိပါတယ်၊ သည်နေ့တော့ အောင်မျက်နှာရွှင်နေသလိုပါပဲလား။

"ဒက်ဒီဆီသွားတာ. . . အပြန်မှာ မလေးနဲ့မနက်စာ အတူစားချင်လို့ဝင်လာတာ၊ အပြင်ထွက်လို့ရမလား မလေး"

"ခင်လေးနဲ့ပဲအတူစားချင်တာလား၊ ကျွန်တော်တို့ရော ...က်လို့မရဘူးလား"

"ရတာပေါ့ ကိုမော်ရဲ့၊ ကိုဝင်းခိုင်ရောအတူပေါ့"

အလုပ်ကနားချိန်ရတာမဟုတ်၊ ကိုယ့်အသိစိ...တွေကိုယ် ထမင်းစားချိန်ကို မြန်မြန်စားရတာမို့ အနီးဆုံး ခိုင်သဇင် ...ပဲစားလိုက်ကြတယ်။

www.burmeseclassic.com



"မလေး. . . ဒက်ဒီက ကျွန်မကိုမြင်တော့ အရမ်းအံ့သြသွားတယ်သိလား၊ ပြီးတော့ ဝမ်းသာနေပုံရတယ်၊ ကျွန်မလေ ဒက်ဒီ့ကိုကြည့်ရင်း ဒက်ဒီ့အပြော ဒက်ဒီ့အပြုံး အားလုံးဟာ တကယ့်အစစ်လား ဟန်ဆောင်တာလားလို့ တွေးကြည့်မိတယ်"

"အောင်ကလဲကွယ်"

"မာမီ့ကိုလိမ်ညာနေခဲ့၊ ပြီးတော့. . . မာမီ့ကို စိတ်ဆင်းရဲစေခဲ့တယ်"

"တစ်ထောင့်ငါးရာခံစားမှုနဲ့ ငါးရာနှစ်ဆယ့်ရှစ်ခံစားမှုဟာ တစ်ခြားစီပဲအောင်ရဲ့၊ အောင့်ဒက်ဒီဟာ အောင့်မာမီကို ရက်စက်ချင်ရက်စက်ခဲ့မယ်. . . . ဒါပေမယ့် အောင့်ကိုတော့ချစ်မှာပါ"

ခင်လေးမှာ ပြောမယ့်သာပြောနေရတယ်၊ ခင်လေး ဘဝကရော အဖေ့အပေါ်မှာ ခုလိုမျိုးနားလည်ပေးခဲ့ပေမယ့် အဖေနှင့်တော့ အတူမနေချင်တော့ပါဘူး၊ သည့်အတွက်လည်း အောင့်ကိုစာနာပါတယ်လေ၊ ခင်လေးမှာက ဖြေသိမ့်စရာ အမေရှိတာကိုး. . . .။

"စားလို့ကောင်းလား မလေး"





"အောင့်လက်ရာကိုတော့ မမီဘူး"

မြန်မာထမင်းဟင်းတွေဆိုတော့ တစ်ယောက်ဟင်းတစ်မျိုး မှာစားကြတယ်၊ အောင့်လက်ရာဟင်းတွေကို စားဖူးနေတဲ့ခင်လေးအတွက်တော့ အခုဆို ဘယ်ဟင်းကောင်းတယ်၊ ဘယ်ဟင်းမကောင်းဘူး. . . လက်ရာတွေကို သိစပြုနေပါပြီ။

"ခင်လေးက ထင်မိုးအောင်လက်ရာကို အရမ်းချီးမွမ်းတာပဲ၊ ကျွန်တော်တောင်မှစားချင်လာပြီ၊ ထင်မိုးအောင် ချက်ကျွေးမလား"

"ကျွန်မက ဟင်းချက်ဝါသနာပါတော့ ဘယ်သူဖြစ်ဖြစ် ချက်ကျွေးချင်ပါတယ် ကိုမော်ရယ်၊ နောက်ရက်ကြတော့ ဟင်းချက်ပြီး မလေးနဲ့အတူထမင်းချိုင့်ထည့်ပေးလိုက်မယ်"

"ကိုမော်ကလဲလေ၊ အောင့်ကိုဒုက္ခမပေးပါနဲ့"

အောင့်ပန်းကန်ထဲ ဟင်းတွေထည့်ပေးတဲ့ ကိုမော့် အပြုအမူဟာ ရိုးရိုးဧည့်ဝတ်ကျေတာလား၊ ဒါမှမဟုတ် ဂရုစိုက်ကြောင်းပြတာလား၊ ဝင်းခိုင်ဆိုသူ့ရင်ထဲ ဘာတွေရှိရှိ ပုံမှန်အတိုင်းနေတတ်ပါတယ်၊ အင်းလေ. . . ကိုမော်က ဟိုးအရင်တည်းက သူငယ်ချင်းတွေကိုဆိုလည်း ဂရုစိုက်တတ်တာပဲ၊ ခင်လေးကိုယ်တိုင်က စိုးရိမ်နေတာများလား. . .။

www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ့ကိုအလုပ်လုပ်ချင်တယ်လို့ အောင်ပြောပြတော့ အရမ်းအံ့ဩသွားပုံပါပဲ၊ ပြီးတော့မေးတယ် ဘာလို့အလုပ်လုပ်တာလဲတဲ့"

"အောင် ဘာဖြေလိုက်လဲ"

"ပျင်းလို့လို့ဖြေလိုက်တယ်၊ တစ်နေ့လာဈေးဝယ်... ဟင်းချက် ထမင်းစားနဲ့ ပျင်းတယ်၊ ဒါကြောင့် အလုပ်လုပ်တာလို့ ပြောလိုက်တယ်"

"ဘာပြောလဲ"

"လမ်းငါးဆယ်ကရုံးခွဲမှာ လုပ်မလားလို့မေးလို့ ကျွန်မငြင်းလိုက်တယ်၊ မဟာဗန္ဓုလလမ်းမပေါ်က ရုံးချုပ်မှာမှ လုပ်မယ်ပြောလိုက်တယ်၊ အဲသည့်မှာ ဒေါ်ရိုစီရွှေရှိတယ်လေ"

ထင်မိုးအောင်ကိုတော့ ချက်ချင်းပြောလို့ရမှာ မဟုတ်ပါဘူး၊ သူ့ဆီမှာ နာကျင်နာကျည်းခြင်းတွေက စွဲထင်နေပါပြီ၊ ခင်လေးသာဆိုရင်တော့ ခင်လေးမုန်းတဲ့လူနှင့် ဝေးဝေးနေမည်၊ မြင်နေရရင် ဘယ်လောက်ဒေါသများမလဲ၊ အလကားနေရင်း အကုသိုလ်တွေပွားနေရမှာ၊ ဟိုတစ်လောက တော့ဖြင့် ဒေါ်ရိုစီရွှေကိုမတွေ့ချင်လို့ အလုပ်မလုပ်ဘူးတဲ့၊ အခုတော့ ဒေါ်ရိုစီရွှေရှိတဲ့ နေရာမှာမှ အလုပ်လုပ်ပြန်





တော့မည်... ဖြစ်ရပြန်ပါပြီ၊ အောင့်စိတ်တွေက အမျိုးမျိုး ပြောင်းလဲနေပြန်ပါလား...။

"ခင်လေးက အောင့်ကိုအလုပ်လုပ်စေချင်တာဟာ အောင်တစ်ယောက်တည်း အထီးကျန်ပြီး စိတ်တွေတိုနေရမှာ စိုးရိမ်လို့၊ အခုဆို အောင်က စိတ်တွေပိုရှုပ်ရမှာ.. အောင့်ဒက်ဒီ ပြောသလို ရုံးခွဲမှာအလုပ်လုပ်လိုက်ပါ လားအောင်"

ခင်လေးအဲလိုပြောတော့လည်း... ငြိမ်သက်စွာ နားထောင်နေပါတယ်၊ ဟုတ်သားပဲ ထင်မိုးအောင်ရယ်၊ စိတ်ဆိုတာ ပေါ့ပါးလန်းဆန်းနေရင် အကောင်းဆုံးပဲ၊ ကိုယ့်စိတ်ကိုကိုယ် ပင်ပန်းခြင်းတွေနဲ့ အဖိစီးမခံပါနဲ့လား...၊ ကိုမော်သည်လိုပြောတော့လည်း ထင်မိုးအောင် တွေတွေလေး ကြည့်နေပါတယ်။

"စိတ်ပင်ပန်းမခံပါနဲ့ထင်မိုးအောင်၊ အတိတ်ကြောင့် ရင်မောနေမယ့်အစား အနာဂါတ်ကောင်းဖို့ပဲဂရုစိုက်ပါလား"

"ပြောတော့လွယ်တယ်ကိုမော်ရဲ့၊ ကျွန်မနေရာမှာ ကိုမော်နေကြည့်ပါလား... အဖေကနောက်မိန်းမယူတယ်၊ အမေက တစ်နေ့တစ်နေ့ ငိုရင်းငိုရင်း နှလုံးရောဂါနဲ့ဖုံးဖုံးပဲကျ သေဆုံးသွားတယ်၊ ကျွန်မနေရာမှာ ကိုမော်ရှိရင်အော...."



www.burmeseclassic.com

www.burmeseclassic.com



ထင်မိုးအောင်ရဲ့ စူးရှရှအသံလေးနှင့် မျက်စောင်းလေးမှာ မကျေနပ်ခြင်းတွေပါပေမယ့် ကိုမော်ကတော့ ပြုံးရင်းကြည့်နေတယ်။

ကိုမော့်မျက်ဝန်းလေးတွေမှာ တွေ့ရတဲ့ပီတိ။

အဲဒါ အချစ်လား. . . . ။

ဘုရားရေ. . . .

ကိုမော့်ဆီကို အချစ်ရောက်နေပြီလား. . . ။

အောင့်ကိုရော တကယ်ချစ်တာလား. . . ၊ ဘဝမှာနာကျင်ခြင်းတွေနှင့် ပြည့်နေတဲ့အောင်မှာ. . . အချစ်ကြောင့် မောပန်းခြင်းတွေကို မရစေချင်ပါ၊ အချစ်ကြောင့် ပျော်ရွှင်ကြည်နူးခြင်းတွေပဲ ရှိစေချင်ပါတယ်။

ကိုမော့်ကိုတော့ ဝင်းခိုင်က တစ်ဆင့်ဖြစ်ဖြစ်ပြောဦးမှပါ။

"မစာနာလို့မဟုတ်ပါဘူး ထင်မိုးအောင်ရယ် မင်းစိတ်ပင်ပန်းနေရမှာ စိုးရိမ်လို့ပါ. . ."

အောင့်အတွက် ကိုမော်ခပ်ပေးတဲ့ရေတစ်ခွက်မှာ စစ်မှန်သောချစ်ခြင်းသာပျော်ဝင်ပါစေလို့ ခင်လေး ဆုတောင်းရတော့မှာပါလား။



အချစ်ကို လိမ်ညာဖုံးကွယ်လို့မရနိုင်တာဟာ ချိုမြိန်သောမျက်ဝန်းများရဲ့ အကြည့်တွေပါပဲလေ၊ အဲသည့်မျက်ဝန်းမျိုးလေးတွေ ဝင်းခိုင်ဆီမှာရှိနေပါလျှက် ဝင်းခိုင်ကတော့ များသောအားဖြင့် မျက်လွှာချပြီးထိန်းသိမ်းထားလေ့ရှိပါတယ်၊ ခင်လေးသတိမထားမိတဲ့ အချိန်မျိုးတွေကြမှ အသာလေး ခိုးဝှက်ကြည့်နေတတ်တဲ့ အချစ်မျက်ဝန်းကလေးတွေ. . . ။

"ခင်လေး. . . ညနေကျရင် ကျူရှင်ရှိလားဟင်၊ မိုးချုပ်မလား"

"ညနေတစ်ချိန်ပဲရှိတာပါ၊ သိပ်မိုးမချုပ်ပါဘူး အောင်ရဲ့. . ."

"ဘာမှဝယ်မလာနဲ့နော်၊ ကျွန်မဟင်းချက်ထားမယ်"

ထင်မိုးအောင်ဘယ်လိုပြောပြော ခင်လေးကတော့ အသုတ်ကလေး၊ အကြော်ကလေးတစ်ခုခုတော့ ဝယ်သွားမှာပါပဲ၊ အောင်ပြောသလိုအကြွေးတင်မှာ ကြောက်လို့လို့ပဲ ယူဆချင်ယူဆပါတော့လေ၊ သိပ်ပြည့်စုံတဲ့ ထင်မိုးအောင်ကို တာဝန်နေတယ်ဆိုတဲ့ အပြောမျိုးကိုမလိုလား၊ လူတိုင်းမှာရှိသင့်တဲ့ မာနကလေးကတော့ရှိရမယ်မဟုတ်လား. . . ။

* * * * * * * * * *

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းတံခါးကိုဖွင့်လိုက်တော့ အိမ်ရှေ့လမ်း
လှမ်းမြင်နေရတယ်၊ အခန်းကိုမီးမှိတ်ထားတော့ အပြင်
အလင်းရောင်ကို ကျွန်မပီပီပြင်ပြင်မြင်နေရတယ်၊ မ
နောက်ကျလိုက်တာလို့ စိတ်မှာသတိတရဖြစ်မိ
ကျွန်မဆီမှာ အဲလိုမျိုးသံယောဇဉ်တွေ ရှိလာလိမ့်မည်
မထင်ခဲ့မိပါဘူး။

ခုချိန် ဒက်ဒီဘယ်မှာရှိမလဲ. . .။

တစ်ခါတစ်ရံအလုပ်တိုက်မှာရှိချင်ရှိနေတတ်ပါ
တစ်ခါတစ်ရံတော့ ဧည့်ခံပွဲတွေ၊ ညစာစားပွဲတွေ
ရောက်ချင်ရောက်နေမှာပါ။

"ထင်ထင်က ဒက်ဒီအလုပ်မှာ အလုပ်လုပ်ချင်
ဟုတ်လား"

အံ့သြစွာကြည့်နေခဲ့တယ်။

ကျွန်မကိုမြင်တော့ ဘယ်လိုမှမထင်မှတ်စွာ အံ့အံ့သြ
ကြည့်နေခဲ့တယ်လေ၊ ဒက်ဒီပိန်သွားတယ်လို့ ရင်ထဲမှာ
ရေရွတ်နေမိပါတယ်။

"တစ်သက်မှာတစ်ယောက်ဆိုတဲ့ အချစ်မျိုး
ချစ်ခဲ့တာတောင် မိဘသဘောတူလူ့လက်ထပ်ခဲ့တာမဟုတ်





တစ်ယောက်နဲ့ တစ်ယောက်တကယ့်အချစ်နဲ့ချစ်ခဲ့ကြတာ၊
ရင်ထဲကအချစ်က သေတပန်သက်တဆုံးအတွက် ရည်စူးပြီးသား
ကျောက်စာတစ်တိုင် စိုက်ထူထားသလိုပဲ၊ အချိန်တွေ
ပြောင်းတာနဲ့ အဲသည့်အချစ်ကပြောင်းလဲသွားရသလား. . .၊
မာမီ့ရင်ထဲမှာတော့ ဘယ်တော့မှမပြောင်းလဲဘူး"

ဒက်ဒီနောက်အိမ်ထောင်ပြုတဲ့အခါ မာမီမျက်ရည်
တွေနှင့်ပြောခဲ့သော စကားတွေကို ကျွန်မအမှတ်ရနေဆဲပါပဲ၊
အချစ်ဆိုတာ ဘယ်လိုလဲ. . .။

မာမီ့လို သေသည်အထိချစ်သွားမယ့်အချစ်မျိုး၊
ဒက်ဒီ့လိုပြောင်းလဲသွားတဲ့ အချစ်မျိုး. . .။

အချစ်ကဘယ်လိုလဲ. . .။

တသမတ်တည်းလား. . .။

ပြောင်းလဲခြင်းလား. . .။

"ဟဲ့. . . အောင်၊ ဩော်. . . ခင်လေးထင်တဲ့အတိုင်း
မှောင်မှောင်မဲမဲထိုင်နေတာပါလား၊ အောင်ဟာလေ. . .
ကြွက်တစ်ကောင်လိုပဲ၊ တော်တော်အမှောင်ကြိုက်တယ်။

မလေးအသံနှင့်မီးဖွင့်လိုက်တယ်။

"အောင်. . . ကိုမော့်ဆီက ဖုန်းလာသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . . မလာပါဘူး၊ ဘာလို့လဲ"

"မပြောမရှိနဲ့အောင်. . .၊ ကိုမော်ကတော့ မင်းရဲ့ ဟဲန်ဖုန်းနံပါတ်ယူသွားပြီ"

"မဆက်ပါဘူး၊ ဆက်လည်းဆက်ပေါ့၊ ဘာဖြစ်လဲ သူငယ်ချင်းတွေပဲ"

"မောတယ်ကွာ. . . ဘတ်စ်ကားတစ်စီးကပျက်လို့ နောက်တစ်စီးပြောင်းစီးရသေးတယ်လေ. . ."

ရေကစ်ခွက်သောက်ရင်း မလေးရဲ့မောနေတဲ့အသံ

ဘဝမှာစိတ်တွေနာကျင်ပင်ပန်းရတယ်ဆိုပေမယ့် မလေးတို့လိုတော့ အလုပ်တွေပင်ပင်ပန်းပန်းမလုပ်ခဲ့ရပါဘူး အမောဖြေပြီး ရေချိုး၊ ထမင်းစားကြရအောင်လို့ပြောမိတယ်

"အောင်. . . အလုပ်စဉ်းစားနေတာလား"

"ဟုတ်တယ်. . ."

"ခင်လေးသဘောဆို ရုံးခွဲမှာအလုပ်လုပ်တာ ကောင်းမယ်အောင်၊ ဒေါ်ရှိစီရွှေကို မြင်မနေရတော့ အောင်စိတ်မပင်ပန်းဘူးပေါ့၊ အောင့်အတွက်ပြောတာပါ. . ."

"သိပါတယ်. . . ကျွန်မကိုမလေးတို့စေတနာနဲ့ ပြောတာသိတယ်"





"ဒါဆို ခင်လေးတို့ပြောတာနားထောင်ပါအောင်၊ အောင့်ကိုစိတ်အေးချမ်းစေချင်လို့ပြောတာပါ"

"ကောင်းပြီလေ. . မလေးစကားကို ကျွန်မနားထောင်ပါမယ်၊ လမ်းငါးဆယ်ရုံးခွဲမှာပဲ အလုပ်လုပ်ပါမယ်လို့ ပြောလိုက်မယ်"

"ဝမ်းသာတယ်အောင်၊ ခင်လေးတို့က အောင်စိတ်ပျော်စေချင်တာပါ"

မလေးရေချိုးထွက်သွားချိန်မှာမှ ခေါင်းအုံးဘေးမှာ ရှိနေတဲ့ ဖုန်းမြည်လာတယ်၊ ကျွန်မဆီကို ဖုန်းဆက်မယ့်လူ အလွန်ရှားပါးလှပါတယ်၊ ကျွန်မကသာ ပျင်းလွန်းတဲ့အခါမှာ အမှိုသူငယ်ချင်း အန်တီတွေဆီဖုန်းဆက်တတ်တာလေ။

"ထင်မိုးအောင်"

"ကိုမော်လား. မလေးပြောတယ်၊ ကိုမော့်ဆီကဖုန်းလာ ထိမ့်မယ်လို့. . ."

ကျွန်မအဲလိုပြောတဲ့အခါမှာ ကိုမော်ရယ်နေတယ်၊ ကိုမော့်အသံကကြည်ပေမယ့် လုံနေသလိုပါပဲ၊ တိုးတိုးညှင်းညှင်းလေး ရယ်နေပြန်တယ်။

"ခင်လေးပြန်လာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်လာပြီ၊ ရေချိုးနေတယ်"

"ထင်မိုးအောင် ဖုန်းနံပါတ်ကို တောင်းမိလို့ ခင်လေးက ကိုမော်ကိုဆူတယ်"

"ဟုတ်လား . . ရပါတယ်၊ ကျွန်မကလည်း နောက်ဆို အလုပ်သွားတော့မှာပဲဟာ ကိုမော်ဖုန်းဆက်လို့ရပါတယ်"

"ဘာဟင်းတွေချက်ထားလဲ"

"ဘဲပေါင်းထားတယ်"

"စားချင်တယ်"

"လာစားလေ . . .၊ မလေးဆူမှာမကြောက်ရင်၊ အခုတောင်လာစားလို့ရတယ်"

"ခင်လေးရဲ့ ပူညံပူညံကို ကြောက်လွန်းလို့ပါ၊ မစားရရင်လည်းနေပါစေတော့"

မလေးကို ကိုမော်ကြောက်တယ်ဆိုတော့ ကျွန်မ သဘောကျစွာရယ်နေမိပါတယ်၊ မလေးက ကိုမော်နှင့် ကိုဝင်းခိုင်ကို နှစ်အတော်ကြာခင်နေတာတောင် လုံးဝ အလိုမလိုက်ပါဘူး။

"အလုပ်က ဘယ်တော့ဝင်မှာလဲ"





"ကြိုက်တဲ့ရက် ဝင်လို့ရတယ်၊ ဒက်ဒီ့အလုပ်ပဲဟာ၊ ...တစ်ခါတစ်ရက်နေ့မှာ စပြီးသွားမလားစဉ်းစားထားတယ် ...၊ လမ်းငါးဆယ်ရုံးခွဲမှာပဲ ကျွန်မအလုပ်ဝင်လိုက်မယ်၊ ...လေးကလည်း ပြောပါတယ်၊ ကျွန်မစိတ်ရှုပ်ခံမနေနဲ့တဲ့၊ ...နေရရင်ကျွန်မ စိတ်တွေက အဟောင်းတွေဆီ တလည်လည် ...နေတော့မှာ"

"ကောင်းပါတယ်၊ ထင်မိုးအောင်စိတ်တွေပင်ပန်းနေမှာ ...မော်မလိုလားဘူး၊ အလုပ်ထဲမှာပျော်ပျော်ရွှင်ရွှင်နဲ့ ...ဂါတ်မှာ ပျော်ရွှင်နေအောင်ပဲနေပါ"

တယ်လီဖုန်းပြောပြီးတော့မှ မလေးရေချိုးပြန်လာတယ်၊ ...မော့်ဆီကဖုန်းလာတယ် မလေးဆိုတော့ သည်ကောင် ...ယ်ဘူးလို့ညည်းတယ်၊ ကိုမော့်ရဲ့စကားသံတွေမှာ ...ည်နူးရိပ်တွေရှိနေတာ ကျွန်မသိပါတယ်။

"သံယောဇဉ်ဆိုတာ မတွယ်လေကောင်းလေပဲအောင်၊ ...ယ်ငြိမိရင် သံယောဇဉ်ပိုတဲ့လူက ပိုခံစားရတယ်၊ ...င်လေးလည်းလေ သည်အချိန်ထိ ဘယ်သူ့ကိုမှမတွယ်တာ ...အောင်နေခဲ့တယ်၊ ဒါပေမယ့် အချစ်ဆိုတာ လုပ်ယူလို့လည်း ...ရပါဘူး၊ သူ့အချိန်နဲ့သူ ရင်ထဲကဖြစ်တည်လာတာမျိုးပါ"

"မလေးမှာချစ်သူမရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . . အောင်ရော. . ချစ်သူရှိခဲ့ဖူးလား"

"ချစ်သူရှိဖို့နေနေသာသာ ဒက်ဒီနဲ့ဒေါ်ရှီစီရွှေကို ဒေါကန်ပြုသနာရှာနေရတာနဲ့ အချိန်ကုန်လာတာ၊ ရည်းစားစကား လာပြောရင်တောင် ကျွန်မကဒေါသနဲ့ ပြောလွှတ်တာ၊ ကျွန်မရင်ထဲမှာ အချိန်တိုင်းဒေါသတွေပဲ ပြည့်နေတယ်၊ ဘယ်ကအချစ်ရှိမှာလဲ"

"ကိုမော်က စိတ်သဘောတော့မဆိုးပါဘူး၊ ဒါပေမယ့် အရာရာကို ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင် ပေါ့ပေါ့ပါးပါး နေလွန်းတယ်၊ သိပ်မလေးနက်ဘူးလို့ပြောရမလား၊ ကိုမော့် အကြောင်းကို ခင်လေးသိသမျှမှာတော့ မနက်ဖြန်အတွက် သိပ်စိတ်မမောတတ်ဘူး"

မလေးကကိုမော့်အကြောင်းတွေ ဘာလို့ပြောနေတာလဲ၊ ကိုမော်ကရော မလေးကိုဘာတွေပြောထားလို့လဲ၊ ကျွန်မရဲ့စိတ်မှာ ရော ဘာလို့များကိုမော့်ရဲ့တိုးတိုးရယ်သံလေးကို သတိတရဖြစ်နေရသလဲ"

အချစ်ဆိုတာ ပြောရခက်သလား။

တောင်ပံတွေခတ်လို့ ရောက်ရှိလာတတ်တဲ့အချစ်ဟာ ကျွန်မဆီကိုရောရောက်ရှိလာပြီလားဟင်. . .။

* * * * * * * * * *





"ကိုမော်က အောင့်အပေါ်မှာ တကယ်လေးလေးနက်နက်ချစ်တာမှ ဟုတ်ရဲ့လားဝင်းခိုင်ရယ်. . .၊ ခင်လေး စိတ်ပူပါတယ်၊ အောင့်စိတ်ကနဂိုရ်ကမှ နာကျင်ခြင်းတွေနဲ့ ပြည့်နေတာ၊ အချစ်ကြောင့်နောက်ထပ်မနာကျင်စေချင်ဘူး"

ကိုမော်ဖုန်းဆက်တာကို ဝင်းခိုင်ကို ပြောပြပြီးတော့မေးမိတယ်၊ ကိုမော်ကအမြဲလို နောက်ပြောင်ပျော်ရွှင်ပြီး စိတ်ကိုပေါ့ပေါ့ ပါးပါးနေတတ်သူပဲ။ ကိုမော့်ဆီမှာ အချစ်အကြောင်းတစ်ခါမှ မကြားဘူးလေတော့ ခင်လေးစိတ်မှာ စိုးထိတ်နေသလိုပါပဲ။

"ထင်မိုးအောင်ကိုတော့ ကိုမော်တကယ်ချစ်နေပုံရပါတယ် ခင်လေးရယ်၊ ငါ့ကိုပြောတာတော့ ထင်မိုးအောင် ခုလိုမျိုးဒေါသ တွေနဲ့ မောနေရတာ သူစိတ်မကောင်းဘူးတဲ့၊ ထင်မိုးအောင်အတွက် လှပတဲ့အနာဂါတ်ကလေးတစ်ခု ပေးချင်တယ်လို့ပြောပါတယ်"

"ရင်ထဲကအချစ်စစ်နဲ့ဆိုရင်တော့ သူတို့နှစ်ယောက်လုံးဟာ ခင်လေးရဲ့သူငယ်ချင်းတွေပဲလေ၊ သူတို့နှစ်ယောက် စိတ်ချမ်းသာမယ်ဆို ခင်လေးပျော်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့နှစ်ယောက် စိတ်ချမ်းသာတာကိုပဲ ခင်လေးက ပျော်မှာလား၊ ကိုယ့်ကိုကြတော့ရော မပျော်ရွှင်စေချင်ဘူးလား"

"ဝင်းခိုင်ဘဝက အခုလည်းပြည့်စုံနေတာပဲ၊ ပျော်ရွှင်နေတာပဲမဟုတ်လား"

"ဒါကတစ်မျိုးပဲ၊ ကိုယ့်ဘဝမှာ ခင်လေးရှိမှပြည့်စုံမယ်လေ"

"ဘာပြောတယ်"

"ဩော်. . . ကိုယ့်ဘဝမှာ ခင်လေးရှိမှပြည့်စုံမယ်လို့ ပြောတာပါ"

ဝင်းခိုင်လည်း သည်သို့စကားပြောတတ်လာပြီပဲ။

ပြောပြီးတော့မှ ခင်လေးမျက်နှာကိုအကဲခတ်ကြည့်ကြည့်သေးတယ်၊ ခင်လေးစိတ်ဆိုးနေပြီလားလို့ပေါ့၊ စိတ်ဆိုးချင်လောက်အောင် လိုက်ချင်ပါတယ်၊ ဒါပေမယ့် ခင်လေးဟန်မဆောင်တတ်ဘူးလေ။

"ဝင်းခိုင်. . . ဘာလဲ၊ ဒါ. . . ရည်းစားစကားပြောတာလား"

"ရည်းစားစကားပြောတာလို့ ပေါ့ပေါ့လေးမပြောနဲ့လေ ခင်လေးရဲ့ဘဝတစ်သက်တာလုံးအတွက် ချစ်ခြင်းစကားပြောတာ"





ကိုမော်နှင့်စဉ်လျှင် အေးဆေးသောဝင်းခိုင်တစ်ယောက်လည်း အချစ်နှင့်တွေ့တော့ စကားတွေ ပြောတတ်လာပါရောလား၊ နဂိုရ်ကသွက်နေတဲ့ ကိုမော်ဆိုရင်တော့ လွယ်ဘူးလို့ ကိုမော့်ဆီစိတ်ကရောက်တယ်၊ ဒါကြောင့်လည်း ကိုမော်တစ်ယောက် ထင်မိုးအောင်ဆီ တယ်လီဖုန်းတွေဆက်ပြီး ပြောမဆုံးဖြစ်နေတာနေမှာပါ။

"ခင်လေးကို ချစ်တယ်"

"ဝင်းခိုင်ကို ချစ်တယ်၊ မချစ်ဘူးဆိုတာ ခင်လေးစဉ်းစားကြည့်ရဦးမယ်၊ ဘာလို့ဆိုတော့ အမေ့ကိုပဲချစ်တဲ့စိတ်နဲ့ နေလာခဲ့တယ်၊ အခုထိ ဘယ်သူ့ကိုချစ်သလဲလို့ ခင်လေးစိတ်မှာ မရှိခဲ့ဖူးဘူး၊ ဝင်းခိုင်နဲ့ကိုမော်ကတော့ ခင်လေးရဲ့အခင်မင်ရဆုံး သူငယ်ချင်းတွေပါ၊ ခင်လေးကိုချစ်ရင် အချိန်ယူပါရစေဦး၊ အိမ်ထောင်ရေးဆိုတာကိုလည်း အဖေနဲ့အမေကြည့်ပြီး ခင်လေးကြောက်နေပြီ"

"စိတ်ချပါခင်လေးရယ်. . . တစ်သက်တစ်ယောက်ဆိုတဲ့အချစ်နဲ့ ကိုယ်ချစ်ပါမယ်"

ဝင်းခိုင်က တစ်သက်တစ်ယောက်ဆိုတဲ့အချစ်နဲ့ ချစ်မတဲ့၊ ခင်လေးရင်ထဲမှာ မေးချင်နေမိတာ. . .



www.burmeseclassic.com

www.burmeseclassic.com



အမေသာအနားမှာရှိနေရင်လေ. . .

အမေ. . . အမေ့ကိုရော အဖေကတစ်သက်တစ်ယောက်အချစ်နဲ့ချစ်မယ်လို့ ပြောခဲ့ဖူးသလားလို့ပေါ့။

"ခင်လေးက ယိမ်းယိုင်ပြိုလဲခဲ့တဲ့ အိမ်ထောင်ရေးမျိုးကိုမြင်ဖူးလို့ လန့်နေတာပါ၊ ဘဝမှာတစ်ယောက်နဲ့တစ်ယောက်သေတပန်သက်တဆုံး ရိုးမြေကျပေါင်းသွားတဲ့ အိမ်ထောင်ဖက်တွေလည်း အများကြီးရှိတာပဲ၊ အချိန်ယူပြီး အေးအေးဆေးဆေးနေချင်တယ်ဆိုလည်း ကိုယ်စောင့်နေမှာပါ၊ ဘာလောစရာရှိလဲ၊ ကိုယ်တို့နှစ်ယောက်ဘဝက ထာဝရပဲမဟုတ်လား"

"ခင်လေးကို အချိန်ပေးတာ ကျေးဇူးပဲဝင်းခိုင်၊ ခင်လေးယုံကြည်ချင်ပါတယ်"

"အတွေးလေးတွေထဲမှာတော့ ကိုယ့်ကိုအမြဲထည့်ထားနော်"

ဝင်းခိုင်တောင်မှ အချစ်ကြောင့်ပိုပြီးနူးညံ့လာပြီထင်ပါရဲ့၊ မျက်ဝန်းထဲမှချစ်ခြင်းကို ကျွန်မခံစားနားလည်လို့ရနေပြီမဟုတ်လား။

အချစ်ဆိုတာ. . .

ချစ်သူအပေါ် အကြွင်းမဲ့ယုံကြည်ခြင်းလား။





သည်သို့ဆိုရင်တော့ ဝင်းခိုင်အပေါ် ခင်လေးမချစ်သေးဘူးလို့ပြောရမလား၊ တစ်နေ့မှာ ခင်လေးကိုသူထားရစ်ခဲ့မလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ ခင်လေးခေါင်းငြိမ့်ဖို့မဝံ့ရဲဘူးဆိုမှ၊ အကြွင်းမဲ့မယုံကြည်နိုင်သေးပါဘူးလေ။

"ကိုမော်က ဝင်းခိုင်ကို အောင်နဲ့ပတ်သက်လို့ရင်မဖွင့်ဘူးလား၊ ဟိုးအရင်က သိပ်ကိုပွင့်လင်းတဲ့ကိုယ်မော်က အခုတော့ လျှို့ဝှက်တတ်နေပြီလား"

"လျှို့ဝှက်တယ်လို့တော့မဟုတ်ပါဘူး၊ ကိုမော့်ကြည့်ရတာ ထင်မိုး•အောင်ရဲ့အထီးကျန်စိတ်အပေါ် စာနာပုံရတယ်၊ သူလို ယောကျ်ားလေးတစ်ယောက်တောင်တစ်ယောက်ထဲလို့ခံစားရတဲ့အခါ စိတ်မကောင်းဖြစ်သွားတတ်တာမို့ ထင်မိုးအောင်ကို သူနားလည်စာနာလို့ရတယ်လို့ပြောတယ်"

ကိုမော်ကလည်း မိဘတွေဆုံးကတည်းက ဘကြီးနဲ့ပဲနေရရှာတာကိုး၊ စာနာနားလည်မယ်ဆိုရင်တော့ ချစ်တယ်ဆိုရင်လည်း စစ်မှန်နိုင်လိမ့်မယ်လို့ ခင်လေးထင်တာပါ။

"အောင့်ကို ခင်လေးက ညီမလေးတစ်ယောက်လိုသနားတာ သူ့စိတ်ကမရိုင်းချင်ပဲရိုင်းနေတာ၊ ရင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အလိုမကျတိုင်း ဒေါသနဲ့တုန့်ပြန်နေတာ၊ ဒါကြောင့် အောင့် ပျော်ရွှင်စေချင်တယ်၊ ချစ်ခြင်းကြောင့်လည်း နူးညံ့လာ ချင်တယ်"

"ကိုမော်က ချစ်တတ်မှာပါ ခင်လေးရယ်၊ စိတ်မပူ သူများအတွက်တွေချည်းလိုက်တွေးတော့စဉ်းစားမနေနဲ့ ကိုယ့်အတွက်ကိုယ်လည်းစဉ်းစား၊ ခုချက်ခြင်းမကွေးသွာ အမေ့ဆီမှာသမီးတောင်းလိုက်ရမလား"

"ဝင်းခိုင်နော်"

"တစ်သက်လုံးတော့ ဝင်းခိုင်မခေါ်နဲ့နော်၊ ချစ် နေကြရင် ပြောင်းခေါ်ရမယ်"

ခေါ်ပါဘူး၊ သေတဲ့အထိဝင်းခိုင်လို့ခေါ်မယ်"

"သေတာပန်သက်တာဆုံးချစ်မယ်လို့ ဆိုလို ပေါ့နော်. . . ဝမ်းသာလိုက်တာ"

ဝင်းခိုင်တစ်ယောက်လည်း သူ့ဖက်သူ့ယက်တတ် လိပ်ကလေးတစ်ကောင်ဖြစ်လာပါရော့လား။

* * * * * * * * * *





"ကိုမော်"

ဧည့်သည်ဆိုလို့ကြည့်မိပါတယ်၊ ကိုမော်ပါလား. . .၊ ဘာပြောပြော ခုချိန်ကိုမော့်ကိုတွေ့တာဝမ်းသာလိုက်တာ၊ ထမင်းစားချိန်ရတဲ့ နာရီဝက်လေးမှာ ကိုမော်နှင့် လက်ဖက်ရည်ဆိုင် ထွက်လာခဲ့တယ်၊ အခန်းထဲကထွက်လာမှ စိတ်အိုက်နေတာတွေ ပြေပျောက်ရသလိုပါပဲလေ။

"ကိုမော်. . . ကျွန်မကို ကူစဉ်းစားပါဦး၊ ကျွန်မ အရမ်းစိတ်မောနေတာ၊ မနက်ကအလုပ်ထဲစရောက်တယ်၊ သူတို့ကြည့်ရဲ့ မျက်လုံးတွေက ကျွန်မကိုဝန်းထမ်းအသစ် ကလေးလို့မကြည့်ဘူး၊ ဒက်ဒီ့သမီးအနေနဲ့ပဲကြည့်ကြတယ်၊ ဒေါ်ကြည်ကြည်မေဆိုတဲ့ အမျိုးသမီးကဆို ဖွင့်တောင် မေးယူတယ်၊ ရုံးချုပ်မှာမလုပ်တာ ဒေါ်ရှိစီရွှေနဲ့မတည့်လို့လား တဲ့လေ၊ ကျွန်မ သိပ်စိတ်ပျက်လာပြီ၊ မနက်ကမှ အလုပ်ဝင်တယ်၊ အခု ထွက်ပြေးချင်ပြီ ကိုမော်ရယ်"

"ဒါကတော့ ထင်မိုးအောင်ရယ်. . . သူတို့အမြင်မှာ သူတို့အလုပ်ရှင်ရဲ့သမီးလို့ပဲ မြင်မှာပေါ့၊ ဘယ်သူဘာပြောပြော ဂရုမစိုက်ပဲ ကိုယ့်အလုပ်ကိုယ်လုပ်ပေါ့၊ တစ်နေ့မှာ ထင်မိုးအောင်ရဲ့ ဒက်ဒီတို့၊ ဒေါ်ရှိစီရွှေတို့ဆိုတာ လူကြီးပိုင်းတွေဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အနားယူကြရရင် အလုပ်တွေအားလုံး ထင်မိုးအောင်ပဲဦးစီးရမှာ ကိုယ်ကအလုပ်တွေ တတ်ကျွမ်းနားလည်ဖို့ပဲလိုတယ် အလုပ်ပဲကြိုးစား"

ကိုမော်ကတော့ ကျွန်မကိုမြင်းတစ်ကောင်နှင့် သားအဖနှစ်ယောက်လို ပါတ်ဝန်းကျင်ကိုသိပ်ဂရုမစိုက်ပါ ကိုယ့်အလုပ်ကိုယ် နားလည်တတ်ကျွမ်းအောင် ကြိုးစာ နေလိုက်တဲ့၊ အလုပ်များများလုပ်နေတဲ့လူဆီမှာ အတွေးပေါင်း မဝင်တော့ အလုပ်ကလွဲပြီး အရာရာကိုမေ့ထားနိုင်လိမ့်မယ်တဲ့

"ကိုမော့်ကို ကျေးဇူးတင်တယ်"

"ဘာတွေကျေးဇူးတင်သလဲ. . . ပြောပါဦး"

"ကျွန်မဆီ ရောက်လာပေးလို့ပေါ့. . . ကျွန်မဖာသာဆို သည်တစ်နေ့ပဲ အလုပ်ကထွက်သွားမှာ"

"ထင်မိုးအောင် အလုပ်မထွက်ဖြစ်ပါဘူး၊ ညနေကြရင် ခင်လေးနဲ့တွေ့မှာပဲလေ၊ ခင်လေးကလည်း ကိုမော့်လို ပြောပြမှာပါ"

"ကိုမော်တို့ မလေးတို့နဲ့တွေ့ရတာ ကျွန်မဘဝ အရင်ထက်စိုပြေလာတယ်၊ ကိုဝင်းခိုင်ကတော့ လူကြီးလိုပဲနော်"



ကိုမော်က အလုပ်ပြန်ချိန်ကြရင် လာကြိုမယ်တဲ့၊ ခုတော့ သူလည်း အလုပ်ထဲပြန်ရဦးမှာဆိုပြီး ပြန်သွားပြီလေ၊ အလုပ်ထဲမှာ ကျွန်မအတွက်ပေးထားတဲ့စားပွဲလေးဆီ ပြန်ဝင်လာခဲ့တယ်၊ ကိုမော်ပြောတာတော့ဟုတ်ပါတယ်၊ ဒက်ဒီ့အလုပ်တွေကို ဟိုးအရင်ထဲကသာ ကျွန်မလေ့လာခဲ့မယ်ဆို ခုချိန် မန်နေဂျာနေရာနေလည်း ရနေရောပေါ့၊ အခုတော့ ကျွန်မကဘာမှနားမလည် ပါဘူး။

"ထင်မိုးအောင် . . . ခုနကလာလည်တာ မင်းရည်းစားလား"

"အရေးထဲ တိုးတိုးလေးလာမေးပြန်သေး၊ အတူတွဲရတဲ့ ဘေးချင်းကပ်ခုံက ယုဇနဆိုတဲ့ကောင်မလေးကြည့်ရတာ စပ်စပ်စုစု၊ ဟိုတုန်းကလိုသာဆို. . .

နင်နဲ့ဘာဆိုင်လဲ. . .

အဲလိုမျိုး စပ်စုတာငါအရမ်းရွံတယ်လို့ ပြောမိမှာ။

"အင်း. . . ဟုတ်တယ်"

ဒါတောင်မှ ကျွန်မဆီမှာ အရွဲ့တိုက်ဖြေချင်တဲ့စိတ်က ရှိနေဆဲ၊ ကိုမော့်ကို ရည်းစားလားတဲ့၊ ဟုတ်တယ်လို့ တမင်ဖြေလိုက်တာ၊ ရည်းစားလည်းမဟုတ်ဘဲ သည်လူက

www.burmeseclassic.com



လာလှချည်လားလို့ပြောဦးမယ့်စကားတွေကြိုသိတယ်၊ ရည်စားဆိုတော့ ပြောမရတော့ဘူး။

"မင်းရည်းစားက ချောတာပဲ"

ပြောလိုက်သေးတယ်။

ကျွန်မဘဝမှာ အနီးအနားတွေ့ဖူးသမျှ မလေးလို လူမျိုးတစ်ယောက်မှမဆုံရပါဘူး၊ မလေးကတော့ သူများအကြောင်း သိပ်မေးလေ့မရှိပါဘူး။ အဆောင်မှာ ကျွန်မပြန်ပြောနေရတာ အဲလိုမျိုးစပ်စပ်စုစုမိန်းမတွေကြောင့်ပေါ့။

"ကျွန်မရည်းစားပါဆိုမှ ချောမှာပေါ့"

အလုပ်တွေပြန်ယူလုပ်နေတော့ စကားလာမပြောတော့ပါဘူး၊ ညရောက်လို့ မလေးနှင့်တွေ့ရင် ကျွန်မတစ်နေကုန်တွေ့ရတဲ့ စိတ်ပျက်စရာ၊ စိတ်မောစရာတွေကို ပြောမိဦးမယ် ဒါဆိုရင် မလေးကဘာပြောမလဲမသိဘူး။

အလုပ်တွေကို ပထမဦးဆုံးလုပ်ရပေမယ့် စိတ်ဝင်စားမှုတော့ရှိပါတယ်၊ တစ်နေ့တာ အတွေ့အကြုံတွေ မလေးကို ပြောပြရဦးမယ်။

* * * * * * * * * *





ကိုမော်ကတော့ ခြေလှမ်းကျဲစပြုနေပြီလို့ ခင်လေးတွေးလိုက်ပါတယ်၊ အောင့်ရဲ့နေ့လည်စာ စားချိန်ကလေးကို မရရအောင်သွားတွေ့နေပါရောလား၊ အောင်ကတော့ ကိုမော်ရောက်လာတာ ကျေးဇူးတင်စရာတဲ့။

"မလေးရယ် . . . လူတွေက ကျွန်မကိုကြည့်တဲ့ အကြည့်တွေ ကျွန်မစိတ်ပျက်နေတယ်"

"အောင့်ကို သူတို့ကြည့်နေတာ အောင်ဘာလို့မြင်သလဲ၊ အောင်လည်း လိုက်ကြည့်လို့မြင်တာမဟုတ်လား၊ အလုပ်တွေပိုလုပ်၊ အလုပ်ထဲစိတ်နှစ်၊ ဘယ်သူ့မှလိုက်ကြည့်မနေနဲ့၊ ဘယ်သူ့မှ လိုက်မကြည့်ရင် ကိုယ့်ကိုဘယ်သူကြည့်နေတယ်ဆိုတာကို မြင်စရာအကြောင်းမရှိဘူး။

"အင်း . . . မလေးပြောတာဟုတ်တယ်၊ နောက်ဆို ဘယ်သူ့ကိုမှ ကျွန်မမကြည့်တော့ဘူး"

"အလုပ်တွေပဲ ဖိကြိုးစား၊ တစ်နေ့ အောင့်ဒက်ဒီရဲ့ လုပ်ငန်းတွေဟာ အောင်ဦးစီးရတာမျိုးပဲဖြစ်ရမယ်ဆိုတဲ့အသိနဲ့ ကြိုးစား"

ထင်မိုးအောင်တို့များ အလုပ်ကအပြန် ဈေးဝင်သတဲ့လေ၊ ပြန်ရောက်ရောက်ချင်းကို ဟင်းချက်ထားတာတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ဖွယ်ရာရာနှင့် ပဲစောင်းလျားသီးသုတ်ကလေးတေ
ပါလိုက်သေး။

"မလေး. . . မလေးကလေ ဘာဟင်းမှဝယ်မလ
ဆိုလည်းပြောမရဘူး၊ ဘာလို့လဲ. . . ကျွန်မချက်ကျွေးတဲ့ထ
မစားချင်လို့လား"

"အောင်ပြောသလို ကျွေးဖူးတွေပိုလာမှာပေါ့"

"မပိုပါဘူး၊ အတူတူပါပဲ၊ ကျွန်မတို့နှစ်ယောက်ပိုင်
အခန်း မလေးရှင်းနေတာပဲ"

"အိမ်ရှင်းရတာ ငွေမကုန်ဘူးအောင်၊ ဈေးဝ
ထမင်းဟင်းချက်ရတာ ငွေကုန်တယ်"

"မလေးကလည်း. . . ဘဝမှာငွေအဓိကမကျပါ
ကျွန်မကိုချစ်တဲ့ မလေးအချစ်က အဓိကကျတယ်"

အောင့်အပြောလေးကြောင့် ခင်လေးရယ်ရတ
စကားပြောရင် ကန့်လန့်တိုက်ပြီး ထင်ရာပြောတတ်
ကောင်မလေးတောင် အချစ်ကအဓိကကျသတဲ့လား။

"မနေ့ကမနက်ကတော့ ကျွန်မစိတ်ပျက်
အလုပ်တောင်မလုပ်တော့ဘူး၊ စိတ်ထဲမှာနေမိတ
ကိုမော်နဲ့တွေ့တယ်၊ မလေးနဲ့တွေ့တယ်၊ ကျွန်မအားရှိသွာ
မလေးနဲ့ကိုမော်က ကျွန်မဘဝမှာအားပေးဖော်ပါပဲ"



ခင်လေးကို အားပေးဖော်လို့ ခင်မင်တွယ်တာလာတာ
နေမကြီးပါဘူး၊ ကိုမော့်ကိုပါ အောင်တွယ်တာနေပြီလား၊
မော့်ရင်ထဲမှာရော တကယ့်အချစ်စစ်ရှိပါရဲ့လား၊
င်လေးအချစ်အတွက်ပင် ခင်လေးဖာသာစိတ်မပူပါဘဲ
အောင်နှင့်ကိုမော့်ကို လိုက်စိတ်ပူပန်နေမိပါတယ်။

"တယ်လီဖုန်းလာတယ်၊ ကိုမော့်ဆီကထင်တယ်"

ဖုန်းတင်ထားတဲ့ခုံရှိရာကို အောင်ပြေးသွားတယ်၊
အောင့်ရဲ့ရွှင်ပြသွက်လက်ခြင်းက အရင်နဲ့မတူသလိုပါပဲ၊
အောင်ကရော ကိုမော့်အပေါ် သံယောဇဉ်တွယ်နေလေပြီလား။

"ရှင်. . . ဒက်ဒီ"

အောင့် ဒက်ဒီဆီကပါလား. . .။

ဖခင်တစ်ယောက်အနေနဲ့တော့ သံယောဇဉ်မရှိဘူးလို့
ပြောနိုင်ပါဘူး။

ခင်လေးက အောင့်ကိုသာလူကြီးလုပ်ပြီးဆုံးမနေတာ၊
ဖေဖေ့ဆီကို သီတင်းကျွတ်ကန်တော့ဖို့ တစ်နှစ်တစ်ခါ
သွားဖို့ကိုတောင် စိတ်မှာမကြည်လင်သလိုမို့ ပြည်ကို
ရောက်တာသုံးနှစ်ရှိသွားပြီပဲ၊ အဖေ့မိန်းမ ဒေါ်ခင်ခင်မူက
ဝ်မဆိုးပါဘူး၊ ဒါပေမယ့် ခင်လေးအမြင်မှာတော့
င်လို့မရတာ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေပါတယ်၊ သင်ပေးပါတယ်၊ ဟုတ်ကဲ့ လာခဲ့ပါမယ်"

ခဏနေတော့ ဖုန်းပြောလို့ပြီးသွားပါတယ်။

"ဘာတဲ့လဲအောင် . . . ဒက်ဒီဖုန်းဆက်တော့ အောင်ပျော်သွားပြီမဟုတ်လား"

"အင်း. . . ဟုတ်ပါတယ်၊ ပျော်ပါတယ်၊ ဒက်ဒီက ပြောတယ်၊ အောင်အလုပ်တွေနားလည်ရင် အဲသည့်ရုံးခွဲကို အောင့်ကိုပေးမယ်တဲ့"

"ခင်လေးမပြောဘူးလား. . .၊ အောင်ကြိုးစားရင် အားလုံးဟာ အောင့်အတွက်ချည်းပါပဲလို့လေ. . ."

"မလေးကို ကျေးဇူးတင်ပါတယ်၊ ကျွန်မဘဝမှာ ကျွန်မဖာသာတစ်ယောက်တည်းနေတုန်းက ဒေါသတွေပဲ များနေပြီး အထီးကျန်ခံစားနေရသလိုပါပဲ၊ မလေးနဲ့တွေ့ပြီးမှ ကျွန်မဘဝပိုပြီးအဓိပ္ပါယ်ရှိလာတယ်"

"ဝမ်းသာပါတယ်. . . အောင်၊ ခင်လေးစိတ်မှာလည်း အောင်ခံစားသလိုခံစားခဲ့ရဖူးတာကိုး၊ ဒါကြောင့်လည်း အောင့်ကို ပျော်ရွှင်စေချင်တာပါ။ ခင်လေးနားမှာက အားငယ်စိတ်ဝင်လာတိုင်း အမေရှိတယ်လို့ခံစားလို့ရတယ်





အခုလည်း အောင့်စိတ်မှာ အားငယ်လာရင် ခင်လေးရှိတယ်လို့ခံစားနော်. . .၊ ကိုမော်ရှိတယ်လို့ မခံစားလိုက်နဲ့"

"မလေးကလဲ. . ."

အောင့်ရှက်ပြုံးလေးမှာ ချစ်ခြင်းပျော်ဝင်နေသလား။ ခင်လေးစိတ်မှာတော့ အချစ်အတွက်ဆိုလည်း အောင်ပျော်နိုင်ပါစေလို့ပဲ ဆုတောင်းနေမိပါတယ်၊ ကိုမော်ဟာ သိပ်ဆိုးလှတဲ့ကောင်လေးတော့မဟုတ်ပါဘူး၊ ဒါပေမယ့် အချစ်တို့၊ အိမ်ထောင်ရေးတို့ဆိုတာက ပြောရခက်သားလား။

ထင်တိုင်းလည်းဖြစ်ချင်မှဖြစ်လာတတ်တာတွေ မဟုတ်လား. . .။

* * * * * * * * * * *

"ကိုမော်. . . နင်အခုဆို နေ့လည်ခင်း ပျောက်ပျောက်နေတယ်နော်. . ."

"ခင်လေးကလည်းလေ သိသိကြီးနဲ့၊ ငါ. . . ထင်မိုးအောင်ဆီသွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာတော့ ချစ်သူတွေဖြစ်ကြသေးဟန် မတူပါဘူး၊ ခေါ်တာက ထင်မိုးအောင်တဲ့၊ ဒါကလည်း ခင်လေးတို့ရွှေ့မှာမို့လားမှမသိတာ၊ ဝင်းခိုင်ကတော့ ကိုမော်နှင့်ခင်လေးပြောသမျှ ပြုံးနေတာပါပဲ။

"နင့်ကိုငါ ပွင့်ပွင့်လင်းလင်းမေးပါရစေ၊ ထင်မိုးအောင်ဆီ နင်ဘာလို့သွားနေရတာလဲ"

"ခင်လေး. . ခက်တာပဲ၊ သူ့ကိုငါချစ်လို့ပေါ့၊ သံယောဇဉ်ရှိလို့ပေါ့"

"ချစ်သွားတာကလည်းမြန်လိုက်တာ၊ နင်နဲ့ ထင်မိုးအောင် တွေ့တာဘာကြာသေးလို့လဲ၊ အောင့်အကြောင်း နင်ဘယ်လောက် သိသလဲ"

"အချစ်ဆိုတာ အချိန်နဲ့ဆိုင်လို့လား ခင်လေးရဲ့"

"အချစ်နဲ့အချိန် မဆိုင်ဘူးဆိုလည်း လေ့လာဖို့တော့ အချိန်ယူရလိမ့်မယ်ကိုမော်၊ အောင့်စိတ်ကို နင်သေချာ လေ့လာပါ၊ အောင်က ဒါဏ်ရာရနေတဲ့လူတစ်ယောက်လို သူ့ကိုကြင်ကြင်နာနာ ဖေးဖေးမမဆက်ဆံမှရမယ်"

အောင့်ကိုတွေ့ကာစက စိမ်းနေတဲ့မျက်ဝန်းတွေနဲ့ ကြည့်နေတတ်တာတွေ၊ ပြီးတော့. . . မီးငြိတွေလာနေပါလျှက်





မီးပိတ်ပြီး မှောင်မှောင်မဲမဲထဲ ထိုင်နေတတ်တာတွေ၊ ခုချိန်ထိ အောင့်စိတ်ကို ခင်လေးအားလုံးမသိနိုင်သေးဘူးလေ။

"ချစ်တယ်ဆိုရင် သေတာပန်သက်တဆုံး ချစ်နိုင်ဖို့ လိုတယ်၊ အောင့်ကိုနင်မလေ့လာပါဦးလားကိုမော်၊ အောင်နဲ့အတူ နေပေမယ့် တစ်ခါတစ်ခါ ငါတောင်သူ့စိတ်တွေကို နားမလည်ဘူး"

"အင်းပါ ခင်လေးရယ်. . .၊ သူ့ကိုငါ လေ့လာဦးမှာပါ၊ သူ့ကိုစိတ်မဆင်းရဲစေရပါဘူး၊ သူ့ရဲ့လိုအပ်ချက်အားလုံး ဖြည့်ဆည်းပေးနိုင်အောင်ကြိုးစားပါမယ်"

ကိုမော်ခုလိုပြောတော့ ခင်လေးနည်းနည်းတော့ တော့နုပ်စိတ်အေးပါတယ်။

"ခင်လေး. . . ဘာတွေကိုစိတ်ပူနေတာလဲကွယ်၊ ခင်လေးတို့ဘဝမှာ သစ္စာပျက်တတ်တဲ့အိမ်ထောင်ရေးတွေကို တွေ့နေရလေတော့ အချစ်ရေးတို့၊ အိမ်ထောင်ရေးတို့ဆိုတာ ချက်ပျယ်တတ်တယ်လို့ အတွေးတွေရှိနေမှာပေါ့၊ ဘဝတွေဆိုတာ တစ်ယောက်နဲ့တစ်ယော် မတူကြပါဘူး၊ စိတ်ပူမနေနဲ့လေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေးကဖြင့်လေ ခင်လေးကိုယ်ခင်လေး စိတ်မပူပါဘူး၊ ထင်မိုးအောင်အတွက်တော့ စိတ်ပူနေမိတယ်"

ခင်လေးက အမေ့ကြောင့်ဘဝကို ကြံ့ကြံ့ခံရင်ဆိုင်တတ်နေပါပြီ။ ထင်မိုးအောင်ကိုတော့ နောက်ထပ်စိတ်ညစ်စရာတွေနဲ့ ရင်ဆိုင်မတွေ့စေချင်တော့ပါဘူး၊ ပြီးတော့ ခင်လေးကိုအားပေးဖော်လို့ပြောနေတဲ့ ထင်မိုးအောင်ကို ခင်လေးရှေ့ဆက်အားပေးနေရဦးမှာမဟုတ်လား။

"စိတ်ချပါခင်လေးရာ. . .၊ ထင်မိုးအောင်ကို ငါတကယ့်အချစ်စစ်နဲ့ သေတဲ့အထိချစ်မယ်နော်. . .နင်မျက်နှာမပျက်စေရဘူး"

"ငါမျက်နှာပျက်တာ၊ မပျက်တာ ပြဿနာမဟုတ်ဘူး၊ နင်တို့ဘဝလေးတွေ သာယာပျော်ရွှင်နေဖို့အဓိကပါ။ အထူးသဖြင့် ထင်မိုးအောင်ကို နောက်ထပ်စိတ်မှုဒါဏ်ရာမရှိစေချင်တော့တာ၊ ထင်မိုးအောင်ရဲ့အနာဂါတ်မှာ သူသေဆုံးသည့်တိုင် ပျော်ရွှင်လှပနေတာတွေပဲ တွေ့စေချင်တာပါ"

"ခင်လေးရာ. . .စိတ်ချ၊ ထင်မိုးအောင်ကို စိတ်ချမ်းသာရပါစေမယ်"





ကိုမော်က အမြဲလိုပျော်ရွှင်နောက်ပြောင်နေတတ်ပေမယ့် သည်တစ်ခါအတည်ပြောတာနေမှာပါလေလို့ မဝံ့မရဲယုံကြည်ရတော့မှာပါပဲ။

"ထင်မိုးအောင်အတွက်ချည်း စဉ်းစားမနေနဲ့ဦး၊ ကိုယ့်အတွက်ကိုယ်စဉ်းစားဦး ခင်လေးရဲ့"

"ငါ့အတွက် ဘာစဉ်းစားရမှာလဲကိုမော်"

"နင့်အတွက် အချစ်လေ"

"ငါ့အတွက်အချစ်. . .၊ ငါ့ကိုချစ်တဲ့အမေရှိတယ်လေ၊ ကျန်တာ ဘာရှိလို့လဲ"

"သိရက်နဲ့ခင်လေးရာ. . ."

ဝင်းခိုင်က သူ့ရင်ထဲကအကြောင်းတွေကို ကိုမော့်ကို မပြောပြပဲနေမလား၊ သူတို့နှစ်ယောက် သိပ်ချစ်တဲ့သူငယ်ချင်းတွေပဲလေ။

"ဝင်းခိုင်ပြောသလိုပါပဲ၊ ပျော်ရွှင်သာယာတဲ့ သေဆုံးသည့်တိုင်ချစ်ခင်ကြတဲ့ အိမ်ထောင်ဖက်တွေဆိုတာ ရှိနိုင်ပေမယ့် ခင်လေးတို့ကမတွေ့ခဲ့ကြတာပါ။ ခင်လေးတို့မြင်ခဲ့ရတာက အမေ့ရဲ့မျက်ရည်၊ အမေ့ရဲ့မာနတွေပါပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



ထင်မိုးအောင်ကတော့ ခင်လေးထက်ပိုခံစားရမှာပေါ့၊ **ထင်မိုး**အောင်မြင်ဖူးတာ သူ့အမေရဲ့မျက်ရည်နှင့်ကျုံ့နှုံးခြင်းတွေ **မဟုတ်လား**၊ ခင်လေးမြင်ဖူးတာက ခင်လေးအမေရဲ့မာနတွေပါ။

"ခင်လေးကိုတော့ ထင်မိုးအောင်ကချစ်ပါတယ်၊ **အမြဲ**လို မလေးကလေဆိုတဲ့အသံကိုကြားနေရတယ်၊ သူမကျေနပ်တာ တစ်ခုခုတွေ့ရင် ညနေကျ မလေးကို ပြောပြမယ်၊ မလေးသာဆို ဘယ်လိုခံစားမလဲဆိုတဲ့စကား, အမြဲပြောတယ်၊ ခင်လေးကို သူသိပ်အားကိုးတယ်"

"ခင်လေးကိုအားကိုးတယ်ဆို ကိုမော်ကိုမချစ်နဲ့၊ ကိုမော်မကောင်းဘူးပြောပေးမယ်"

"အစုတ်ပလုတ်ခင်လေးနော်၊ မဟုတ်တာမပြောနဲ့၊ သူငယ်ချင်းအချင်းချင်း ကြင်နာမှပေါ့၊ ကိုယ့်သူငယ်ချင်း အရင်းကြီးဖက်ကတော့မနေပဲနဲ့"

"ဟင့်အင်း. . . ငါက မိန်းကလေးလေ၊ မိန်းကလေး ချင်းပဲရှိုင်းပင်းရမယ်"

"ဝင်းခိုင်ရေ. . . ဒါဆို ငါနဲ့မင်းပဲ ရှိုင်းပင်းကြစို့"

"ဟင့်အင်း. . . ငါတော့ ခင်လေးနဲ့ပဲ ရှိုင်းပင်းရလိမ့်မယ်"

ဝင်းခိုင်စကားကြောင့် ကိုမော့်မျက်နှာကရယ်စရာ။





အေးပါ. . . အေးပါ၊ မင်းတို့ကပေါင်းကြပါ၊ **အခုတော့** ဝင်းခိုင်တို့လည်း ကိုမော့်ဖက်မှာမနေတော့ဘူး၊ **ခင်လေးဖက်** ပါသွားပြီပေါ့လေတဲ့၊ ခင်လေးကိုယ်တိုင်ကလည်း ကြည်ကြည် **နူး**နူးရယ်နေမိလေသလား။

ယုံကြည်မှုဆိုတာတွေရှိလာရင် တွယ်တာမှုတွေလည်း ပိုလာလေသလားလို့ ခင်လေးစဉ်းစားနေမိပါတယ်။

* * * * * * * * * * *

"ကိုမော် မလာတော့ဘူးလားလို့. . ."

ထမင်းချိုင့်တောင်စားလို့တဝက်ကုန်နေပြီ၊ ခုမှ ကိုမော်ရောက်လာတယ်၊ လမ်းလျှောက်ရင် ပျာယာခတ် နေတတ်တာ ကိုမော့်အကျင့်လား။

"အလုပ်ကို ပြီးအောင်လုပ်ပေးခဲ့ရသေးတယ်၊ ကိုမော်ကစာရင်းအပ်မှ ခင်လေးနဲ့အန်တီသန်းက **ဆက်ပေါင်း** လို့ရတာ၊ ခင်လေးက သူ့အလုပ်နောက်ကျရင် **ကိုမော့်ကို** စာရင်းအပ်တာနောက်ကျရသလား ပြဿနာရှာမှာ"

"ခင်လေးဆို ကြောက်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နားညည်းတာမခံနိုင်တာ"

ကိုမော့်အပြောကြောင့် ကျွန်မရယ်မိတယ်။ မလေးကလည်းမလေးပါပဲ၊ တစ်ခါတစ်ခါမှာ တံမျက်စည်းလှည်းရင်း နေကြာစေ့ခွံတွေကို ကြမ်းပေါ်ပစ်ချထားတဲ့ကျွန်မတို့ ဆူဆူပူပူပြောနေတတ်တာတွေ ကျွန်မမြင်ဖူးနေပြီပဲ...။

"ကျွန်မဆို တစ်ခါတစ်ခါ မလေးဆူသံကြားချင်ရင် နေကြာစေ့ခွံတွေ၊ ဇီးစေ့တွေ ကုတင်အောက်ပစ်ချထားလိုက်တာ။ မလေးက အဖွားကြီးလေးလို ပွစိပွစိဆူနေတော့တာလေ..."

"ထင်မိုးအောင်"

ယုဇနပါလား...။

ကိုမော်နှင့်ကျွန်မ အတူထိုင်တတ်တဲ့ ဗာဒံရိပ်လက်ဖက်ရည်ဆိုင်လေးကို အရင်ကသူထိုင်နေကြလား မထိုင်နေကြလားမသိ၊ ခုတော့ ရောက်လာပြန်ပါပြီ၊ ဘယ်လိုအကြောင်းနှင့် ရောက်လာရောက်လာ... ကျွန်မက အားနာစွာ အတူထိုင်ဖို့ မဖိတ်ခေါ်ပါဘူး။

"ထင်မိုးအောင်သူငယ်ချင်းလား၊ သူလည်း တစ်ယောက်တည်းထင်တယ်၊ ခေါ်လိုက်ပါလား"





"ဟင့်အင်း... မခေါ်ပါနဲ့၊ သူက မလေးနဲ့မတူဘူး၊ ဆော်စုတယ်၊ ကိုမော့်ကိုတောင် ကျွန်မရည်းစားလား မေးတယ်"

"ထင်မိုးအောင်က ဘယ်လိုဖြေလိုက်လဲ"

"ဟင့်အင်းလို့ ဖြေလိုက်တယ်"

"အင်းလို့ ဖြေလိုက်တာမဟုတ်ဘူး"

"အောင်မယ်... ကိုမော်နော်"

ကျွန်မက ယုဇနကို ဟုတ်တယ်လို့များဖြေခဲ့တာ ကိုမော်သိရင်...။

"ကိုမော့်ကိုချောတယ်လို့ပြောပါတယ်၊ ကိုမော့်ကို သဘောကျနေသလားမှမသိတာ"

"ကိုမော်ကတော့ သဘောမကျပါဘူး"

ကိုမော့်လည်ပင်းမှာ ဆွဲနေကြဆွဲကြိုးလေး မတွေ့တော့ပြန်ပါဘူး၊ ခင်လေးအပြောဆို ဆွဲကြိုးက အန်တီစိန့်ဆီ ခြေထောက်ပေါက်သွားပြန်ပြီလားမသိ၊ ကိုမော့်ဆီမှာ အခက်အခဲတွေရှိနေသလား၊ ကိုမော့် အခက်အခဲတွေကို ကျွန်မလည်း ကူညီဖြေရှင်းပေးချင်နေမိတယ်၊ မျှဝေခံစားဖော်ဆိုတာ ဒါမျိုးလား။

"ထင်မိုးအောင်... ဘာတွေစဉ်းစားနေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမော့်ဆွဲကြိုး ခြေထောက်ပေါက်သွားပြန်ပြီလား
စဉ်းစားနေတာ"

ကျွန်မအပြောကြောင့် ကိုမော်ရယ်တယ်လေ။

"ခင်လေးပြောလွန်းလို့ ထင်မိုးအောင်တော
သဘောပေါက်နေပါရောလား"တဲ့. . .။

"ကိုမော်"

"ဟင်"

"ဘကြီးနေမကောင်းပြန်ဘူးလား"

"အင်း. . . ဆိုပါတော့၊ ဘကြီးက ရက်သုံးဆယ်လ
နှစ်ဆယ့်ကိုးရက် နေမကောင်းဘူး၊ သုံးဆယ့်တစ်ရက်လ
ရက်သုံးဆယ်နေမကောင်းဘူး"

"ကိုမော်ကလည်းလေ. . . ပျော်နေတာပဲ"

"ပျော်မနေလို့ ငိုနေရမလား"

အဲလိုပြောပြီးတော့ ရွှတ်ရွှတ်နဲ့နှပ်ထွက်တဲ့ပုံစံ
ငိုချင်ယောင်ဆောင်ပြတယ်၊ ကိုမော် တကယ်အေးဆေး
နိုင်သလိုပါပဲလား၊ ကိုမော့်လိုသာဆို ကျွန်မဘယ်လော
စိတ်ညစ်မလဲ။

"ကိုမော့်ကို ကျွန်မ ဘာကူညီနိုင်မလဲ"





"မိန်းကလေးတစ်ယောက်ဆီက အကူအညီကို
ကိုမော်ကယူရမယ်. . . ဟုတ်လား"

"သည်လိုလည်း ဘယ်ဟုတ်ပါ့မလဲ ကိုမော်ရယ်၊
ကိုမော်နဲ့ကျွန်မက သူငယ်ချင်းအရင်းကြီးတွေ ဖြစ်သွား
ကြပြီလေ"

ကျွန်မ ခုလိုပြောတော့ ကိုမော်ပြုံးနေတယ်။

ကိုမော့်အပြုံး ချစ်စရာကောင်းလိုက်တာ။

အို. . . ကျွန်မ ဘာတွေစဉ်းစားနေမိပါလိမ့်။

"ကိုယ့်ကို ထင်မိုးအောင်ခင်တယ်ဆိုလို့ ဝမ်းသာ
ပါတယ်၊ ဒါပေမယ့် ကိုယ့်ရဲ့ခင်မင်မှုတွေသာ မျှဝေယူပါ
ထင်မိုးအောင်၊ ကိုယ့်ဒုက္ခတွေ မျှဝေမယူချင်ပါနဲ့"

"ကိုမော့်အပြောအရဆို သူငယ်ချင်းကောင်း
မပီသတော့ဘူးပေါ့၊ ကောင်းတာတွေပဲယူမယ်၊ မကောင်းတာ
တွေမယူနဲ့ဆိုတာ သူငယ်ချင်းကောင်းတွေ အလုပ်မှမဟုတ်တဲ့၊
ဘယ်ကိစ္စမဆို ကျွန်မကိုအရင်တိုင်ပင်ပါလား ကိုမော်"

ကိုမော်က ရယ်ပဲရယ်နေတယ်။

ကျွန်မကကိုမော့်ရဲ့ အကောင်းမွန်ဆုံး မိတ်ဆွေစစ်
ဖြစ်ချင်တယ်။ ကိုမော်ကတော့ ကျွန်မကိုမျှဝေမယူရဘူးတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကထင်မိုးအောင်ကို အပျော်ရွှင်ဆုံးအရာတွေပဲ မြင်စေချင်တယ်၊ ဘဝဆိုတာ တစ်ခါတစ်ခါမှာ ဒုက္ခတွေလည်း ရှိနိုင်တယ်လေ၊ အဲလိုဒုက္ခမျိုးတွေ ထင်မိုးအောင်မရစေချင်ဘူး မမြင်ဖူးစေချင်ဘူး"

"ကိုမော့်ကို ကျေးဇူးတင်ပါတယ်၊ ကျွန်မအပေါ်မှာ စေတနာထားပေးလို့ပါ။ ဒါပေမယ့် ကျွန်မဆီမှာ တကိုယ်ကောင်း ဆန်တဲ့စိတ် မရှိဘူး၊ ကျွန်မမှာ ဒေါသတော့ရှိပါတယ်၊ စိတ်တိုရင်တိုသလို ပြောပစ်တတ်ပေမယ့် ကျွန်မဆီမှာ ညှာတာတတ်တဲ့စိတ်တော့ရှိပါတယ်"

အချိန်ရတဲ့ နာရီဝက်ကလေးဟာ ဘယ်လို ကုန်သွားတယ်မသိပါဘူး၊ ကိုမော်နှင့်စကားပြောနေရတာ ကျွန်မစိတ်ချမ်းသာနေ လိုပါပဲ၊ ဟိုးအရင်ကရက်တွေလို အချိန်တိုင်းဟာ မကျေနပ်ခြင်းတွေနှင့် ပြည့်နေတာမျိုးတွေ မရှိတော့သလိုပါပဲ။

ကျွန်မဘဝအတွက် မုန်တိုင်းတွေငြိမ်သက်သွားပြီလား။

"ညနေအပြန်လာကြိုမယ်. . . ထင်မိုးအောင် စောင့်နေနော်"





စက္ကန့်တွေအားလုံး အဓိပ္ပါယ်ရှိခဲ့ပြီလား၊ ကိုမော် ...က်သွားရာမျက်ဝန်းတဆုံးလိုက်ကြည့်နေမိပါတယ်၊ ကျွန်မကို အလင်းရောင်တွေသာပေးပါလားကိုမော်. . .။

**********

"အောင်ကတော့လေ"

ခင်လေးဖြင့် သည်ညနေစာအတွက် ထောပတ် ထမင်းချက်ပြီး ဆိတ်သားနှပ်ထားတယ် မလေးဆိုတဲ့ အသံကြောင့်ရယ်ရတယ်၊ အလုပ်လုပ်နေပြီမို့ ညနေစာတွေ ကြုံသလိုဖြစ်သလိုများ ချက်ပြုတ်စားမလားမှတ်ပါတယ်၊ သူစားချင်ရာကို မရရအောင် ချက်ပြုတ်စားနေတုန်းပါပဲ။

"ဆိတ်သားနှပ်က မနက်ထမင်းချိုင့်အတွက်လည်း နှပ်ထားတယ်မလေး၊ မနက်ကြရင် ကိုဝင်းခိုင်နဲ့ကိုမော့်ဖို့ပါ ချိုင့်နဲ့ထည့်ပေးလိုက်မယ်"

"အောင်ရယ်. . . နင်ဟာ ဟင်းချက်ဖို့ဆို တကယ် ခပျင်းတမ်းဝီရိယများလွန်းတယ်၊ နင့်အဖေရဲ့ အထွေထွေ အကျိုးဆောင် လုပ်ငန်းမှာ စားသောက်ဆိုင်ကြီး တစ်ဆိုင် လောက်တိုးခဲ့ပါလား၊ အဲသည့်မှာ နင် ဦးစီးလိုက်. . .

www.burmeseclassic.com

www.burmeseclassic.com



ခင်လေးပြောတော့ အောင်ရယ်တယ်။

ဟုတ်တယ်လေ. . .

သည်လောက်ထမင်းဟင်းချက်ချင်နေတ
စားသောက်ဆိုင်တစ်ဆိုင်လောက် ဖွင့်လိုက်ရင် ပိုကော
တာပေါ့။

"ဟင့်အင်း. . .၊ ကျွန်မက မလေးရယ်၊ ကိုမော်ရ
ကိုဝင်းခိုင်ရယ်ကိုပဲ ချက်ကျွေးချင်တာပါ၊ ဆိုင်တစ်ဆိုင်
ဦးစီးရလောက်အောင် ကျွန်မမတော်ပါဘူး၊ အစားအစာမှုန့်
ချက်တတ်တာမှ မဟုတ်တာ"

"အောင်ချက်တဲ့မုန့်ဟင်းခါးက အရမ်းကောင်း
ပဲဟာ၊ ဝင်းခိုင်ကတောင် အောင့်လက်ရာကို သူသိပ်သဘော
တယ်တဲ့၊ ဝင်းခိုင်က မုန့်ဟင်းခါးအရမ်းကြိုက်တယ်"

"ဒါဆို မလေးကို မုန့်ဟင်းခါးကောင်းကောင်းချက်နည်
သင်ပေးမယ်၊ ကိုဝင်းခိုင် မုန့်ဟင်းခါးကြိုက်တယ်ဆို. . .
ကိုယ့်ချစ်သူ လက်ရာဆို ပိုကြိုက်မှာပေါ့"

"ကိုယ့်ချစ်သူ. . ဟယ်. . . ဝင်းခိုင်က ခင်လေး ချစ်
မဟုတ်သေးပါဘူး၊ ခုချိန်ထိ သူငယ်ချင်းလို ဖြူဖြူစင်စင်ပါပဲ"

"ကိုဝင်းခိုင်ကတော့ မလေးကိုချစ်တယ် မဟုတ်လား





"ဒါက သူ့စိတ်လေ၊ သူ့စိတ်ကို သူပိုင်တာပဲ၊
ယ့်စိတ်ကိုယ်ပိုင်တယ်ဆိုတော့. . ."

"မလေးက ကိုဝင်းခိုင်ကို မချစ်ဘူးပေါ့ဟုတ်လား"

"ဝင်းခိုင်နဲ့ခင်လေးတို့ကြားမှာ သံယောဇဉ်
တိုင်းအတာတစ်ခုတော့ ရှိပါတယ်၊ ဘဝတစ်ခုလုံးအတွက်
ချယ်ရမယ် ဆိုတဲ့အခါမှာတော့ ခင်လေးဆီမှာ ယုံကြည်မှု
ည်းတယ်ပဲဆိုဆို၊ ဝင်းခိုင်ကော ခင်လေးကိုဘယ်လောက်ထိ
မယ်ဆိုတာအပေါ် မယုံရဲသလိုခံစားရတယ်. . ."

"ကျွန်မလည်းသည်လိုပဲမလေး၊ ဘာတွေကို
ကြောက်နေတယ်မသိပါဘူး"

ဝင်းခိုင်ကိုချစ်သလားဆိုတဲ့မေးခွန်းကို ထပ်ခါတလဲ
င်လေးဖာသာမေးကြည့်ဖူးပါတယ်၊ ဝင်းခိုင်က ခင်လေးကို
ယ်အချိန်ထိ ချစ်မှာလဲဆိုသည့် အချိန်အတိုင်းအတာတစ်ခုကို
းမိတိုင်း ခင်လေးစိတ်ကူးမိသောချစ်ခြင်းသည် ဘယ်ဆီထိ
ရာက်ကွယ်လွင့်မျောသွားသည် ပြောရခက်လှပါဘိ။

အမေ့မာနတွေကိုသတိရနေမိတဲ့အခါ အမေ့ရဲ့
ထိထန်နေပြီးအပြုံးမဲ့တဲ့မျက်နှာဟာ ရင်ထဲကနှင့်ရော
တူညီရဲ့လားလို့ ခင်လေးစဉ်းစားမိခဲ့ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမေက မာနနှင့် ဂရုမစိုက်သလိုမျက်နှာနှင့် အဖေ့အကြောင်းတစ်ခွန်းမဆိုခဲ့စေကာမူ. . .။

ခုချိန်မှာတော့ အမေ့ရင်ထဲမှာ မာနနှင့်ရောမွှေနေမည့် ခံစားမှုများစွာရှိနေလိမ့်မည်လို့ ခင်လေးတွေးကြည့်ခဲ့မိပါပြီ။ ဒါကြောင့်မို့လည်း ဝင်းခိုင်က ခင်လေးကို ဘယ်အချိန်ထိတိုင် ချစ်ပါမည်လဲစဉ်းစားမိရင် ကြည်နူးဖွယ်ခံစားမှုတို့ ဘယ်ရောက်သွားလေသည်မသိပါ။

"အချစ်ဆိုတာ စိတ်ကိုဘယ်လိုအင်အားမျိုးတွေ ပေးလေမလဲဆိုတာ ခုထိတော့ ခင်လေးလည်းမသိဘူး အောင်"

"ဘယ်လိုအခက်အခဲတွေတွေ့တွေ့ သူကကျွန်မကို ရင်ဆိုင်ပေးမှာလို့ယုံကြည်ရင် အဲသည့်လူကို ချစ်နေမိပြီလား ခင်လေးရယ်"

အောင်. . .

ခင်လေးသည်စကားအတွက်တော့ သိလာသလိုလို ပါပဲလား၊ အောင့်ဆီမှာ အဲလိုမျိုးယုံကြည်တဲ့လူရှိနေပြီလား။

အဲသည့်လူဟာ ဘယ်သူလဲ။

ကိုမော်များလား. . .

ကိုမော်လား အောင်လို့ မေးချင်မိတယ်။

* * * * * * * * * *





"ထင်မိုးအောင် မင်းရည်းစားက ကြည့်မြ[illegible] မှာနေတာနော်၊ ကိုယ်တို့အဒေါ်အိမ်နဲ့ဆို နှစ်အိမ်သုံးအိမ်ပဲ ခြားမယ်၊ သူတို့က သိပ်မချမ်းသာဘူးနော်"

ယုဇနဆိုတဲ့ ကောင်မလေးနှင့်စကားပြောရင် ဘယ်လိုမှန်းမသိအောင် စိတ်အခန့်မသင့်စရာတွေ အမြဲပြောတယ်၊ ဒါကြောင့် စကားမပြောရအောင်နေလည်း မရပါဘူး။

"ကျွန်မ ထမင်းသွားစားတော့မယ်"

စိတ်ပျက်စရာပါလား။

ကိုမော်ကတော့ ထိုင်နေကြခုံလေးမှာရောက်နှင့် နေပါပြီ။ ကျွန်မဆီကို ခဏလေးလာရအောင် မနက်တည်းက အလုပ်တွေကို ဖိလုပ်တတ်ပြီး သည်အချိန်ဆို မရအရ ထွက်သွားတတ်တဲ့ ကိုမော့်အကြောင်း ခင်လေးပြောပြပါတယ်။

"ထင်မိုးအောင်. . . သည်နေ့ကိုမော်ကိုယ်တိုင် ဟင်းချက်လာတယ်၊ ပုစွန်သိလား၊ ထင်မိုးအောင် ပုစွန်ကြိုက်တယ်ဆို"

ကိုမော့်ပုစွန်ဟင်းက နှုတ်ခမ်းမွှေးတွေနှင့်. . အခွံလည်း မခွါဘူး၊ ဒါပေမယ့် ကျွန်မစားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ထင်မိုးအောင်... ဘာဟင်းချက်လာသလဲ၊ ဆိတ်ကလီစာဟင်းပါလား..."

"ကိုမော်မကြိုက်ဘူးဆိုလို့ အဲဆုပ်တွေမထည့်ဘူး၊ စားလေ..."

ကိုမော့်ချိုင့်ထဲဟင်းတွေထည့်ပေးနေမိပါတယ်၊ မနက်ဖြန်တော့ ကိုမော်အလုပ်နဲ့ခရီးထွက်ရလိမ့်မယ်၊ လာနိုင်မှာမဟုတ်ဘူး ထင်မိုးအောင်...၊ သုံးလေးငါးရက်ကြာမယ်၊ မန္တလေးဘက်သွားရမှာ၊ ထင်မိုးအောင်အတွက် ထိုးမုန့်လမုန့်ဝယ်ခဲ့မယ်တဲ့။

"ကိုဝင်းခိုင်ကြတော့ ခရီးမသွားရဘူးလား"

"မသွားရဘူး"

"ကိုမော်ကရော ခရီးမသွားရတဲ့နေရာမှာနေပါလား"

"အလုပ်ထဲမှာ ဘယ်နေရာနေတယ်၊ ဘယ်နေရာမနေချင်ဘူး ပြောလို့ဘယ်ရပါ့မလဲ၊ ပေးတဲ့နေရာမှာနေရမှာပေါ့၊ တာဝန်ကျေအောင်နေရမှာပေါ့ ထင်မိုးအောင်ရယ်"

"ဒါဆိုလည်း ကိုမော်အဲသည့်ကထွက်လိုက်၊ ဒက်ဒီကို ကျွန်မပြောပေးမယ်လေ"





ကိုမော်က ပြုံးရင်းကျွန်မကို ကြည့်နေတယ်၊ အကြည့်မှာ မင်းအတွေးလေးတွေက နုနယ်ပြီး လေးဆန်ပါလား ထင်မိုးအောင်ရယ်လို့ ပြောနေသလို လေ။

"ဘာရယ်တာလဲ ကိုမော်"

"ယောက္ခမကို အားကိုးလို့ဘယ်ကောင်းပါ့မလဲ၊ ဆိုတာ ကိုယ့်အားကိုယ်ကိုးရမယ်မဟုတ်လား ထင်မိုးအောင်"

"ကိုမော်... ဘာယောက္ခမလဲ"

အဲလိုမျိုးစကားတွေကို ပြောင်ချော်ချော် ပြောနေ တွေကို ကျွန်မကဘယ်လိုအတည်ယူရပါ့မလဲ၊ ကိုမော့် ထဲမှာကော တည်ကြည်ခိုင်မြဲတဲ့ အချစ်ရှိပါတယ်လို့ ယ်လိုယုံကြည်မလဲ။

"ကိုမော်က ဆင်းရဲပါတယ်၊ ဒါပေမယ့် ယ့်ခြေထောက်ပေါ်ပဲ ကိုယ်ရပ်ချင်တယ် ချာတိတ်မရဲ့ ည်ကလေးကိုပဲ ကြိုးကြိုးစားစား လုပ်ပါရစေကွာ၊ မော့်အတွက် မင်းဒက်ဒီကို မင်းတောင်းပန်ပြောရမှာမျိုးသည်း ရှိပါဘူး"

"ဒါဆို ခရီးမသွားနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရမလဲ ထင်မိုးအောင်ရယ် အလုပ်လုပ်ရတာလေ"

"ဒါဆိုလည်း သွားပေါ့၊ ကိုမော်သိပ်သွားချင်နေမှန်း သိပါတယ်"

တကယ်ဆို အလုပ်ကသွားရမယ်ဆို့ သွားရမှာပေါ့လေ ဒါကိုကျွန်မဘာလို့များ နားမလည်ဖြစ်ရသလဲ၊ ကျွန်မအနားမှာ ကိုမော်အမြဲရှိနေစေချင်တဲ့ ခံစားမှုများလား၊ ကျွန်မ ခပ်တည်တည် ငြိမ်ငြိမ်လေးနေတဲ့အခါမှာတော့ ကိုမော်လည်း နေတတ်ပုံမရ။

"စိတ်ဆိုးနေတာလား ထင်မိုးအောင်၊ ငြိမ်လှချည်လား စကားပြောပါဦး"

"ပြောစရာမှမရှိဘဲ"

"ပြောစရာမရှိဘူးလား၊ ဒါဆို . . . ကိုမော်ပြန်မယ်နော်"

"ပြန် . . . ပြန်"

ကျွန်မစိတ်ဆိုးဆိုးနှင့် အရင်ထွက်လာခဲ့တယ်။ တကယ်တော့ ကျွန်မဟာပြတ်သားမှုမရှိပါလား၊ ခြေလှမ်း လေးငါးဆယ်လှမ်းလောက်လှမ်းအပြီးမှာ ကိုမော် ရှိနေဦး မလားလို့ လှည့်ကြည့်မိပါတယ်။

ကိုမော့်ကျောပြင်ကိုသာ လှမ်းတွေ့လိုက်ရတော့တယ်။





ကျွန်မဟာ နေရာမှာမရွေ့နိုင်အောင်ရပ်နေမိဆဲပါ၊ ရင်ထဲမှာလည်း နာကျင်ခြင်းတွေ ပြည့်လျှံလာသလိုပဲ ခံစားရပါလား။

* * * * * * * * * *

"ကိုမော်ကတော့ ထင်မိုးအောင်ကို သူသိပ်ချစ်နေပြီလို့ ပြောတာပဲ၊ ခင်လေး. . . . ငါကိုယ်ချင်းစာပါတယ်၊ အချစ်ဆိုတာ လုပ်ယူလို့ရတာမှမဟုတ်တာပဲ၊ သူ့ဖာသာ အချိန်တန်မှ ရင်ထဲမှာဖြစ်ထွန်းလာတဲ့ အံ့ဩဖွယ်ခံစားမှု တစ်ခုပါပဲ၊ ခင်လေးကရော ခုထိ ငါ့ကို မယုံကြည်သေးဘူး မဟုတ်လား"

"ချစ်သူဆိုတာ ရင်နဲ့အမျှ ချစ်တဲ့လူပဲဖြစ်သင့်ပါတယ်၊ ဒါပေမယ့် ဝင်းခိုင်က ခင်လေးကို ဘယ်အချိန်ထိချစ်မှာပါလိမ့်လို့ တွေးလိုက်မိရင် စိတ်ထဲမှာဘာတွေကြောက်မှန်းလည်း မသိပါဘူးကွာ"

"ခင်လေးစိတ်မှာ လုံးဝဥသုံယုံကြည်စိတ်ရှိလာတဲ့ နေ့အထိ စောင့်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထားရစ်ခဲ့ရင်ဆိုတဲ့အတွေးစက ခင်လေးရင်ထဲ ရှိနေဦးမှာ"

"လူတွေဆိုတာ ရှင်ကွဲကွဲမှမဟုတ်ဘူးခင်လေး၊ သေကွဲလည်းကွဲကြတာပဲ၊ အနှစ်လေးငါးဆယ်ပေါင်းပြီး သေကွဲကွဲသွားကြတာလည်း အများကြီး၊ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းက ကွေကွင်းနောက်ဆုံးရှိချေ၏လို့ ဆိုတာပဲ"

ကွေကွင်းနောက်ဆုံးရှိချေ၏ဆိုတာကို ခင်လေး နားမလည်တာမဟုတ်ပါဘူး၊ ဒါပေမယ့် အဲလိုမျိုး အနှစ်လေးငါးဆယ်ပေါင်းပြီး သေကွဲကွဲရတဲ့ သစ္စာရှိရှိ အိမ်ထောင်ရေးမျိုးကို ခင်လေးလိုလားတယ်၊ သုံးလေးငါးနှစ် ပေါင်းပြီး သစ္စာပျက်ယွင်းသွားတတ်တဲ့လူတွေရဲ့ မခိုင်မြဲတဲ့ သစ္စာတရားမျိုးကို ခင်လေးမုန်းတယ်။

"ဘယ်လိုသစ္စာဆိုရမှန်းလည်း မသိအောင်ပါလား ခင်လေးရယ်၊ အဲသည့်သံသယမျိုးတွေ မပျောက်နိုင်သရွေ့ အချစ်ကို ခင်လေးယုံနိုင်ပါ့မလား"

"မပြောတတ်ဘူး"

"ဘာတွေ မပြောတတ်တာလဲ"





"ဘာတွေ မပြောတတ်နေတာလဲ"

"ကိုမော်ပြန်လာပြီလား၊ ဘယ်လိုလဲ. . . ထမင်းစားလို့ကောင်းခဲ့ရဲ့လား"

"ချစ်သူ့လက်ရာက နဂိုရ်ထဲကကောင်းပြီးသားပဲလေ"

အပြောကတော့ နဂိုရ်ကကောင်းပြီးသား ကိုမော်ပဲ။

"ခင်လေး. . . ထင်မိုးအောင်တော့ စိတ်ကောက် ကျန်ခဲ့ပြီ"

"နင်ကလည်းဟယ်. . . ဘယ်လိုပြောလို့ စိတ်ကောက် ရတာလဲ၊ ငါပြောသားပဲ. . . နင့်ကို၊ အောင့်ကို စိတ်မဆင်းရဲ ပါစေနဲ့လို့"

ကိုမော်တစ်ယောက်ကတော့လေ. . . အောင့်ကို စိတ်မညစ်ပါစေနဲ့လို့ ပြောထားပါလျက် ဘာလို့များ စိတ်ကောက်အောင် သွားလုပ်ရတာလဲ။

"ခင်လေးရဲ့ထင်မိုးအောင်က ငါ့ကိုခရီးမသွားရဘူး တဲ့လေ"

"ဒါကတော့ဟယ်. . . နင့်ကို သူမခွဲနိုင်လို့ဖြစ်မှာပေါ့"

"ဒါတော့ဒါပေါ့ ခင်လေးရယ်၊ သူ့ဒက်ဒီအလုပ်မှာ လာလုပ်တဲ့၊ ငါဆင်းရဲပေမယ့် မာနရှိပါသေးတယ်၊ ငါ့ခြေထောက်ပေါ်ပဲ ငါရပ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အောင်က အရမ်းပြည့်စုံတဲ့ဘဝမှာရှိနေတော့လည်း သူဖြစ်ချင်ရာလေးတွေကိုတော့ ဖြစ်အောင်ဖြေရှင်းချင်မှာပေါ့လေ။ ကိုမော်ဘက်က ကြည့်ပြန်တော့လည်း မပြည့်စုံပေမယ့် မာနတော့ရှိဦးမှာပေါ့၊ ကိုမော်နှင့်အောင့်ဘဝလေးကို ပေါင်းဆုံမယ်ဆိုရင် တစ်ယောက်နှင့်တစ်ယောက် နားလည်မှုတော့ရှိဖို့လိုမှာပါပဲ။

"အောင့်ကိုနင်ချစ်ရင် နားလည်မှုရှိအောင်ညှိနှိုင်းပါ၊ စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ဟာ"

"သူက စိတ်ကောက်ပြီးထိုင်နေတော့ ငါလည်းမချော့တတ်တာနဲ့ ပြန်လာခဲ့တာ၊ ငါ့ကို ပြန်. . . ပြန်လို့ အော်လွှတ်လိုက်တယ်"

ကိုမော့်အပြောကြောင့် ဝင်းခိုင်ကရယ်တယ်လေ၊ ပြီးတော့ပြောသေးတယ်၊ ချစ်တော့ချစ်တတ်တယ်၊ မချော့တတ်ဘူးတဲ့ ကိုမော် ရယ်ရတယ်လို့ပြောတာ။

"မင်းကရော ချော့တတ်လို့လား"

"ကိုယ့်ချစ်သူဘာကြိုက်လဲသိရင်၊ ကိုယ့်ချစ်သူရဲ့ စိတ်ဓါတ်ကိုနားလည်ရင် ဘာမချော့တတ်စရာရှိလဲ၊ ခင်လေးကို ချော့ဖို့ဆို အလွယ်လေး"





"အံ့မယ်. . . ဝင်းခိုင်နော်"

"ပြောစမ်းပါဦး. . . ခင်လေးစိတ်ကောက်ရင် ဘယ်လိုချော့မလဲ ဝင်းခိုင်"

"ခင်လေးက ဘယ်တော့မဆို ကိစ္စတစ်ခုခုအတွက် ကြာရှည်စိတ်ဆိုးလေ့မရှိဘဲ၊ စိတ်ဆိုးနေတုန်းမှာ ပြောရင်လည်း ကြိုက်ဘူး၊ သည်တော့ ခင်လေးစိတ်ပြေလောက်အောင် ခဏထားပြီးတော့မှ အဖြစ်မှန်ကို အေးအေးဆေးဆေး ရှင်းပြလိုက်ယုံပေါ့"

ဝင်းခိုင်စကားကြောင့် ခင်လေးပါပြုံးရပြီ၊ ဟုတ်ပါတယ်လေ၊ ခင်လေးစိတ်ဓါတ်ကို ဝင်းခိုင်နားလည်နေတာပါလား၊ ပြဿနာတစ်ခုခုရှိရင် ခင်လေးကိုချက်ခြင်းလာမပြောနှင့်၊ ခင်လေးဘယ်လိုမှ နားမဝင်ပါဘူး၊ သွေးပူနေချိန်မှာ ခင်လေး ရှင်းပြခွင့်ပေးလေ့မရှိပါဘူး၊ သွေးအေးသွားတာနှင့် ခင်လေးကို အေးအေးဆေးဆေး ပြောပြရင် ခင်လေးနားဝင်ပါတယ်၊ ဘယ်တော့မှလည်း ကြာရှည်စိတ်ဆိုးလေ့မရှိပါဘူး။

"တွေ့လားခင်လေး. . . ဝင်းခိုင်ကတော့ နင့်ကို ချော့နည်းသိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သူဟာသာသိသိ. . . မသိသိ၊ သူ့ကိုငါက ချစ်သူလို့ မဟုတ်ဘဲ၊ သူငယ်ချင်းလို ခင်မင်တာပဲဟာ၊ သူငယ်ချင်း ခင်တဲ့လူနှစ်ယောက်ကြားမှာ စိတ်ကောက်တာနဲ့ ချော့တာ ဆိုတာမရှိဘူး။ စိတ်ဆိုးတာနဲ့ ရှင်းပြတာလောက်ပဲရှိတယ်၊ သူနဲ့ ချစ်သူမှမဟုတ်တာ"

ခင်လေး ခုလိုပြောတော့ ဝင်းခိုင်မျက်နှာပျက်သွား သိသွားပဲ၊ ချစ်သူတစ်ယောက်လို ခင်လေးမချစ်ချင်ပါဘူး ချစ်ပြီးမှ ဝေးရရင်ဆိုတဲ့အသိက ခင်လေးကို ချစ်သူမရှိ ကောင်းတယ်လို့ ပြောနေသလိုပါပဲလေ။

"တကယ်ပြောတာကိုမော် . . . ဝင်းခိုင် သူငယ်ချင်းတစ်ယောက်အနေနဲ့ဆို ငါသိပ်ခင်ပါတယ် သိပ်လည်းယုံကြည်တယ်၊ ဒါပေမယ့် ချစ်သူတစ်ယော အနေနဲ့ဆိုရင်တော့ ယုံကြည်ဖို့ရာ ခက်ခဲနေပြန်ရော"

"အချိန်တွေက ငါ့ကိုကူညီမှာပါ၊ အချိန်ကြာလာ နှင့်အမျှ ငါ့အချစ်ကို နင်ယုံကြည်လာမှာပါ ခင်လေးရယ်. . .

ဘယ်အချိန်ထိလဲ. . . ။

ယုံကြည်မှုတစ်ခုဟာ ဘယ်အချိန်အတိုင်းအတာ ရှိနေမှာလဲ၊ ခင်းလေးအတွက်တော့ ခဲမှန်ထားသော စာသူငယ် တွေကို မြင်ဖူးတဲ့ စာသူငယ်လေးတစ်ကောင်လိုပါပဲ။

* * * * * * * * * *





ကိုမော်ရက်စက်တတ်သလား။

ကိုမော်ရက်စက်တတ်သလား။

အဲသည့်မေးခွန်းကို ရင်ထဲမှာထပ်တလဲမေးရင်း ကျွန်မစိတ်တွေထိခိုက်နေသလိုပါပဲ၊ အလိုလိုဝမ်းနည်းနေရင်းက အလုပ်တွေ တစ်ခုမှမမှန်တော့ပါဘူး၊ ဒါကြောင့် ဘာအလုပ်မှ မလုပ်ဘဲ ထိုင်ခုံမှာထိုင်နေမိပါတယ်။

ကိုမော်နှင့်ပတ်သတ်၍. . .

ကြည်နူးတတ်ခြင်းတွေကို ကျွန်မခံစားရသလို. . .

ကြေကွဲတတ်ခြင်းတွေကိုလည်း ခံစားရတတ်ခဲ့ပါပြီ။

ဒါဆိုရင် ကိုမော့်ကိုကျွန်မချစ်သလား။

ကိုမော့်ကို ကျွန်မချစ်တယ်။

ချစ်တယ်လို့ ကျွန်မသိပါပြီ။

ညနေကြရင်ကော အလုပ်ဆင်းချိန်မှာ ကိုမော်လာကြို တတ်ပါတယ်၊ သည်နေ့ရောလာကြိုမလား. . . လာမကြို ဘူးလား၊ ကျွန်မက စိတ်ခံစားမှုတွေကို တအုံနွေးနွေး ခံစားနေရတာမကြိုက်။

ဒါကြောင့်မို့ ကိုမော်ရှိရာကို ဖုန်းဆက်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမော်လား"

"အင်း. . . ထင်မိုးအောင်လား"

"ညနေ လာကြိုမှာလား. . . လာမကြိုဘူးလား"

"ဘာဖြစ်လို့လဲ ထင်မိုးအောင်၊ လာမှာပေါ့"

ကြည့်စမ်းပါဦး၊ လေသံကိုက သူနှင့်ဘာမှမဖြစ်သလို ပါပဲလား၊ ကျွန်မကတော့ စိတ်ထဲမှာခံစားကြေကွဲလို့ ကိုမော်ကတော့ ခပ်အေးအေးပါပဲ၊ ကျွန်မကသူ့ကိုချစ်လို့ ခံစားထိခိုက်သလောက် သူကဘာမှမဖြစ်သလိုပါပဲ။

ကိုမော့်ကို ကျွန်မချစ်လို့မှဖြစ်ပါ့မလား။

ဒါဖြင့်ရင် မချစ်ဘူးလား။

ဟင့်အင်း. . . ကျွန်မချစ်ပါတယ်။

"လာမယ်ဆို ပြီးရော"

ကျွန်မဖုန်းပြောပြီးတော့ စိတ်ကခံစားချက်တွေ ဒွိဟအမျိုးမျိုးဖြစ်ရတယ်။

အချစ်ဟာ ခံစားမှုမျိုးစုံနဲ့ ကျွန်မရင်ထဲကို မွှေနှောက် နေခဲ့ပြီလား။

"ထင်မိုးအောင်"

"အင်း. . . ပြော"



"ဂျီအမ့်အခန်းထဲမှာ ဒေါ်ရှိုစီရွှေ ရောက်နေတယ်"

"အဲဒါဘာလုပ်ရမလဲ၊ သွားရှိခိုးရမှာလား"

"ထင်မိုးအောင်ကလည်း ယုဇနက ရောက်နေတယ်လို့ ပြောတာပါ၊ ထင်မိုးအောင်နဲ့ဒေါ်ရှိုစီရွှေ စကားမပြောဘူးလား"

"မပြောဘူး"

အဲလိုပြောလိုက်တော့အေးရော၊ သွားမပြောရတော့ ဘူးပေါ့၊ ဒေါ်ရှိုစီရွှေနှင့်ကျွန်မ တစ်နှစ်နီးပါးမက အတူနေခဲ့ တယ်၊ သူက လာမေးရင်ဖြေလိုက်တယ်၊ လာခေါ်ရင်ပြန်ပြော လိုက်တယ်၊ မေးထူးခေါ်ပြောထက်မပိုပါဘူး။

"ထင်မိုးအောင်ရေ ဂျီအမ်ခေါ်နေတယ်"

"ဘာကိစ္စတဲ့လဲ"

"မသိဘူး"

သူ့အခန်းထဲမှာ ဒေါ်ရှိုစီရွှေရှိနေလို့ခေါ်နေတာနေမှာ။

မသွားချင်ဘူး။

ဟိုတုန်းကစိတ်နဲ့ ပထမဦးဆုံးဖြစ်တယ်၊ ဟိုတုန်းက ဆို ကျွန်မဟာ နေရာမှမရွေ့ ထိုင်နေမိလိမ့်မယ်။

ခုချိန်မှာတော့ ကျွန်မကဝန်ထမ်းတစ်ယောက်ပါပဲ၊ ဘယ်လိုဖြစ်ဖြစ် အလုပ်ကိစ္စနှင့်ခေါ်သည်ဆို မကောင်းပါ ဘူးလေ၊ ဒါကြောင့်မို့ ကျွန်မထွက်လာခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကိုခေါ်တယ်ဆိုလို့"

"ထိုင်ပါဦး ထင်မိုးအောင်ရဲ၊ သည်မှာ အန်တီရိုစီလည်း ရောက်နေလို့ပါ၊ နောက်ပြီးတော့. . . သည်စာရင်းဇယားလေး တွေကို ကူးပေးပါဦး၊ ထင်မိုးအောင်စာရင်းဆွဲတာ အရမ်း သပ်ယပ်တာမို့ပါ"

ဒေါ်ရိုစီရွှေရောက်နေတာကြောင့် ခေါ်တာမဟုတ်ဘဲ အလုပ်ကိစ္စပါပါနေလို့ ဘာမှမပြောပါပဲ၊ ဆွဲပေးရမည့် စာရင်း ဇယားတွေကို ယူနေမိတယ်။

"ထင်ထင်. . ထင်ထင့်ဒက်ဒီသွေးတိုးနေတယ်၊ အိမ်မှာ နားနေရတယ်၊ အချိန်ရမယ်ဆို လာခဲ့ပါဦးလား"

"ဒက်ဒီက လာခဲ့ပါလို့ခေါ်လို့လား"

ရုတ်တရက်တော့ ဒေါ်ရိုစီရွှေဘာပြောရမှန်းမသိဘူး ကျွန်မကိုကြည့်နေပါတယ်၊ ဟုတ်တယ်လေ. . . ဒက်ဒီက လာခဲ့ပါလို့ ခေါ်တာလား၊ ဒါမှမဟုတ် ဒေါ်ရိုစီရွှေက ဒက်ဒီ့ မျက်နှာလိုအားရ လာခဲ့အောင်ပြောခဲ့တယ်လို့ ပြောချင်တာ မျိုးလား။

"မနေ့ကဆေးခန်းကအပြန်မှာ ထင်ထင်လာရင် ကောင်းမယ်လို့ ပြောလို့ပါ"





"ကျွန်မအားရင် လာခဲ့ပါမယ်၊ စာရင်းတွေသွားဆွဲ တော့မယ်"

စာရင်းဇယားတွေယူပြီး ထွက်လာခဲ့တယ်။

သည်လုပ်ငန်းဌာနကြီးတစ်ခုလုံးကို ကျွန်မဒက်ဒီက ပိုင်ဆိုင်ပါသည်ဆိုဆို. . ကျွန်မက ခုချိန်မှာဝန်ထမ်း တစ်ယောက် ပါ၊ စာရင်းတွေဆွဲရမည်လို့ စိတ်မှာအေးချမ်းအောင် နေကြည့် ပါတယ်။

ဒက်ဒီသွေးတိုးနေသတဲ့။

ဒက်ဒီသွေးတိုးနေတယ်ဆိုတော့ စိတ်မှာစိုးရိမ်ပူပန်စွာ ဖြစ်ရပါလား။

မာမီ့တုန်းကလည်း နှလုံးရောဂါတွေသည်း၊သွေးတွေက တိုးနဲ့၊ ပြီးတော့. . . ကျွန်မကို အပြီးတိုင်ခွဲခွာသွားခဲ့တယ် ဟုတ်လား၊ ဒက်ဒီကရော သွေးတွေတိုးနေတယ်ဆိုတော့. . .။

"မပြန်သေးဘူးလား ထင်မိုးအောင်"

"ပြန်မယ်. . . ခဏနေပြန်မယ်"

ကိုမော့်ဆီ ဖုန်းခေါ်လိုက်တယ်။

ကိုမော်မရှိဘူးတဲ့၊ နေပစေတော့လေ။

www.burmeseclassic.com

www.burmeseclassic.com



"ထင်ထင်. . . အန်တီပြန်မယ်"

ကျွန်မစားပွဲခုံထိ လာနှုတ်ဆက်ပါတယ်၊ ကျွန်
ခေါင်းငြိတ်ပြလိုက်တယ်လေ၊ ညနေကြရင် ဒက်ဒီရှိမလား
မော့မကြည့်ဘဲ မေးလိုက်တယ်။

"ရှိတယ်. . . ရှိတယ်၊ အန်တီနဲ့လိုက်ခဲ့ပါလား"တဲ့

"ဟင့်အင်း. . . ကျွန်မဖာသာပဲလာခဲ့မယ်"

ဒေါ်ရှိစ်ရွှေထွက်သွားပြီးတော့မှ ပစ္စည်းတွေသိမ်းလို
ပါတယ်၊ ကိုမော်နှင့်လွဲနေမှာစိုးလို့ စောင့်နေကြနေရာလေး
လာခဲ့တယ်၊ ကိုမော်လည်းမရှိဘူး၊ ခဏစောင့်နေတယ်. . .
မလာဘူး၊ ခက်ပါလား၊ နောက်ထပ်ဆယ့်ငါးမိနစ် စောင့်ထ
အရိပ်အယောင်တောင်မတွေ့ဘူး။

ဒါနဲ့မျှားလာမယ်တဲ့။

လာလည်းမလာဘဲ။

ကိုမော်က အဲလိုပဲလား၊ လာမယ်ပြောပြီး စကားလ
မတည်ဘူး၊ မလာနိုင်ဘူးဆိုလည်း မလာနိုင်ဘူးပြောပေါ့။

စိတ်အဆင်မပြေစွာနှင့် ပြန်လာခဲ့တယ်။

မလေးကိုတွေ့ရင် ပြောစရာစကားတွေရှိတ
မလေးကိုရင်ထဲက ခံစားရခြင်းတွေကို ကျွန်မပြောပြ
ပါတယ်။

* * * * * * * * * *





"ငါတော့ဒုက္ခပဲခင်လေး၊ ထင်မိုးအောင်ဆီ လာခဲ့မယ်
ပြောပြီးမှ ဦးဇော်ခေါ်လို့ ဆိပ်ကမ်းထဲပါသွားတာ"

"နင်က ငါနဲ့ဝင်းခိုင်ကိုမှာထားခဲ့ပါလားဟယ်. . .၊ ငါက
ကျူရှင်ရှိလို့ သွားမကြိုနိုင်ရင်တောင် ဝင်းခိုင်ကိုလွှတ်ပြီးဖြစ်ဖြစ်
ပြောပေးမှာပေါ့"

"ပြောချိန်ကိုမရလိုက်တာ၊ ဒီဂျီအခန်းထဲကနေ
ပါသွားတာ၊ နင်တို့အခန်းပြန်လာချိန်ကိုမရတာ၊ ဖုန်းလည်း
ဆက်မရဘူးဟာ"

"အင်းပါ. . . ငါပြောပြလိုက်ပါမယ်၊ ဘာလဲ. . .
ထင်မိုးအောင်နဲ့ နင်က ချစ်သူတွေတောင်မဖြစ်သေးဘူး၊
စိတ်ကောက်တာ ချော့နေရပြီလား"

"ငါဆိုတဲ့ကောင်က ဘာကိုမှသိပ်နက်နက်နဲနဲ တွေးတာ
မဟုတ်ဘူး၊ ဒါပေမယ့် ထင်မိုးအောင်ကိုတော့ စိတ်ညစ်နေမှာ
စိုးရိမ်ပါတယ်"

"ငါရှင်းပြလိုက်ပါမယ်၊ မနက်ကြရင်တော့ နင့်ဖာသာ
ချော့တော့"

ကျူရှင်မမီမှာစိုးလို့ ကိုမော်နှင့်စကားဖြတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုရောက်တော့ စာသင်ပေးနေရတဲ့ဉမ္မာကဖျားနေလို့ စာမသင်ခဲ့ရဘဲ အဆောင်ပြန်လာခဲ့ရတယ်လေ၊ အဆောင်ပြန်ရောက်တော့ အရင်ဆိုထင်မိုးအောင်ရောက်နှင့်နေကြ မီးဖိုထဲမှာရှိလားဆိုတော့လည်းမရှိ ဟိုဘက်ခန်းက အေးအေးညိုကို လှမ်းမေးရတယ်။

"ထင်မိုးအောင်. . . မတွေ့သေးဘူးလားဟင်"

"မတွေ့သေးဘူးခင်လေးငယ်၊ အရင်ဆို မီးဖိုထဲမှာချက်နေပြီ၊ အခုပြန်လာတာကို မတွေ့သေးတာ"

ဒုက္ခပဲ. . .

ထင်မိုးအောင်တစ်ယောက် ကိုမော်မလာလို့စိတ်ဆိုးပြီး ဘယ်များသွားနေပါလိမ့်၊ သံယောဇဉ်ဆိုတာ မီးတစလို ပူလောင်စေပါလား၊ ထင်မိုးအောင်အပေါ် ညီမလေးတစ်ယောက်လို ချစ်ရတာ ရင်မောရပါလား၊ ဘယ်လိုက်ရှာရမှန်းလည်းမသိ၊ ဒါကြောင့် စိတ်ရှုပ်ရှုပ်နှင့်အဆောင်ဝအုတ်ခုံလေးမှာ ထိုင်နေမိပါတယ်။

တစ်စတစ်စ အမှောင်ထုကကြီးစိုးလာတယ်. . .။

ထင်မိုးအောင် အရင်က သည်လိုမနေတတ်ပါဘူး၊ ဝင်းခိုင်နဲ့ကိုမော်ဆီ ဖုန်းဆက်ရမလား၊ ဆက်ပြန်တော့လည်း





သူတို့ကလည်း ထင်မိုးအောင်ဘယ်မှာရှိမယ်ဆိုတာ ဘယ်လိုသိနိုင်မှာတဲ့လဲ။

သက်ပြင်းတွေသာ အကြိမ်ကြိမ်ရှိုက်နေမိပါတယ်။

ဟင်. . .

ဟိုကလာတာ ထင်မိုးအောင်လား. . .။

စိတ်ကလှုပ်ရှားသမျှ ခြေထောက်ကလိုက်သွားမိပါပြီ၊ လျှောက်လာမိတယ်။

"မလေး. . ."

"အောင်. . . နင့်ဟာ ငါစိတ်ပူလို့ ခုထိအဝတ်တောင် လဲနိုင်ဘဲ ထိုင်စောင့်နေတယ်"

"မလေးက အစောကြီးပြန်ရောက်နေတာလား၊ ကျွန်မက မလေးမရောက်လောက်သေးဘူးထင်တာ၊ ဟင်းချက်ချိန်တောင် မရလို့ ဟင်းဝယ်လာခဲ့တယ်"

"အောင်. . . ဘယ်သွားနေတာလဲ"

"ဒက်ဒီဆီသွားတာ"

"အောင့်ဒက်ဒီဆီလား. . . ဘာဖြစ်လို့လဲဟင်"

"နေ့ခင်းက ဒေါ်ရီရီစီရွှေလာတယ်၊ သွေးတိုးနေတယ်ဆိုပြီး ပြောတော့ ကျွန်မစိတ်ပူသွားတယ်၊ ဒါကြောင့် ညနေမှာ



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်တာပါ။ ဒက်ဒီကကျွန်မရောက်သွားတော့ ဝမ်းသာနေတယ်၊ စကားတွေအများကြီးပြောနေတော့ ကျွန်မပြန်ခွင့်မသာဘူးလေ”

ထင်မိုးအောင်ကိုကြည့်ရတာ စိတ်ဆိုးနေပုံတော့မရပါဘူး၊ ဒါကြောင့် အေးအေးဆေးဆေးမှ ကိုမော့်အကြောင်းပြောပြတော့မည်ဆိုပြီး အခန်းဆီနှစ်ယောက်အတူ ဝင်လာခဲ့တယ်၊ ထင်မိုးအောင်မျက်နှာကို မသိမသာအကဲခတ်ကြည့်ရတယ်။

“အောင်”

“အင်း. . . ပြော”

“ကိုမော်က ညနေကသူမလာနိုင်တာ အလုပ်အရေးကြီးပြီး ပါသွားလို့ဆိုတာ ပြောပေးစမ်းပါဆိုလို့ သူ တကယ်အလုပ်အရေးကြီးလို့ ပါသွားတာ”

ခင်လေးအဲလိုပြောတော့ ငိုင်သွားတယ်။

ဟုတ်တယ်. . . သူမလာဘူးလို့ တိုးတိုးလေးပြောပါတယ်။

“မနက်ကြမှ စောစောလာ လက်ဖက်ရည်သောက်မယ်ပြောတယ်”





“မလေးဆီမှာရော အဲလိုမျိုးလူတစ်ယောက်အတွက် စိတ်ရဲ့အလိုမကျမှုတွေရှိသလား”

“ခင်လေးလည်း စိတ်ဆိုးတတ်တာပဲ၊ ဒါပေမယ့်. . . ဝင်းခိုင်ကိုအတူအလုပ်ထဲရှိနေလို့လားမသိဘူး၊ သွားစရာရှိလည်း သိနေတော့ အလိုမကျဖြစ်တာမျိုး သည်လောက်မရှိပါဘူး”

အဝတ်မလဲသေးပါပဲ ကုတင်ပေါ်မှာ ထင်မိုးအောင် အိပ်နေပြန်ပါတယ်၊ သူ့ရင်ထဲဘာတွေဖြစ်နေမလဲ၊ သူပြောပုံအရဆို ကိုမော့်အတွက် စိတ်အလိုမကျမှုတွေ ရှိနေတယ်လို့ဆိုတာလား၊ လူတစ်ယောက်အတွက် စိတ်မှာတစ်ခုခုခံစားနေရပြီဆိုရင် အဲသည့်လူဟာ အရေးပါလာတဲ့လူတစ်ယောက်ပဲဖြစ်နေပြီလား။

ဝင်းခိုင်နှင့်ဆိုရင် ခင်လေးရော သည်လိုမျိုးတွေခံစားရသလား။

ဝင်းခိုင်က နဂိုရ်ကကို အေးဆေးတည်ငြိမ်လှသူမို့လားမသိ၊ ခင်လေးနှင့်သိပ်ပြီး အဆင်မပြေဘူးဆိုတာ မရှိလှပါဘူး။

“အင်းပေါ့လေ. . . မလေးတို့က တစ်နေ့တစ်နေ့အလုပ်ထဲမှာအတူရှိကြတယ်၊ ကိုဝင်းခိုင်ကလည်း ကိုမော့်လိုမဟုတ်ဘူး၊ ကိုမော်ကတစ်မျိုးပဲ”



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုတစ်မျိုးလဲလို့ မေးချင်မိတယ်။

ကိုမော်ဟာ ခင်လေးသူငယ်ချင်းအဖြစ် နှစ်အတန်ကြာ နေခဲ့တာပါ။ ကိုမော့်စိတ်ကို သိတန်သလောက်တော့ ခင်လေးလည်း သိပါတယ်၊ ချစ်သူတစ်ယောက် နေရာကနေကြည့်ရတာလည်း မဟုတ်လေတော့ ထင်မိုးအောင် ဘယ်လိုခံစားကြည့်မည် ခင်လေးမသိနိုင်။

"ကိုမော့်ကို အောင်စိတ်ဆိုးနေတာလား"

"စိတ်ဆိုးတာတော့မဟုတ်ပါဘူး၊ တစ်မျိုးပါပဲ၊ စိတ်မှာအလိုမကျဘူးပေါ့၊ သူ့ကိုတွေ့နေကြအချိန်မှာ တွေ့ချင်တယ်၊ တွေ့နေကြနေရာမှာ မရှိတော့ စိတ်မှာမပြေလည်သလိုဖြစ်လာတယ်"

"သည်ညနေကတော့ သူ့ကိုတကယ်ပဲဆိပ်ကမ်းမှာအလုပ်ရှိလို့ ခေါ်သွားတာမို့ပါ၊ အောင်စိတ်ဆိုးသွားမလားဆိုပြီး ခင်လေးကို သေချာတောင်းပန်ခိုင်းတယ်"

"ကျွန်မဆီ တယ်လီဖုန်းဆက်ရင် ရပါတယ်"

ဟုတ်သားပဲ. . . ။

ကိုမော်တစ်ယောက် ဒါကိုမေ့နေလား၊ အောင့်ဆီမှာ အမျိုးမျိုးသော တယ်လီဖုန်းတွေရှိနေတာ၊ ကိုမော်ကလည်း





ချစ်သူတစ်ယောက်မှ မရှိဘူးလေတော့ မိန်းကလေးတစ်ယောက်ကို ဘယ်လိုချော့ရမည်ဆိုတာရော နားလည်မှာပါလေ၊ အချစ်ဆိုတာ သူ့အလိုလို သိလာတဲ့အရာတွေပဲ။

"ဒက်ဒီက သူ့ဆီကျွန်မရောက်လာတာ သိပ်အံ့သြဝမ်းသာနေပုံပါပဲ၊ ဒက်ဒီနဲ့စကားပြောနေတုန်းမှာ မာမီ့ကိုသတိမရမိအောင် အတော်ကြိုးစားရတယ်၊ သတိရလိုက်ရင် ဒက်ဒီ့ကို ချက်ခြင်းစိတ်နာမုန်းတီးမိလေမလားပဲ"

"မိဘပဲအောင်ရယ်၊ ဧရာကြီးပါတယ်၊ စိတ်မှာမကျေနပ်လို့မရရင် စိတ်နာစရာအတွေးတွေကို မေ့သာထား၊ သားသမီးဝတ္တရားတော့ မပျက်ပါစေနဲ့"

အောင်နှင့်အတူ ထမင်းစားရတဲ့အခါ စကားမပြောဖြစ်ကြပြန်ပါဘူး၊ အောင်ထမင်းလည်းသိပ်မစားပါလား၊ ကိုမော့်ကို စိတ်မကြည်လင်တာနှင့်ပဲ ထမင်းလည်းမစားနိုင်တာလား။

ခင်လေးကတော့ ဝင်းခိုင်နှင့်တစ်ခါမှ သည်လိုမျိုး မကြည်လင်သော ခံစားမှုမျိုးတွေမရှိခဲ့ပါဘူး။

* * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



ထင်မိုးအောင် . . .

အလုပ်ထဲမှာရုတ်တရက်ခရီးထွက်စရာပေါ်လို့ လိုက်သွားရတယ်၊ ပြန်လာမှ တွေ့ကြတာပေါ့။

ကိုမော်ကဘယ်လိုစိတ်မျိုးလည်း ကျွန်မဆီကို တယ်လီဖုန်းဆက်ရင်ရပါလျက် တယ်လီဖုန်းတော့မဆက်ပါပဲ မလေးဆီမှာ အဲသည့်စာတိုလေးတစ်စောင်ချန်ထားခဲ့ပါတယ်၊ ဘာမှမယ်မယ်ရရရေးတာလည်းမဟုတ်ဘူး၊ ကျွန်မကတော့ သည်စာကြောင်းလေး တစ်ကြောင်းနှစ်ကြောင်းကို အလွတ်ရ မတတ် ဖတ်ကြည့်နေရတယ်။

"အောင့်ဆီ ဖုန်းဆက်လိုက်ပါလားလို့ ခင်လေး ပြောတယ်"

"သူများတိုက်တွန်းမှလားမလေးရဲ့၊ သူ့မှာ သည်လောက်တောင် စဉ်းစားတတ်မှာပါ၊ ကိုမော်က တကယ့် တစ်မျိုး၊ သူ့အတွေးတွေက သူများတွေနဲ့မတူသလိုပါပဲလေ၊ ကျွန်မတစ်ခါတစ်ခါစဉ်းစားတယ်၊ သူ ချစ်ရောချစ်တတ်ရဲ့လား"

"အောင်ကလည်း . . . ကိုမော်က ပျော်သလိုနေတတ် တာပါ၊ သူ့မှာသံယောဇဉ်ရှိပါတယ်၊ ဝင်းခိုင်နဲ့ခင်လေးအတွက် တောင် စိတ်ပူပန်တတ်သေးတာပဲ၊ သူလည်းနှလုံးသားရှိတဲ့ လူတစ်ယောက်ပဲ၊ ဘာလို့မချစ်တတ်ရမှာလဲ"





"ဒါဆို အချစ်နည်းတဲ့လူလား"

ကိုမော်ဆီမှာ ကျွန်မလိုတော့ အချစ်ကြီးချစ်တတ်တဲ့ စိတ် ရှိမှရှိရဲ့လားမသိ၊ ကျွန်မက ချစ်သူဟာကျွန်မကို သိပ်ကြင်နာဂရုစိုက်တာမျိုး လိုချင်တယ်၊ ကိုမော်ကတော့ ပျော်ရွှင်သွက်လက်စွာ နေတတ်ပေမယ့် သိပ်ချစ်တတ်ပုံတော့ မရပါလား။

"ကိုမော်က ပျော်ရွှင်နေအောင်နေတာ သူ့ဘဝရဲ့ စိတ်ညစ်ညူးမှုတွေကို ဖြေဖျောက်တာနေမှာပါ၊ သူ့ရဲ့ ဘကြီးကိုတောင် တာဝန်ကျေအောင်ပြုစုခဲ့တာပဲ၊ ကိုမော့်ဆီမှာ သိတတ်တဲ့နှလုံးသားရှိပါတယ်"

"သိတတ်တဲ့နှလုံးသားနဲ့ ချစ်တတ်တဲ့နှလုံးသား တခြားစီပဲလေ"

ကျွန်မကတော့ ကိုမော့်ဆီမှာ သိပ်ချစ်တတ်တဲ့ နှလုံးသား ရှိစေချင်တာပါပဲ။

ခုပဲကြည့်လေ . . .။

ကျွန်မစိတ်တွေ မကြည်မလင်ဖြစ်နေတာကိုတောင် ကိုမော်မသိဘူးလား၊ ပြန်လာမှ တွေ့ကြတာပေါ့တဲ့၊ တွေ့ကြ ရင်ကော ကိုမော်က ကျွန်မရဲ့စိတ်တွေကို နားလည်ပေးနိုင်မှာ တဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝင်းနိုင်ကတော့ မလေးကိုတစ်ခါမှ ခုလို စိတ်ညစ်အောင် မလုပ်ဘူးပေါ့"

"သူက ခင်လေးနဲ့အနေနီးနီးမှာအမြဲရှိနေတာကိုး ပြီးတော့. . . ဝင်းနိုင်အပေါ် သိပ်ခင်တဲ့သူငယ်ချင်းလို့ပဲ ခင်လေးစိတ်မှာ ရည်စူးထားတာပါ၊ အချစ်ကို ခင်လေး မလိုချင်သလိုပဲ"

"ဘာလို့လဲ"

"အချစ်က နှိပ်စက်တတ်တယ်လေ၊ စိတ်ကိုအမျိုးမျိုးသော ထိခိုက်မှုတွေပေးတတ်တယ်လို့ပဲ ခင်လေးတွေးနေမိတယ်"

အချစ်က နှိပ်စက်တတ်တယ်တဲ့. . .။

ဟုတ်မှာပါလေ။

ကျွန်မစိတ်ကို အမျိုးမျိုးသောထိခိုက်မှုတွေနဲ့ နှိပ်စက်တယ်။

ဒါဆိုရင်. . .

ဒါဆိုရင်. . .

အဲသည့်ထိခိုက်မှုတွေက အချစ်လား။





နှလုံးသားထဲကို မကြည်လင်ခြင်းတွေနှင့် ဝင်ရောက်လာတာအချစ်လား။

သည်သို့ဆိုပါလျှင် ကိုမော်ကကျွန်မရဲ့ အချစ်လားဟင်

"ထင်မိုးအောင် အပြင်မှာဖုန်းလာနေတယ်"

"အပြင်မှာ. . . ဟာကွာ. . . ကျွန်မမှာ သည်လောက်တယ်လီဖုန်းတွေရှိနေတာ"

အပြင်မှာဘယ်ကဖုန်းလာနေရတာလဲ။

ဒါကြောင့် စိတ်ပျက်ပျက်နဲ့ သွားနားထောင်ရတယ်။

"ထင်မိုးအောင်"

ဟင်. . . ကိုမော်

ဘယ်လိုကိုမော်လဲ၊ ခက်တဲ့ကိုမော်ပါလား။

ကိုမော့်အသံကိုကြားရတာ ကျွန်မဝမ်းသာရပါတယ်၊ ဒါပေမယ့် သည်ဖုန်းကိုမှ ဆက်ရသတဲ့လား။

"ကိုမော်. . . ဘယ်ကဆက်နေလဲ"

"မန္တလေးက ဆက်တာ"

"မကွေး-ချောက်ဖက်သွားတာဆို၊ အခု မန္တလေးရောက်နေပြန်ပြီလား"

"မန္တလေးကို ကူးလာတာ၊ ထင်မိုးအောင်ကို သတိရလို့"



www.burmeseclassic.com

www.burmeseclassic.com



သတိရတယ်. . .

သတိရတယ်. . . အမှတ်ရတယ်ဆိုတာ, . .

စိတ်မှာရှိနေလို့ပေါ့နော်။

ကိုမော့်စိတ်မှာ ကျွန်မရှိနေတယ်လို့ဆိုတာလား ကျွန်မအပြုံးတွေကိုတော့ ကျွန်မဖာသာအသိဆုံးပါပဲလေ။

"တယ်လီဖုန်းနံပါတ်တွေ အများကြီးကို ဟန်ဖုန်းနံပါတ် မေ့လို့လား"

"အမှန်အတိုင်းပြောရရင် သည်တစ်ခုတောင် မနည်း မှတ်ထားရတာ"

"သြော်. . ."

ကြည်နူးနေတဲ့စိတ်ကလေး ဘယ်ရောက်သွားပါလိမ့်။

ကိုမော်ဟာလေ. . .

အဲလိုမျိုး ဂရုတစိုက်နည်းလှချည်လား၊ ဂရုစိုက်မှု နည်းတာ အလေးမထားလို့ပေါ့။

"ဒါပဲနော်. . . ထင့်မိုးအောင်၊ ဖိန်းနွဲ့ခါလောက်တော့ ရန်ကုန်ပြန်မယ်"

ကြည့်ပါလား. . . ဖုန်းချသွားပြီ။

ကျွန်မသိပါတယ်၊ ကိုမော့်ကိုကျွန်မချစ်နေပြီ၊ အချစ်က ကျွန်မကိုအမျိုးမျိုးသောစိတ်ခံစားမှုတွေပေးနေပါလား။





ကြည်နူးခြင်းတွေ ချက်ခြင်းရလာတယ်။

မကြည်လင်ခြင်းတွေ ချက်ခြင်းဖြစ်စေတယ်။

စိတ်ပျော်ရွှင်ခြင်းနှင့် စိတ်နောက်ကျိရှုပ်ထွေးခြင်း ဘို့ကြား လွန်းကလေးတစ်စင်းလို ဟိုသည်ရွှေ့လျားနေတာဟာ အချစ်ပေါ့နော်။

"အောင်. . . ဘယ်ကဖုန်းလဲ"

"ကိုမော်"

"ဘာတဲ့လဲ"

"မန္တလေးရောက်နေတယ်၊ သတိရလို့တဲ့"

မလေးကပြုံးနေတယ်။

ကျွန်မှာဖြင့်မကြည်မလင်။

"အောင်ကလည်း သတိရလို့ဆက်တယ်ဆို. . . မျက်နှာကဘာဖြစ်နေလဲ"

"မလေးသူငယ်ချင်း ကိုမော်ဟာ အတ္တများလားဟင်"

"အတ္တ. . . ဟာ. . . အဲလိုမျိုး အတ္တတွေပိနေတဲ့ လူညံ့တစ်ယောက်တော့မဟုတ်ဘူး"

"ဒါပေမယ့် ကိုမော်က သူ့စိတ်ရှိတဲ့အတိုင်းနေတယ်၊ ကျွန်မဖက်ကို တွေးဆမပေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုမော်အသံကိုကြားလိုက်ရတဲ့အချိန် ကျွန်မရင်ထဲက ကြည်နူးစွာခံစားရတဲ့ခံစားမှုကို ဘယ်တော့မှ မမေ့နိုင်ဘူး ဒါပေမယ့် ထင်မိုးအောင်ဘာပြောမလဲဆိုတဲ့ အသိတော့ မရှိပါဘူး၊ သူ ပြောချင်ရာပြောပြီးတော့ ဖုန်းချသွားတယ်။

"ဒါပေမယ့်. . . သူ့ကိုယ်သူပဲသိတယ်"

"အောင်ဟာလေ ကလေးလိုပဲ၊ တကယ်ဆို အောင်နဲ့ ဝင်းခိုင်တွေ့သင့်တာ"

"ဟာ. . မလေးလူကို ကျွန်မမလိုချင်ပါဘူး"

"ကျွန်မက ကိုမော့်ပဲလိုချင်တယ်ဆိုပါတော့"

"မလေးနော်"

ကိုမော်ဆိုတဲ့နာမည်လေးတစ်ခုသည်ပင် ကျွန်မရင်ထဲ ကြည်နူးခြင်းတွေဖြစ်စေပါတယ်၊ ကိုမော်နှင့်တွေ့တဲ့အခါ ပျော်ရွှင်ခြင်းတွေလည်းရှိ၊ နောက်ကျိခြင်းတွေလည်းရှိပေါ့ ဒါပေမယ့်. ကိုမော်နဲ့ကျွန်မ အတူရှိနေချင်ပါတယ်။ စကားပြော နေတဲ့ ကိုမော့်ကို ငေးကြည့်နေရတာကို ကျွန်မနှစ်သက်တယ်။

"ပြောပါဦး. . . မင်းသားက ဘယ်တော့ပြန်လာ မတဲ့လဲ"

"ဖိန်းနွဲ့ခါတဲ့. . ."

ရန်ပိုင်ဦးစာပေ



"ပြောပါလား. . . မြန်မြန်ပြန်လာ၊ လွမ်းနေပြီလို့"

"မလေး. . . သတိရတာနဲ့ လွမ်းဆွတ်တာ တူသလား"

ကျွန်မကို သတိရသတဲ့. . .။

ကျွန်မကတော့ သတိရခြင်းထက်ပိုပြင်းသော ခံစားမှု ရှိတယ်။

"လွမ်းတာက ပိုတာပေါ့ဟဲ့"

"လွမ်းတာက ပိုတယ်"

ဒါဆိုရင်တော့ ကျွန်မကကိုမော့်ကိုလွမ်းတာ။

ကိုမော်ကတော့ သတိရယုံပါလား၊ ကျွန်မတို့ နှစ်ယောက်ရဲ့ ခံစားမှုနှစ်ခုကို ညှိမယ်ဆိုရင်တောင် ကျွန်မက ရှုံးမှာပါ ကိုမော်ရယ်။

"ကိုဝင်းခိုင်ကို မလေးလွမ်းဖူးလား"

ကျွန်မသည်လိုမေးတော့ မလေးရယ်တယ်၊ ဝင်းခိုင်နဲ့ ခင်ပြီးကတည်းက တစ်ခါမှကြာကြာမခွဲဖူးဘူး၊ နေ့တိုင်း အလုပ်ထဲမှာ အမြဲတွေ့နေရတယ်၊ စနေ တနင်္ဂနွေမှာတောင် အလုပ်ရှိရင်အတူဆင်းရတယ်၊ တစ်ခါမှ သုံးလေးရက်မတွေ့ရပဲ မနေဖူးဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"မလွမ်းပါဘူး၊ ခင်လေးဖြင့်တစ်ခါမှ ဝင်းနိုင်ကို လွမ်းတယ်လို့ မရှိဘူးပါဘူး"

ကောင်းလိုက်တာ. . . ။

မလေးက ကျွန်မထက်အများကြီးကံကောင်းပါတယ်။

အလွမ်းမရှိတဲ့လူဆိုတာ နည်းတဲ့ကံကောင်းခြင်းလား။

ကျွန်မကတော့ရှင့်ကိုလွမ်းတတ်နေပြီ ကိုမော်ရယ်. . ။

* * * * * * * * * *

အချစ်ဆိုတာ လူတစ်ယောက်ရဲ့နှလုံးသားကို အမျိုးမျိုး အမိန့်ပေး ခိုင်းစေတတ်သလား။ ကျွန်မဆီကို ကြည်နူးတတ်ခြင်းတွေ၊ ယုံကြည်အားကိုးခြင်းတွေ. . . ဒါတွေ ဒါတွေနှင့် ပီတိများစွာကိုလည်း ဖြစ်စေတယ်၊ ပြီးတော့ အလိုမကျသော ထိခိုက်ကြေကွဲခံစားမှုတွေနဲ့လည်း မျက်ရည်များစွာကို ရရှိစေတယ်။

ဒါပေမယ့်. . .

ဘယ်သို့သောအခြေအနေနှင့်ရှိနေပါစေ. . . .

မုန်တိုင်းသည်လည်းကောင်း. . . .





လေပြည်ညှင်းသည်လည်းကောင်း. . . .

ချစ်သူကို ကျွန်မသိပ်ချစ်နေမိခြင်းဖြင့် ရယူပိုင်ဆိုင်ရမှာ ပါပဲလေ. . . . ။

မတွေ့ရသောရက်တွေက ကျွန်မကို လွမ်းဆွတ်ခြင်းများနှင့် ငြိမ်သက်နေစေပါလား။ အနီးတဝိုက်မှာ ချစ်သူရှိနေခြင်း မရှိတဲ့ အသိဟာ ခြေလှမ်းတွေကိုပင် နှေးကွေးစေပါလား. . . ။

"ထင်မိုးအောင်"

"ဟင် ကိုမော်"

ရုတ်တရက်ဆိုသလို အနားမှာတွေ့ရတဲ့အခါ ပထမဦးဆုံးတော့ အံ့ဩစွာကြည့်နေမိတယ်၊ ချစ်သူ့ခေါ်သံဟာ နားစည်ကနေ ချက်ချင်း နှလုံးသည်းပွတ်ကို တဖျတ်ဖျတ် လှုပ်ခတ်စေပါလား. . . ။

ခုနက တည်ငြိမ်လွန်းသောရေပြင်ကို ခဲတစ်လုံး ရုတ်ချည်း ခုန်ချလိုက်သလိုနှင့် ဂယက်ဝိုင်းတို့သည် နှလုံးသားကို ပီတိတွေနှင့် လှုပ်ရှားသွားပါရောလား. . . . ။

"ခုနကပဲပြန်ရောက်တယ်၊ အလုပ်တွေရှင်းပြီးပြီးချင်း ထွက်လာတာ၊ တော်ပါသေးရဲ့. . . ထင်မိုးအောင်ပြန်ကို မီလို့. . ဘယ်သွားမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘိုကလေးဈေးမှာ ဈေးဝယ်မယ်"

"မီးဖိုချောင်မင်းသမီးက သွားလိုက်ရင်ရော့ပါလား"

"မလေးက တစ်နေ့တုန်းက အမှတ်မထင်ညည်းတယ်၊ ထမင်းစားမှုကောင်းဘူးတဲ့၊ ဒါကြောင့် ပုစွန်လေးနဲ့ရှောက်သီး သုတ်ပေးမလားလို့"

"ကိုယ့်ရောမကျွေးဘူးလား"

"ကျွေးချင်ပါတယ်. . . ဒါပေမယ့် ညနေစာကျတော့ အဆောင်မှာလာစားလို့ရတာမှ မဟုတ်ဘဲ၊ မနက်ဖက် ကြတော့လည်း ရှောက်သီးသုတ်လာရင် မကောင်းဘူး"

"အလကားစတာပါ. . . ထင်မိုးအောင်လက်ရာဆို ကောင်းမယ်ဆိုတာသိပါတယ်၊ အခုတော့ ကိုမော်နဲ့ ထမင်း အတူတူလိုက်စား"

"ဟင် ဒါဆိုမလေးတစ်ယောက်တည်း စောင့်နေမှာပေါ့ ကိုမော်ရဲ့"

"ထင်မိုးအောင်ကလေ. . . ခင်လေးကို သံယောဇဉ် ကြီးနေတာကိုး"

"မလေးက ထမင်းစားစောင့်နေမှာပေါ့ ကိုမေရဲ့. လာပါ. . . ကိုမော်နဲ့ကျွန်မက အအေးတစ်ခွက်အတူ သောက်မယ်လေ"





"ကောင်းပါပြီဗျာ. . ."

"ကိုမော့်ဆွဲကြိုးလည်း အန်တီစီနဲ့ဆီရောက်နေ ဦးမယ်"

ကျွန်မသည်လိုပြောတော့ ကိုမော်ရယ်တယ်။

ခုတလောတော့ ဆွဲကြိုးရဲ့ခြေထောက်ပဲ ကျိုးသွား သို့လား၊ ဘကြီးပဲ ကျန်းမာအောင်ကြိုးစားနေလို့လားမသိ ဆွဲကြိုးလေးက ကိုမော့်လည်ပင်းမှာ မြဲနေပြန်ပါသတဲ့လေ၊ ကျွန်မမှာ ငွေကြေးပြည့်စုံပါတယ်၊ ဒါပေမယ့် ကျွန်မချစ်မိသူရဲ့ အနကိုထိခိုက်အောင်တော့ ငွေကြေးနှင့်ပတ်သက်ပြီး ဘာမှ မပြောနိုင်ပါဘူး။

စွယ်တော်ပင်လေးအောက်က ခုံကလေးကို ကျွန်မ နှေးပါတယ်။

စိတ်မြန်စိတ်ဆတ်သော. . .

သည်းခံမှုနည်းသော ဒေါသများသည်ဟုပြောရသော ထင်မိုးအောင်ဆိုသောကျွန်မသည် အချစ်နှင့်ပတ်သက်၍လည်း ညှို့နေတတ်ပြန်ပါတယ်။

"သည်ဘက်လှည့်ထိုင်ပါလား ထင်မိုးအောင်. . . နေရိပ်မထိုးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . ."

စွယ်တော်ရွက်ကိုဖြတ်ပြီးရောက်ရှိလာတဲ့ နေပျောက်ကလေးတွေကိုလည်း ကျွန်မနှစ်သက်နေမိပြန်ပါတယ်. .။

အချိန်အားလုံးဟာ နှလုံးသားကဲ့သို့ပင် ပြန်လည်လှုပ်ရှားနေသလိုပါပဲ၊ မြင်သမျှလှနေသလို. . ကိုမော့်ကို ကြည့်မိတယ်၊ မျက်ဝန်းလေးနှစ်ခုအဆုံးဟာ ကျွန်မအတွက်တော့. . .။

ကျွန်မရင်ခုန်သလို. . .

ချစ်သူရော ရင်ခုန်နေပါသလား. . .။

"ထင်မိုးအောင်"

"ရှင်. . ."

"ကိုယ်ကအတွေ့များတယ်ဆိုဆို သိပ်မချစ်တတ်ဘူးလို့ပြောရင်ရတယ်၊ အဖေအမေမရှိကတည်းက ဘကြီးတစ်ယောက်နဲ့ ဖြစ်သလိုနေလာခဲ့တာ. . . ဘဝကိုကြိုးစားရလွန်းလို့လား မသိဘူး. . ကြမ်းတမ်းတဲ့အချိန်တွေများတော့ နူးညံ့တဲ့အချစ်ဟာ ကိုယ်နဲ့အဝေးကြီးမှာရှိနေသလိုပါပဲ၊ ကိုယ်မချစ်တတ်ခဲ့ဘူးလို့ပြောရင်ရတယ်၊ ဒါပေမယ့် အချစ်ဆိုတာ မေ့ထားလည်းမရဘူး၊ သူလာချင်တဲ့အချိန် နှလုံးသားထဲကို ရောက်လာတာပါပဲ"





အချစ်ကိုယူဆောင်လာသူဟာ ကျွန်မပါလို့ဆိုတယ်။

ကျွန်မက ကိုမော့်အတွက် အချစ်တွေကိုယူဆောင်လာသူတဲ့လား၊ ကျွန်မအတွက်ရော ကိုမော်က အချစ်တွေကို ယူဆောင်လာခဲ့တာပဲမဟုတ်လား။

ထပ်တူညီသော ခံစားမှုရှိကြပြီလားဟင်။

"ထင်မိုးအောင်ကို သိပ်ချစ်မိတယ်"

စွယ်တော်ရွက်ကလေးတွေကို ကြည်နူးစွာ မော့ကြည့်မိတယ်။

"ထင်မိုးအောင်ရဲ့အချစ်ကို ကိုယ်လိုချင်ပါတယ်"

"ကျွန်မကို ကိုမော်ချစ်လို့ရပေမယ့် ကျွန်မစိတ်ကို နားလည်ဖို့က အဓိကပဲကိုမော်၊ ကျွန်မကို မလေးကပြောဖူးတယ်၊ ကျွန်မဟာ ဒဏ်ရာရရှိနေတဲ့ သားကောင် တစ်ကောင်လိုပဲတဲ့၊ စိတ်ကိုထိန်းချုပ်နိုင်စွမ်းမရှိဘဲ စိတ်ကိုအလိုလိုက်တယ်တဲ့လေ"

"ကိုယ်နားလည်ပါတယ်"

"မဖြစ်နိုင်ဘူး. . . ချက်ချင်းကတော့ နားလည်တယ်ဆိုတာ မဖြစ်နိုင်ဘူးထင်တယ်၊ ကျွန်မစိတ်ကို လေ့လာပါဦးလား ကိုမော်"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ရှိနေရင် ကျန်တဲ့နားလည်မှုအားလုံးဟာ ညှိနှိုင်းလို့ရမယ်ထင်တယ်"

"ကျွန်မဆီမှာ ခံစားမှုတစ်ခုရှိတယ်၊ အဲဒါ ချစ်ပြီးရင် ထားရမယ့်သစ္စာတရားပါပဲ၊ ကျွန်မနဲ့လူတစ်ယောက် ချစ်ပြီ ဆိုပါတော့၊ အဲသည်လူကို ကျွန်မက သေတပန်သက်တဆုံး ချစ်မယ်၊ သစ္စာရှိမယ်၊ အကယ်၍များ. . . သည်လူက ကျွန်မကို သစ္စာဖောက်ပြီဆိုပါတော့. . . "

ကျွန်မသည်ခံစားမှုမျိုးကို ဦးနှောင့်ကအကြိမ်များစွာ စဉ်းစားဘူးပါတယ်၊ ကျွန်မ၏ဒေါသသည် ဘယ်သို့သော အခြေအနေအထိ ပေါက်ကွဲလိမ့်မည်မသိပါ။

ကျွန်မသည် မာနီစိတ်နှင့်တော့ ဆန့်ကျင်ဘက်မှာ ရှိသော မိန်းမတစ်ယောက်ပါပဲ။

ဒက်ဒီ့သစ္စာဖျက်ယွင်းမှုမှာ မာမီကမျက်ရည်များစွာနှင့် ဒူးထောက်အရှုံးပေးခဲ့တယ်။

ကျွန်မဆိုသော ထင်မိုးအောင်ကတော့ သည်လို ဒူးထောက် အရှုံးပေးမည်မဟုတ်ပါ။

ကျွန်မ၏ နှစ်များစွာခိုင်မြဲနေသောဒေါသသည် သစ္စာ ဖျက်ယွင်းသူအပေါ် ဘယ်သို့ပြုမူလိမ့်မည်မသိပါ။





ဒေါသသည် မျက်ဝန်းတို့ကို ကွယ်ပျောက်စေ၍ ဦးနှောက်တို့ကို ဖောက်ထုတ်လိုက်မှာ အသေအချာပါပဲ။

"အဲသည့်အချိန်ကြရင် ကျွန်မဒေါသဖြစ်ရမှာ၊ ကျွန်မ သိပ်အချစ်ကြီးတတ်တယ် ကိုမော်၊ သည်အခါမှာ ကျွန်မရဲ့ အမျက်ဒေါသဟာ ဘယ်အဆင့်ထိရောက်ရှိလာမယ်မသိဘူး၊ ကျွန်မဟာ ချစ်စရာကောင်းတဲ့မိန်းမတစ်ယောက် မဟုတ်နိုင်ဘူး၊ နောက်ကျရင် ကိုမော်ကျွန်မကိုစိတ်ပျက်လာလိမ့်မယ်"

"ဒါက သစ္စာပျက်တဲ့အခါကြတော့မှ မဟုတ်လား၊ ဒါကပြဿနာမရှိပါဘူး၊ ဘာလို့ဆိုတော့ ကိုယ်ကချစ်သူကို ရှိန်းကို သစ္စာဖျက်မယ့်လူမှမဟုတ်ဘဲ"

"အင်း. . . တကယ်ပဲဖြစ်ပါစေ"

"နှစ်ကယ်. . သုံးကယ်. . . လေးကယ် ဖြစ်မှာပါ"

"နောက်မှ ကိုမော်မှားပြီ မဖြစ်စေနဲ့လေ"

"ဘယ်တော့မှမဖြစ်ဘူး. . . . ဖြေလေ"

"နေဦးလေ. . "

"ဘာလဲ ခင်လေးနဲ့တိုင်ပင်ဦးမှာလား. . . ခင်လေးက ကိုမော်နဲ့မချစ်နဲ့ဆိုရင်ကော"

"မလေးက မချစ်နဲ့ဆိုမချစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ. . ."

ကိုမော့်ကိုကြည့်နေရတာကို ကျွန်မဘာလို့များ ကြည့်နေရတာလဲ၊ ကိုမော့်ကိုကျွန်မချစ်ပါတယ်၊ ဒါကြောင့်မို့လည်း. .

"ကိုမော့်မွေးနေ့ဘယ်နေ့လဲ"

"ဟာ ကျန်နေခဲ့ပြီ"

"ဒါဆိုရင် ကျွန်မမွေးနေ့က လာမယ့်တနင်္ဂနွေနေ့လေ အဲသည့်နေ့ကြရင် ကိုမော်နဲ့အတူတူထမင်းစားရင်း ဖြေပေးမယ် ကျေနပ်လား"

"အင်း. . ကျေနပ်တယ်"

"ဒါဆို ဈေးသွားတော့မယ် ကိုမော်လိုက်ခဲ့"

ကျွန်မဟာ ချစ်သူကိုအနားကနေ ခွဲခွာသွားမှာကို စိုးရိမ်တတ်ပြီလား၊ ကိုမော်နှင့်အတူဈေးလာခဲ့တယ်၊ မလေး အတွက် ရှောက်သီးသုတ်မယ်ဆိုတော့. . .

"ကိုမော်တို့အတူနေကြရင်ကော. . . ကိုမော်ကြိုက်တဲ့ ဟင်းတွေ ထင်မိုးအောင် ချက်ကျွေးမှာလားဟင်. . ."

"ကိုမော့်ကိုချစ်တယ်လို့ ကျွန်မပြောမိလို့လား. . . အတူနေဖို့ဆိုပိုတောင်မပြောသေး"

"ထင်မိုးအောင်ကလည်း"





ကိုမော့်ပုံစံလေးကြည့်ပြီး ကျွန်မရယ်မိတယ်လေ။

ကိုမော်ရယ်. . . ကိုမော့်ကို ကျွန်မချစ်ပါတယ်၊ ဒါပေမယ့် အချိန်ဆိုတာ. . . ခဏလေးစောင့်ရမှာပါကွယ်။

* * * * * * * * * * *

"ဝင်းခိုင်. . . ထမင်းစားမယ်လေဟာ"

"အေးပါ. . . ငါ သည်စာရင်းလေး ကွန်ပျူတာထဲ ထည့်ပြီးရင်စားမယ်"

"ဝင်းခိုင်နဲ့ခင်လေးရေ. . အန်တီသန်းတော့ စားနှင့်ပြီ"

ကိုမော်က ထမင်းစားချိန်ရသမျှလေးမှာ ထင်မိုးအောင် ဆီ ပြေးပြီဆိုတော့ အခုဆိုဝင်းခိုင်နဲ့ခင်လေးပဲ အတူစားနေရ ပါတယ်၊ အန်တီသန်းကလည်း အန်တီမြင့်တို့လူကြီးတွေနဲ့ သွားစားတာကများနေတာကိုး. . ။

ထမင်းချိုင့်လေး ဖွင့်ကြည့်မိတယ်။

ခင်လေးဟာသာကြော်ပြီး ထည့်ထားသော ဘဲဥကြော်ရဲ့ ဘေးမှာ ပုစွန်ဆီပါလား၊ ဒါဟာ အောင့်လက်ရာဆိုတာ မပြောဘဲသိတယ်၊ ညနေစာမှာသာ အောင်ချက်တဲ့ဟင်းကို ခင်လေးစားမယ်၊ မနက်ရောညရော မစားဘူးပြောထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးက မနေတတ်လို့သာ. . .၊ အခန်းရှေ
ပြောင်လက်နေအောင် ရှင်းနေတာ၊ ကျန်တာဘာမှကူညီနိုင်
မဟုတ်ပါပဲ ထင်မိုးအောင်ရဲ့အလွန်ကောင်းသော ဟင်းကော
တွေကိုမစားချင်ပါဘူး၊ ညနေစာကတော့ အခန်းရှင်းတာနဲ့
ကျေးဇူးချင်းချေမယ်လို့ ပြောထားကြလို့သာ။

ဒါပေမယ့် ထင်မိုးအောင်က ခင်လေးဖွက်ပြီးထားသော
ထမင်းဘူးထဲဟင်းတွေခိုးထည့်ပေးလေ့ရှိပါတယ်။ ပြောပြ
ရင်လည်း အခန်းရှင်းပေးတယ်လေနဲ့ ပြီးသွားတတ်တာ။

"ဝင်းခိုင်. . . ဘာဟင်းလဲ"

"မသိဘူး. . . မေမေထည့်ပေးတာ၊ ဖွင့်ကြည့်ပေ
ခင်လေးရဲ့"

ထမင်းဘူးဖွင့်ကြည့်တော့ ငါးခူစဉ်းကော။

ဝင်းခိုင်အမေက ဟင်းချက်ကောင်းပါတယ်၊ ဒါပေမယ့်
ထင်မိုးအောင်ကိုတော့ မမီဘူးလို့ပြောရမည်။

"ဘာဟင်းလဲ ခင်လေး"

သူကပဲပြန်မေးရတယ်။

"ငါးခူစဉ်းကော. . ."

"ကောင်းတာပေါ့"





နှစ်ယောက်အတူ ထမင်းစားကြရင်း ကိုမော့်အကြောင်း
ပြောမိကြတယ်။ ကိုမော်တစ်ယောက် ထမင်းစားဖို့ အားလပ်ချိန်
လေးရရင် ထမင်းချိုင့်လေးယူပြီး ထင်မိုးအောင်ရှိရာ အရောက်
သွားစမြဲ။

"ကိုမော်က ထင်မိုးအောင်ကို ဖွင့်ပြောလိုက်ပြီ။
ထင်မိုးအောင်က တနင်္ဂနွေနေ့ သူ့မွေးနေ့မှာဖြေမယ်တဲ့၊ ကိုမော်
ရင်သိပ်ခုန်နေတာပေါ့ဟာ"

"ဟုတ်လား.၊ အောင်နဲ့တောင် စကားမပြောဖြစ်တာနဲ့
မသိဘူး၊ အောင်ကကိုမော့်ကို ချစ်တယ်လို့ခင်လေးထင်ပါတယ်၊
တစ်ခုပဲကြောက်တယ်၊ ချစ်သူတွေဖြစ်ကြပြီးရင် ကိုမော်က
အောင့်အပေါ် သစ္စာရှိပါ့မလား. .၊ ရိုးရိုးကျားတစ်ကောင်ထက်
ဒါဏ်ရာရနေတဲ့ကျားနာတစ်ကောင်ဟာ ပိုကြောက်စရာ
ကောင်းသလို အောင်က သစ္စာမရှိရင် ခွင့်လွှတ်မှာမဟုတ်ဘူး"

"ခင်လေးတို့သူငယ်ချင်းနှစ်ယောက်ဟာ မိုးကြိုးပစ်တာ
မြင်ဖူးလို့ မိုးရွာတိုင်းမိုးကြိုးပစ်မယ်လို့ ထင်နေသလိုဖြစ်နေပြီ၊
ဘယ်အရာမဆို သုခ၊ ဒုက္ခနှစ်မျိုးရှိနေတာပါ၊ အကောင်းအဆိုး
ရှိနေတာ၊ ဘာလို့သည်လောက်ကိုယ့်စိတ်ကို ညှင်းဆဲကြသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး. . . ခင်လေးကတော့ ယုံကြည်မှုဆိုတာ ပြည့်ပြည့်ဝဝမရှိလို့လားမသိပါဘူး၊ အားလုံးကိုစိုးရိမ်နေသလိုပါပဲ အမေ့လိုပဲ မာနထားနိုင်မယ် မထင်ဘူး"

"ဒါဆို. . . ကိုယ့်ကို ယုံကြည်လို့မရသေးဘူးပေါ့"

"အင်း. . ."

"ကိုမော်တောင်မှ တနင်္ဂနွေဆို အဖြေရမှာ၊ ကိုယ်က ဘယ်လောက်ကြာအောင်စောင့်နေရမှာလဲ"

"မစောင့်နိုင်ရင် နောက်တစ်ယောက်ရှာပေါ့"

"အချစ်ဆိုတာ အဲလိုမျိုးပြောင်းလို့ရသလား"

"အဖေတို့တော့ ရတာပဲ"

"လာပြန်ပြီ၊ နောက်ဆုံးချည်နေရာမှာ ဆုံးတော့တာပါလား၊ လူတွေဟာတစ်ယောက်နဲ့တစ်ယောက် စိတ်မတူကြဘူးလေ ခင်လေးရဲ့၊ ခင်လေးအပေါ်မှာ ကိုယ်သစ္စာရှိမှာပါ ဆိုတာအပြင် ဘာမှပိုမပြောတတ်ဘူး၊ ဒါမျိုးက စကားထက် လက်တွေ့က အရေးကြီးတာပါ"

"သစ္စာမဲ့ခဲ့ရင်ကော. . . ပြန်ပြီးပြုပြင်ယူလို့ရတဲ့ အရာမဟုတ်ဘူးလေ၊ ခင်လေးတစ်သက်မှာ တစ်ချစ်ပဲ ချစ်ချင်တယ်"

"ခင်လေးတော့ ဂျာအေးသူ့အမေရိုက်နေပြီ"





ဝင်းခိုင် ရယ်သာရယ်နေတယ်။

သူရယ်နေတာက အဖြေမရှိတဲ့ပုစ္ဆာထဲ တဝဲလည်လည် ထွက်မရတဲ့လူတစ်ယောက်လို ဖြစ်နေပြီထင်ပါရဲ့၊ သံယောဇဉ် မရှိဘူးလို့ ခင်လေးမညာပါဘူး၊ ဒါပေမယ့် အမေ့လို မာနတွေနဲ့ မာန်တင်းရတဲ့အခြေအနေမျိုးများ မတော်တဆဖြစ်လာခဲ့ရင်၊ ခင်လေးမှာ မာနတွေရှိနိုင်ပါ့မလား။

သက်ပြင်းတွေရှိုက်ရင်း ခင်လေးအတွက်တော့ ခေါင်းငြိတ်ဖို့ရာ မဝံ့ရဲပါ။

"ခင်လေးကို ကိုယ်သိပ်ချစ်ပါတယ်၊ စစ်မှန်တဲ့ ခိုင်မြဲတဲ့ အချစ်ပါလို့ ပြောပြယုံကလွဲပြီး ကိုယ်ခင်လေး ယုံကြည်အောင် စောင့်နေယုံ၊ အချိန်ပေးယုံပါပဲ၊ ဒါပေမယ့်. . ခင်လေးအချစ်ကို ကိုယ်လိုချင်တယ်"

"ဝင်းခိုင်ပြောသလို အချိန်စောင့်ပါဦး၊ ခင်လေး စဉ်းစားပါရစေဦး"

"ဒါဏ်ရာပြင်းတဲ့ ထင်မိုးအောင်က ခင်လေးထက်ပိုပြီး ရဲဝံ့နေသလိုပဲ"

"အောင်က ရဲဝံ့တယ်၊ ဟုတ်တယ်. . . အောင်က ခင်လေးထက်ပြတ်သားပါတယ်၊ ပြီးတော့ အောင့်ဆီမှာ အမေ့လိုမျိုး မာနတစ်ချို့ကို တွေ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



အတူနေတာ အတန်ကြာလာတော့ အောင့်...
ခင်လေးတွေ့နေရတဲ့ အခြေအနေတွေရှိတာပဲ၊ အမှောင်ထဲ...
တစ်ယောက်ထဲ ထိုင်ပြီး မျက်ရည်ကျချင်ကျနေမယ်၊ ကြေ...
ထိခိုက်စွာ ငြိမ်သက်ချင်ငြိမ်သက်နေမယ်၊ ဒါပေမယ့်...
မီးအလင်းရောင်မှာဆို အောင့်မျက်နှာက မာကျောနေ...
များပါတယ်။

သည်ပုံစံမျိုးကို အမေ့ဆီမှာ ခင်လေး ခဏခဏ...
မြင်ဖူးနေတာပဲ။

"ကိုမော်ကလည်း ပြောပါတယ်၊ ထင်မိုးအောင်...
သူသိပ်ချစ်ကြောင်း သစ္စာဆိုတာ လူတိုင်းမှဲ့တတ်တာမဟုတ်...
ဆိုတာ ပြရဦးမယ်လို့ ပြောတယ်လေ"

"အောင်သိရင် ဝမ်းသာမှာပါ"

"ခင်လေးကရော ဝမ်းမသာချင်ဘူးလား"

ဝင်းခိုင်ကို ပြုံးရင်းကြည့်မိတယ်၊ အမြဲလိုတည်...
အေးဆေးစွာ ကြည့်နေတတ်ပြီး မျက်ဝန်းများမှချစ်ခြင်းသ...
ရင်ခုန်မိပါလျှက်. . . ချစ်မိပါလျှက်. . . ။

* * * * * * * * * *

ရန်ပိုင်ဦးစာပေ



ညောင်ပင်ကိုင်းပေါ်မှာလည်း ခိုတွေအများကြီး၊
...ပြိုပြင်ပေါ်မှာလည်း ခိုတွေအများကြီး၊ ပဲဆံတွေကျွေးရင်
...င်းလုစားတာကို ကျွန်မနှစ်သက်စွာကြည့်နေမိပါတယ်၊
...စ်ဆယ့်ခြောက်နှစ်ရှိခဲ့ပြီ၊ အဲသည့်နှစ်ဆယ့်ခြောက်နှစ် ဆိုတဲ့
...သက်မှာ ဘယ်နှစ်နှစ်က ပျော်ရွှင်ကြည်နူးခဲ့ပါသလဲ၊ ကြေကွဲ
...ထိခိုက်ခဲ့ခြင်းက ဘယ်နှစ်နှစ်လဲ၊

မစဉ်းစားတော့ပါဘူး. . . ။

အခုအချိန်. . .

ကျွန်မပျော်ရွှင်ကြည်နူးမှုတွေ ရင်မှာရှိနေတယ်လို့
...န်ခံရမှာပါပဲ။

"ဟယ်. . . ကိုမော်၊ အင်္ကျီမှာပေကုန်ပြီ"

ကိုမော့်ပုခုံးစွန်းမှာ ပေပွနေတာပဲ။

ခိုတွေရှိတဲ့သစ်ကိုင်းအောက်ဝင်နေတော့ ခိုတွေက
...ညစ်အကြေးတွေစွန့်ချလိုက်တာပေါ့၊ ကျွန်မက စက္ကူနဲ့
...သာလေး သုတ်ပေးမိတယ်။

"ကိုမော်. . . ၊ ဟယ်. . . ၊ ကိုမော်ကလည်း
...ကြည့်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေးကပြောတော့ အောင်ဆိုတဲ့ကောင်မလေးဟာ သူထင်ရာ၊ သူပြောချင်ရာပြောလွန်းလို့ အဆောင်မှာဘယ်သူနဲ့မှ မတည့်ဘူးဆို၊ အခုထင်မိုးအောင်ကိုမြင်ရတာကတော့ အရမ်းနူးညံ့ပြီး အရမ်းကြင်နာတတ်တာပဲ"

"ကျွန်မဆိုးတာတွေ ကိုမော်မတွေ့ဘူးသေးလို့ပါ နောက်တော့မှ ခင်လေးရေ. . . နင်ပြောသလိုပဲ ငါလည်း အဲသည့် ကောင်မလေးကို ကြည့်မရတော့ဘူးလို့မပြောနဲ့နော်"

"ကြည့်မရရင် မျက်စေ့မှိတ်ထားမှာပေါ့"

"ကိုမော်. . . "

ကျွန်မနှစ်ခြိုက်ကြည်နူးစွာ ရယ်နေမိတယ်၊ ကျွန်မ ချစ်သူနှင့်အတူ ယှဉ်လျှောက်ရင်း ချစ်သူကိုငုံကြည့်မိတဲ့အခါ မြင့်မားတဲ့ အရပ်ကြောင့် မော့ကြည့်နေရသလိုပါပဲလား၊ သည်လိုမျိုးမော့ကြည့်နေရတာလည်း ကျွန်မနှစ်သက်တယ်။

"ထင်မိုးအောင်. . . ဘာစားချင်လဲ"

"ဘာမှမစားချင်ဘူး"

"ဒါပေါ့လေ. . .၊ ဟင်းကောင်းကောင်းချက်တတ်တဲ့ လူဆိုတော့ တော်ယုံဘာစားစားမကောင်းဘူးပေါ့ ဟုတ်လား"



"သည်လိုလည်း မဟုတ်ပါဘူးကိုမော်ရဲ့၊ လက်ရာတွေဆိုတာ တစ်ယောက်တစ်မျိုးပဲပေါ့၊ မာမီဆို ကျွန်မထက်တောင် ထင်းချက်တာပိုကောင်းတယ်"

"ထင်မိုးအောင်ဒက်ဒီရော နေကောင်းနေပြီလား"

ကိုမော်ပြောမှ အမှတ်ရတယ်။

ဒက်ဒီဆီ နောက်ထပ်တစ်ခေါက်မရောက်တော့ပါဘူး။

ဒက်ဒီကလည်း ဘာမှအကြောင်းမကြားဘူးဆိုတော့ နေကောင်းနေမှာပါလေလို့ ခပ်ပေါ့ပေါ့တွေးလိုက်ပေမယ့် ကျွန်မကို ပီတိမျက်ဝန်းတွေနှင့် ကြည့်နေတဲ့ အကြည့်ကို စွဲထင်စွာမှတ်မိနေဆဲ။

"အခုသွားကြည့်ရရင်ကောင်းမယ်"

"ဟာ. . ကိုမော်မလိုက်ရဲပါဘူး"

"ဘာလို့လဲ"

"လူကြီးတွေက ထင်မိုးအောင်နဲ့အတူလာတယ်ဆို တစ်မျိုးထင်မှာပေါ့"

"ထင်ပါစေပေါ့၊ ကျွန်မချစ်သူလို့ပြောလိုက်မှာပေါ့"

"ဘယ်လို. . . ထင်မိုးအောင် ဘယ်လို. . . ဘယ်လို ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါပဲလေ. . . နောက်ထပ်တစ်ခါ ထပ်ပြောလို့မရဘူး"

"ထင်မိုးအောင်. . ."

ဘယ့်နှယ် ကားလမ်းကူးပါတယ်၊ လမ်းမအလယ်ရပ်နေရတာလဲ၊ ကိုမော်ကတော့လေ၊ ကျွန်မရယ်ရှင်း ကားလမ်းကို အပြေးလေးကူးလိုက်တယ်။

ကိုမော်. . .

ရှင့်ကိုကျွန်မချစ်တယ်။

ကျွန်မချစ်မိရင် အသည်းနှင့်အောင်ချစ်မှာနော်၊ ကျွန်မကိုတော့ သစ္စာဖျက်လို့ရမှာမဟုတ်ဘူး။

"ကိုမော်"

"ဟင်. . ."

"ကျွန်မကို ကျွန်မသေဆုံးတဲ့ထိ သစ္စာရှိရှိချစ်ရမှာနော်၊ မဟုတ်ရင် ကျွန်မကိုမော့်ကို ခွင့်မလွှတ်ဘူး"

"စိတ်ချ. . . ကိုမော်သေတဲ့အထိ ထင်မိုးအောင်လေး တစ်ယောက်ထဲကိုပဲ ချစ်မယ်"

ကျွန်မမှာချစ်သူရှိတယ်၊ ကျွန်မချစ်သူကို ကျွန်မသိပ်ချစ် သလောက် သူကလည်းသိပ်ချစ်လိမ့်မည်လို့ ယုံကြည်နေမိတယ်၊





ကိုမော်က လမ်းကူးဖို့ပြင်တဲ့အခါ ကျွန်မလက်ကိုဖျတ်ခနဲ ဆုပ်ကိုင်ခေါ်ဆောင်မိတဲ့အခါ ရင်မှာကြည်နူးစိတ်တွေနဲ့ တုန်ခါနေတာ ခံစားရပါလား၊ အသည်းနှင့်အောင်ချစ်မိသော အချစ်သည် ကျွန်မကိုလောဘများစွာဖြင့် ပူလောင်စ ပြုလေပြီလား။

ချစ်သူကို မစွန့်လွှတ်နိုင်ဘူးလေ။

ချစ်သူကို ကျွန်မသေဆုံးသည့်တိုင် ပိုင်ဆိုင်ချင်တယ်။

"အခု ဘယ်သွားမှာလဲ၊ တကယ်ပဲဒက်ဒီ့ဆီ သွားမလို့လား. . .၊ ကိုမော်လိုက်ခဲ့လို့ မကောင်းပါဘူးထင်မိုးအောင်ရယ်"

"အလကားနောက်တာပါ၊ ညနေမှ ကျွန်မတစ်ယောက်ထဲသွားမှာ၊ ညကြတော့ မလေးနဲ့တွေ့ရင် ကိုမော်နဲ့ ကျွန်မ ချစ်သူတွေ ဖြစ်သွားပြီလို့ ပြောမယ်နော်"

"ပြောစေဗျား. . . ပြောစေ၊ ခင်လေးတစ်ယောက်ထဲကို မဟုတ်ဘူး၊ ကမ္ဘာလောကကြီးတစ်ခုလုံးသိအောင် အော်ပြောလိုက်၊ ကိုမော်နဲ့ထင်မိုးအောင် ချစ်သူတွေ ဖြစ်သွားပြီလို့"

ကိုမော်အနားမှာရှိနေခြင်းဟာ ကျွန်မဘဝအတွက်တော့ အရာအားလုံးပြီးပြည့်စုံနေသလိုပါပဲ၊ ချစ်သူလက်ကိုတွဲပြီး လျှောက်ရသမျှလမ်းတွေကလည်း သာယာလွန်းလှပါတယ်။

"ကိုမော်. . . ကျွန်မတို့ ဘယ်သွားမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ထင်မိုးအောင် သွားချင်ရာသွား၊ ထင်မိုးအောင်ကို ကိုယ်. . . ခင်လေးခေါ်သလို အောင်လို့ပဲခေါ်မယ်လေ"

"ကောင်းတာပေါ့. . . အောင်ဆိုတာ မာမီခေါ်တာ ကိုမော်ရဲ့၊ ကိုမော်နဲ့မလေးက အောင်လို့ခေါ်တာ ကျွန်မ ကြိုက်ပါတယ်၊ ကိုမော့်ကိုတော့ ကိုမော်လို့ပဲခေါ်မယ်နော်"

"နာမည်ခေါ်တယ်ဆိုတာထက် ထာဝရချစ်နိုင်ဖို့က ပိုအရေးကြီးပါတယ်၊ အောင့်ကို ကိုမော်ထာဝရချစ်မှာပါ"

ကျေးဇူးတင်ပါတယ် ကိုမော်. . .

သံပတ်ရုပ်ကလေးတစ်ရုပ်ကို ခဏခဏသံပတ်ပေးနေသလို ကျွန်မကိုလည်း ထာဝရချစ်မယ်ဆိုတဲ့စကား ခဏခဏပြောနေပါကိုမော်. . .။

သည်စကား ပျောက်ကွယ်သွားမှာကို ကျွန်မ မလိုလားဘူးလေ။

* * * * * * * * * * *



"မှောင်လိုက်တာ မလေးရယ်၊ မီးဖွင့်ပါလား၊ တစ်ယောက်တည်းဘာလုပ်နေလဲ"

အမှောင်ထဲမှာနေပြီး ငြိမ်သက်စွာတွေးနေတတ်သူ အောင်တစ်ယောက်၊ ခုတော့ အလင်းရောင်ကို နှစ်သက်တတ်နေပါရော။ မီးဖွင့်လိုက်တော့ ခင်လေးရှင်းထားတဲ့ အခန်းလေးက ပိပိပြင်ပြင် သန့်သန့်ရှင်းရှင်းပါ။

"မလေး. . . ကြမ်းတိုက်ထားပြန်ပြီထင်တယ်"

"အင်း. . . စောပြန်ရောက်နေတယ်လေ၊ ဒါကြောင့်ပါ။ အောင်ပြန်လာမှ ထမင်းစားမလို့၊ ခဏနား. . . ရေချိုးလေ"

"ကိုမော်က ထမင်းစားပြီးမှပြန်တဲ့လေ. . . ကျွန်မ သိတယ်၊ မလေးကကျွန်မကိုထမင်းစားစောင့်နေမှာသိလို့ ပြန်လာတာ၊ သည်ညနေဒက်ဒီ့ဆီသွားမယ်ဆိုတာလည်း မရောက်ဘူး၊ မိဘနဲ့ချစ်သူဆို ချစ်သူက ပထမဖြစ်သွားတာ ပါပဲလား"

ချစ်သူတဲ့. . .

ကိုမော့်ကိုရည်ညွှန်းတယ်လို့ ခင်လေးသိလိုက်ပါတယ်။

အောင်က သည်နေ့ ကိုမော့်ကိုအဖြေပေးခဲ့တဲ့. . .

ချစ်တယ်လို့ ပြောလိုက်ပြီထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ချစ်သူလို့ အောင်ဆိုလိုက်သည်ဖြစ်မည်။

"မလေး. . . သည်နေ့ ကိုမော့်ကိုချစ်တယ်လို့ အောင်ဖြေလိုက်ပြီ"

"ဟုတ်လား. . . အောင်ပျော်တယ်မဟုတ်လား၊ အောင့်ကိုပျော်ရွှင်နေစေချင်တဲ့ခံစားမှုတွေ ခင်လေးနဲ့ ဝင်းခိုင်ဆီမှာလည်း ရှိတယ်"

"ကျွန်မအတွက် ထပ်တူခံစားပေးကြတဲ့ မလေးနဲ့ ကိုဝင်းခိုင်ကို သိပ်ကျေးဇူးတင်ပါတယ်"

အောင်က သီချင်းလေးတစ်ပုဒ် တိုးတိုးညည်းရင်း ရေချိုးဖို့ပြင်နေတယ်၊ အောင့်ဆီမှာ ရွှင်မြူးသွက်လက်ခြင်းတွေကိုမြင်နေရတယ်၊ အောင့်အတွက် ခင်လေးတကယ်ဝမ်းသာပါတယ်၊ အောင့်ရဲ့ရွှင်မြူးခြင်းမျိုးတွေ ခင်လေးရရှိနိုင်ပါ့မလား။

ခင်လေးကတော့ လှုပ်ရှားယိမ်းထိုးနေတဲ့ကြိုးတံတားအဟောင်းအဆွေးတစ်ခုကို ဖြတ်လျှောက်ရတော့မည့်လူလိုပါပဲ၊ နက်ရှိုင်းမှောင်ပိန်းနေတဲ့ချောက်ကြီးတစ်ခုကို ထိတ်လန့်စွာ ကြိုးတံတားလေးကို မယုံကြည်ခြင်းတွေနှင့်. . .။

ခင်လေးဆိုတဲ့မိန်းမတစ်ယောက်ကတော့ တွေးတောစိုးထိတ်တတ်သူလား။





ဟိုဖက်ကမ်းထိတိုင်အောင် အောင်မြင်စွာလျှောက်လှမ်းနိုင်ပါ့မလားဆိုတဲ့ တွေးတောထိတ်လန့်ခြင်းကြောင့် ကြိုးတံတားပေါ် ခြေတစ်လှမ်းမျှမချဝံ့ဘူး၊ အောင်ကတော့ ကြိုးတံတားပေါ် အောင်မြင်စွာခြေချလျှောက်လှမ်းနေပြီ။

"မလေး. . ."

"ဟင်"

"အချစ်က လူတစ်ယောက်ကို အင်အားတွေလည်းပေးတယ်၊ ကျွန်မလေ အရမ်းစိတ်မှာပြည့်စုံနေသလိုပဲ"

ဟုတ်မလား. . .

အချစ်က အင်အားတွေကိုဖြစ်စေသလို. . .

အချစ်ဟာ အောင့်မာမီကို မြေပြင်ပေါ်ဖုံးဖုံးလဲကျသွားစေခဲ့တာ အောင်မေ့သွားပြီလားမသိ။

"ပြောမယ့်သာပြောတာ ခင်လေးရယ်. . .၊ ကိုမော့်ကို သိပ်ချစ်သွားပြီး သိပ်ယုံကြည်သွားတဲ့အခါမှာ ကိုမော်ဟာ ကျွန်မနဲ့ သေတပန်သက်တဆုံးရှိနေတော့မှာလို့ ယုံကြည်နေခဲ့ပြီ"

အံ့သြဖွယ်ရာပဲ. . .

ခင်လေးကတော့ ယုံကြည်ခြင်းကိုမရှိဘာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် ဝင်းခိုင်ကိုမချစ်လို့လား၊ ခိုင်မြဲကြီးမားတဲ့ သံယောဇဉ်ဟာ အချစ်မဟုတ်လို့များ မယုံကြည်တာလား ခင်လေးရဲ့ မေးခွန်းများစွာမှာ အဖြေမရှိပါဘူး။

"ကျွန်မတို့လေးယောက် တစ်နေရာရာကိုသွားရအောင် ကျွန်မထမင်းဟင်းတွေ ချက်ကျွေးမယ်လေ"

"ခရီးသွားတယ်ဆိုတာ ငွေကုန်တယ်အောင်ရဲ့၊ ခင်လေးလကုန်လောက် အမေ့ဆီပြန်မယ်၊ မကွေးမြသလွန်ဘုရားဖူးမယ်ဆိုရင်တော့ မင်းလိုက်ခဲ့လို့ရပါတယ်၊ အမေက ခင်လေးသူငယ်ချင်းတွေဟာ သူ့သားသမီးပါပဲ၊ အလုပ်က ခင်လေးနဲ့အတူ ဝင်းခိုင်နဲ့ကိုမော်ပါ သုံးယောက်လုံး ခွင့်ယူလို့ရမှာမဟုတ်ဘူးအောင်. . ."

"ခင်လေးနဲ့အတူသွားရမယ်ဆို သွားမှာပါ၊ ကိုမော်နဲ့ ကျွန်မက လက်ထပ်ပြီးရင်လည်း ဘယ်သွားသွားရနေတာပဲ"

လက်ထပ်ပြီးရင်တဲ့. . .။

အောင့်ဆီမှာ ဘဝခရီးအတူလျှောက်ဖို့ပါ ဆုံးဖြတ်ချက်ရှိနေပြီပဲ၊ ဒါပေါ့လေ. . . ချစ်သူကို သိပ်ချစ်ပြီး ချစ်သူအပေါ် သစ္စာရှိတဲ့မိန်းမတွေဟာ ချစ်သူနဲ့ဘဝခရီးကို သေတပန်သက်တဆုံးလျှောက်ဖို့ ဆုံးဖြတ်ကြမှာပါပဲ။

ရန်ပိုင်ဦးစာပေ



"အမေ့ဆီ ဘယ်တော့သွားမလဲ ခင်လေး"

"လကုန်မှပါ၊ တစ်ပါတ်ဆယ်ရက် လိုပါသေးတယ်"

"ကျွန်မပျော်နေပြီ. . .၊ မလေးရဲ့အမေကို တွေ့ဖူးချင်ခဲ့တယ်၊ အခုတွေ့ရတော့မှာ"

"ကဲ. . . ရေချိုးမှာချိုး၊ အအေးမိမယ်. . . ဆောင်းဝင်နေပြီ"

အောင့်ခြေလှမ်းတွေက သွက်လက်ဖျတ်လတ်နေတာ အသိသာချည်းပါပဲ၊ ခင်လေးကတော့ ကိုယ်တိုင်လည်း စိတ်မညစ်ချင်သလို. . . ဘယ်သူ့ကိုမှလည်း စိတ်မညစ်စေချင်ပါဘူး။

အောင်ပျော်နေသလို ကိုမော်လည်းပျော်ရွှင်နေမယ်ထင်ပါတယ်။

အဲလိုပဲ. . . ဝင်းခိုင်ကိုလည်း ပျော်ရွှင်စေချင်ပါတယ်၊ ဒါပေမယ့်. . . .

* * * * * * * * * *

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ထင်ထင်"

စာချုပ်တွေပေါ်မှာ စာတွေလိုက်ဖြည့်နေတာမို့ မမှားအောင်ဂရုစိုက်မိနေဆဲ. . . သည်လိုခေါ်သံကလည်း ကျွန်မဘဝမှာ ရှားပါးလှပါတယ်၊ ဒါကြောင့် ဖျတ်ခနဲ မော့ကြည့်ပါတယ်၊ ဒက်ဒီ၊ . . မျက်မှာတွေအရမ်းကျနေတာပါပဲ ဒက်ဒီနှင့်အနေဝေးသွားခဲ့ကြပြီးတော့မှ သည်တစ်ခါတော့ ဂရုတစိုက် ကြည့်လိုက်မိတာပါ။

"ဒက်ဒီ. . . ဘယ်လာလဲ၊ အန်ကယ်ကြိုင်တို့ မရှိဘူးထင်တယ်"

"သူတို့ဆီလာတာမဟုတ်ပါဘူး၊ ထင်ထင့်ဆီလာတာပါ"

"ကိစ္စရှိလို့လား ဒက်ဒီ"

"မရှိပါဘူး၊ ထင်ထင့်ကိုသတိရလို့ပါ"

ကျွန်မစားပွဲရှေ့မှာဝင်ထိုင်ပါတယ်။

တကယ်ဆို ဒက်ဒီက ကျွန်မတို့လုပ်ငန်းအားလုံး ပိုင်ရှင်ပါ၊ ကျွန်တဲ့လူတွေက ဒက်ဒီရှိနေတော့ တစ်ချို့ အနားလာပြီး ဂရုတစိုက်ရှိနေကြတာမို့. . .။

"ထင်ထင်. . . ဒက်ဒီနဲ့မနက်စာလိုက်စားပါလား"





နာရီကြည့်မိတယ်၊ ထမင်းစားချိန်ရောက်တော့မှာ၊ ဒက်ဒီနှင့်လိုက်သွားမယ်ဆို ကိုမော်နှင့်လွဲတော့မည်၊ ဒါကြောင့် ဘယ်ကိုဆုံးဖြတ်ရမည်မသိ။

"ထင်ထင့်မှာကိစ္စရှိနေလို့လား"

"ထမင်းစားချိန်ကို အတူလာစားမယ့်သူရှိတယ်"

"ထင်ထင့်ချစ်သူလား"

"ဟုတ်တယ်"

"ဒါဆိုခေါ်ခဲ့ပေါ့၊ ထင်ထင့်ချစ်သူကို ဒက်ဒီနဲ့မိတ်ဆက်ပေးလေ"

ဒက်ဒီနှင့်အတူ ကိုမော့်ကို ရပ်စောင့်နေရတယ်။

ကိုမော်ကလည်းကြာနေတယ်လေ၊ ဒက်ဒီကတော့ အေးအေးပါပဲ၊ ခဏနေတော့မှ ကိုမော်ရောက်လာတယ်၊ ကိုမော်က မီးခိုးရောင်အကျီလေးကို ပုဆိုးအပြာရင့်လေးနဲ့ ဝတ်ထားပြီး ကျွန်မမျက်ဝန်းမှာတော့ ချစ်စရာကောင်းနေတာပါပဲ။

"ဒက်ဒီ. . . ကျွန်မချစ်သူ ကိုမော်၊ ကိုမော်. . . ကျွန်မဒက်ဒီလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီမှန်းသိတော့ ကိုမော်နည်းနည်းတော့ အနေခေ
နေသလိုပါပဲ။

"ကိုမော်နဲ့ထင်ထင့်ကို ဒက်ဒီကထမင်းလိုက်ကျွေး
မလို့ပါ. . . လာလေ"

ကိုမော်က ကျွန်မကိုဖျတ်ခနဲလှမ်းကြည့်ပါတယ်
ကိုမော့်ကိုပြုံးပြရင်းကားတံခါးဖွင့်ပေးလိုက်တယ်၊ နောက်ခန်းမှာ
နှစ်ယောက်အတူယှဉ်ထိုင်မိတော့ ကိုမော်ကအသာလေး
ပုခုံးတွန့်ပြတာမြင်သားပဲ၊ ကျွန်မချစ်သူဟာ တစ်နေ့မှာ
ကျွန်မနဲ့အတူ ဘဝခရီးကိုလျှောက်ရမယ့် တစ်ဦးတည်းသော
ချစ်သူပဲ၊ ကျွန်မမိဘနှင့်တော့ တစ်နေ့မတွေ့ တစ်နေ့
တွေ့ရမှာပါပဲ၊ ဒက်ဒီက ကိုမော့်မိဘတွေအကြောင်းနှင့်
အလုပ်တွေအကြောင်းပြောနေပါတယ်။

"သမီးနဲ့အတူတူ အလုပ်လုပ်ချင်တယ်ဆို အချိန်မရွေး
ပြောပါ ကိုမော်"

"ဟုတ်ကဲ့. . ကျွန်တော်အခုလက်ရှိ အလုပ်ကလေးက
အဆင်ပြေပါတယ်၊ အချိန်ပိုရယ်၊ ဆုကြေးလေးတွေရယ်ဆို
မဆိုးပါဘူး"





ကိုမော့်ကို ကျွန်မတို့ရဲ့အလုပ်ထဲကို အရင်တစ်ခါထဲက
ခေါ်တာ၊ ခေါ်လို့ရတာမှ မဟုတ်တာပဲလေ။

"ထင်ထင်တို့ ဘယ်တော့လက်ထပ်မလဲ၊ ဒက်ဒီ့ကို
အားလုံးတိုင်ပင်လို့ ရပါတယ်"

"ကျွန်တော်တို့ ချက်ခြင်းလက်မထပ်နိုင်သေးပါဘူး၊
ကျွန်တော်ငွေစုရဦးမယ် ဦး၊ အခုလက်ရှိအိမ်မှာက ဘကြီးနဲ့
အတူနေနေရတာ၊ ကျွန်တော်တို့အတူနေရင် အဆင်မပြေ
ပါဘူး. . . သိပ်ကျဉ်းတယ်၊ ဒါကြောင့် သည်ထက်ကျယ်တဲ့
အခန်းလေးတစ်ခုရဖို့ ကျွန်တော်ငွေစုရဦးမယ်"

ဒက်ဒီက ငွေစုရဦးမည်ဆိုသည့်ကိုမော့်ကို ပြုံးကြည့်
နေပါတယ်၊ ဒက်ဒီပိုင်တဲ့ငွေမပြောနှင့် ကျွန်မအိမ်မှထွက်လာတဲ့
ပေးလိုက်တဲ့ငွေတွေကိုက များပြားလွန်းနေတာပဲလေ။

"ဒက်ဒီ့သဘောကတော့ ကိုမော်နဲ့ထင်ထင် လက်ထပ်
ပြီးရင်အိမ်မှာလိုက်နေပါ။ ထင်ထင့်ဆီကငွေကိုသိမ်းထားပါ၊
ဒက်ဒီ. . . လိုသမျှ အကုန်လက်ဖွဲ့ပါမယ်"

"ဟင့်အင်း. . . မယူပါနဲ့အောင်၊ ကိုမော်ပြောထား
တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို ချစ်ရတာ သိပ်ရင်မောရတယ်တဲ့၊ ထင်မိုးအောင်ကိုချစ်ရတဲ့အချစ်က ထင်မိုးအောင်ပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေကြောင့်လို့ အထင်မခံနိုင်ဘူးတဲ့။

"သမီးတို့ ကိုယ့်ဘဝလေးနဲ့ကိုယ်ပဲ ရှေ့ဆက်လျှောက်ပါရစေ၊ ဒက်ဒီ့စေတနာ သိပါတယ်"

"ထင်ထင်ဟာ ဒက်ဒီရဲ့တစ်ဦးတည်းသောသမီးပါ၊ ထင်ထင့်ကို ဒက်ဒီချစ်ပါတယ်"

ခုချိန်မှာမို့ ကျွန်မဘာမှမပြောတော့ပါဘူး၊ ကျွန်မကို ချစ်ရင်မာမီနဲ့အတူတူနေခဲ့ပါလား ဒက်ဒီရယ်လို့ ခဏခဏလည်း ပြောခဲ့သလို. . . အဲလိုပဲလည်း တွေးခဲ့ဖူးပါတယ်။

အပြန်လမ်းမှာတော့ ကိုမော်ကကျွန်မကို ပြောတယ်လေ။

"ကိုမော်တို့လျှောက်ရမယ့်ခရီးလမ်းကို ကိုယ့်ဖာသာ တွင်လျှောက်ကြရအောင်နော်၊ ဒက်ဒီ့အကူအညီတွေ မယူပါနဲ့ အောင်၊ ကိုမော့်ကို ယုံတယ်ဆိုရင် ကိုမော်သည်ထက် ပိုကြိုးစားပါ့မယ်၊ ခင်လေးတောင်မှ မိန်းကလေးဖြစ်ပြီး သူ့ဘဝအတွက် ကြိုးစားနေသေးတာ၊ ကိုမော်လည်း အောင်နဲ့အတူ လျှောက်ရမယ့်ဘဝခရီးလမ်းမှာ ကြိုးစားနိုင်ပါတယ်"





"ဒက်ဒီ့ကို အဖေတစ်ယောက်အနေနဲ့ ကျွန်မ ချစ်ပါတယ်၊ ဒါပေမယ့် မာမီရဲ့ကြေကွဲထိခိုက်မှုကိုသတိရရင် နာကျင်သွားတော့တာ. . . ချက်ခြင်းလိုပဲ၊ အဲလိုနာကျင်နေတဲ့ စိတ်တွေဝင်နေချိန်ဆို ချစ်တယ်ဆိုတဲ့ခံစားချက်လည်း ပျောက်သွားရော၊ ဒက်ဒီ့ကိုလည်း မတွေ့ချင်တော့ဘူး"

ကိုမော်ကပြောတယ်။

သားသမီးနဲ့မိဘကြားမှာ နာကျည်းမှုတွေ မရှိသင့်ဘူးတဲ့၊ ဒက်ဒီမှာ အပြစ်ရှိချင်ရှိမယ်၊ ဒါပေမယ့် အပြစ်လို့ မမြင်ပါပဲ သားသမီးဖက်က ဝတ္တရားကျေအောင်သာနေလိုက်ပါတဲ့။

"ကိုမော်ကတော့ ပြောမှာပေါ့၊ ကိုမော်မှ မခံစားဘူး တာကိုး"

ကိုမော်ရယ်တယ်. . .။

ကိုမော်က ဘယ်ခံစားတတ်ပါ့မလဲလေ. . .။

ကိုမော့်အဖေနဲ့အမေက မရှိတော့တာကြာလှပြီလို့ ပြောတာကိုး၊ သူတို့က ရိုးရိုးသားသားရောဂါတွေနဲ့ ဆုံးသွားကြတာ။



www.burmeseclassic.com

www.burmeseclassic.com



"အောင်တစ်ယောက်တည်း ခုလိုမျိုးခံစားရတယ် မထင်နဲ့၊ ကိုမော့်အဖေက အမေ့ဆီမှာ ကိုမော့်ကိုယ်ဝန်ရှိနေတဲ့က နောက်အိမ်ထောင်ပြုသွားတာ၊ အမေလည်း အဲသည့်စိတ်နဲ့ကိုမော်ကလေးဘဝမှာ ဆုံးတာ၊ အခုဘကြီးက အမေ့အစ်ကိုလေ၊ ဘကြီးပြုစုလာခဲ့တာ၊ ကိုမော်လည်း ခံစားတတ်ပါတယ်အောင်၊ ဒါပေမယ့် ကိုယ့်ဘဝကိုက အဲသည်လို အဖေအမေတွေနဲ့ဆုံရမယ်ပို့ ပါလာခဲ့ပြီပဲ၊ ဖြစ်သမျှအကြောင်း အကောင်းလို့ပဲတွေးထားတယ်"

ကိုမော်ပြောပြမှ သူ့ဘဝလေးအကြောင်းသိခဲ့ရတာပါ၊ တစ်ခါမှ ကိုမော်ကပြောတာမဟုတ်၊ အောင်တို့ကိုပြောပြနေရင်ကော ဘာတွေထူးလာမှာမို့လား၊ ပြီးခဲ့တဲ့ဘဝတွေအတွက် နာကျင်နာကျည်းနေတာ ကိုယ့်စိတ်ကို ဒုက္ခပေးတာနဲ့ အတူတူပါပဲ၊ ကိုမော်ကတော့ လက်ရှိအခြေအနေမှာ တိုးတက်အောင် ကြိုးစားယုံပဲတဲ့။

"ကိုမော့်လို ပြတ်သားချင်ပါတယ်"

"အောင်ရော. . . ဘာမပြတ်သားစရာရှိလဲ၊ ဒက်ဒီ့ကို အဖေတစ်ယောက်လိုမြင်ပါ"

"မာမို့ကိုနှိပ်စက်တယ်၊ မာမီသေအောင် ပြုခဲ့တယ်လို့ပဲ မြင်နေတယ်၊ မြင်မရပါဘူးကိုမော်ရယ်. . ."



ကျွန်မစိတ်ကအဲလိုမျိုးစွဲလန်းနေပြီလေ၊ ဖျက်လို့ကို မရတော့ပါဘူး၊ ဟိုးအရင်မာမီဆုံးကာစကဆို ဘဝမှာ တစ်ယောက်တည်း အထီးကျန်နေခဲ့ပြီဆို သိပ်စိတ်အားငယ်သွားတယ်၊ အဲသည့်စိတ်အားငယ်ခြင်းတွေက အလိုမကျခြင်းတွေအဖြစ် ကူးပြောင်းကုန်ကြတယ်လေ။

"မလေးနဲ့စတွေ့တော့ ကျွန်မဘဝမှာ အဖော်လေး တစ်ယောက်ရှိလာသလို ခံစားလာရတယ်၊ နေပျော်လာခဲ့တယ် ဆိုပါတော့၊ ကိုမော့်ကိုချစ်လာတဲ့အချိန်ရောက်တော့မှ ကျွန်မဘဝကပြည့်စုံသွားတာပါ။ အားငယ်စိတ်တွေလည်း မရှိတော့သလိုပါပဲ၊ မလေးနဲ့ ကိုမော်က ကျွန်မဘဝမှာအမြဲတမ်း ရှိနေမှာပါနော်. . ."

"ရှိနေမှာပေါ့ အောင်ရယ်"

ချစ်သူလက်ကို ဆုပ်ကိုက်လို့ လျှောက်ရတဲ့လမ်းတွေက အဓိပ္ပါယ်ပိုရှိပြီ ပိုပြည့်စုံလာပါတယ်။

ကိုမော်က ကျွန်မနှင့်ထာဝရရှိနေမှာပဲမဟုတ်လား။

ကိုမော့်ကို ကျွန်မသိပ်ချစ်တယ်ကိုမော်. . .

* * * * * * * * * *

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုမော်က အချိန်တိုင်းလိုလို အောင်ရှိရာကိုအ
သွားနေတာမဟုတ်လား၊ သည်အခါမှာ ခင်လေးနဲ့ဝင်းခိုင်
နှစ်ယောက်ထဲပဲ ကျန်နေခဲ့တာများပါတယ်၊ သည်နေ့ည
ရုံးလွှတ်ချိန်မှာ ကိုမော်ကအောင့်ကို ကြိုရမှာမို့ဆို သွားနှ
ခင်လေးအတွက် ကျူရှင်မရှိတဲ့နေ့မို့ အဆောင်ပြန်ယုံပါပဲ။

"ခင်လေး. . . ကိုယ်လိုက်ပို့မယ်"

အတူလျှောက်လာခဲ့ကြတယ်၊ ကိုမော့်ငယ်
အကြောင်း အောင်ပြောမှ ခင်လေးလည်းသိရတယ်
ဝင်းခိုင်ကို ပြန်ပြောပြ နေမိပါတယ်။

"ငါ့ကိုပြောပါတယ်၊ လူတိုင်းမှာ မိသားစုလေး
ရှိကြတာပဲ၊ အကြောင်းအမျိုးမျိုးလေးတွေတော့ရှိမှာ
ခင်လေးရယ်"

"အားလုံးထဲမှာ ဝင်းခိုင်ဘဝလေးက ပြည့်စုံပါတယ်

"အရာအားလုံး ပြည့်စုံတယ်ဆိုတာ မရှိနိုင်ဘူး
ခင်လေးရဲ့၊ မိသားစုအခက်အခဲလေးတွေကတော့ ရှိနေကြ
ပါပဲ"

ဝင်းခိုင်နှင့်အတူ ထိုင်နေကြစွယ်တော်ရိပ်သာ အ
ဆိုင်လေးမှာ ထိုင်မိကြတယ်၊ အမေ့ဆီကစာလာတဲ့အကြော
လဆန်းတစ်ရက်နေ့ကစ ရိပ်သာဝင်မလို့ဆိုတဲ့အကြောင်





ခင်လေးခွင့်ရရင် ခဏပြန်လာပါဦး၊ မတွေ့ရတာကြာပြီလို့
ရေးတဲ့အကြောင်းတွေပြောပြနေမိပါတယ်။

ပြီးတော့ အမေရေးထားတဲ့စာ. . .

ဝင်းခိုင်ကိုမှမဟုတ်ဘူး။

အောင့်ကိုလည်း ပေးဖတ်ရဦးမယ်။

ခင်လေး. . . သမီး

ခုချိန်မှာတော့ သမီးအဖေကို အမေကျေးဇူးတင်
တတ်ပြီ၊ အမေ့အတွက် သံယောဇဉ်ကြိုးတစ်မျှင်ကို စောစော
ဖြတ်ပေး လိုက်လို့ပါ၊ မိသားစုမှာ တွယ်ငြိထားတဲ့သံယောဇဉ်
ကြိုးမျှင်တွေဟာ ဖြတ်ရခက်ပါဘိ သမီးရယ်. . .

ခင်ပွန်းကိုငြိတွယ်ရတဲ့ သံယောဇဉ်ကြိုးတစ်မျှင်ကို
သူဖြတ်သွားခဲ့တယ်။

ဟိုးအစကတော့ အမေကောင်းသလို မကောင်းဘူးဆို
ဒေါသတွေများပြီး အမေ့မာနက နာကျင်မှုကို ဖျောက်ပေးခဲ့
ရတယ်။

ခုတော့ တကယ်ကျေးဇူးတင်စရာပဲ။

ဖတ်ရခက်တဲ့ သံယောဇဉ်ကြိုးတမျှင်ကို စောစော
ဖြတ်ခဲ့ပြီ. . .



www.burmeseclassic.com

www.burmeseclassic.com



အမေလျှောက်ရမယ့် အနာဂါတ်ခရီးလမ်းကို အမေ ပြင်ဆင်လို့ရတာပေါ့၊ ခင်လေးကလည်း ဘဝမှာ အခြေခိုင် နေပြီဆိုတော့ အမေ့အတွက်လမ်းကို အမေပြင်ဆင်ချိန် ရသွားပြီလေ။

အသက်ငယ်စဉ်ခံစားမှုနဲ့ အသက်ကြီးလာတဲ့အချိန် ခံစားမှု အရမ်းကွာပါတယ်သမီးရယ်၊ အခုအမေ့ဘဝင်လေး အမေ ပျော်နေပြီ၊ တစ်လမှာ ရိပ်သာဆယ်ရက်နေတယ်၊ သိပ်အေးချမ်း တာပဲ. . .

ခင်ပွန်းအတွက်ချက်ပြုတ်လျှော်ဖွတ်ပြုစုရတဲ့ ဝတ္တရား တွေ အမေ့မှာ မရှိတော့ဘူးလေ၊ ကိုယ့်အတွက်ကိုယ် ပိုပြီး လုပ်သင့်တာတွေ လုပ်ခွင့်ရခဲ့တာ ထွက်ခွာသွားသူကို ကျေးဇူး တင်စရာပါပဲ။

"သည်စာကို အောင့်ကိုပေးဖတ်ရဦးမယ်"

"ပေးဖတ်လည်း နားလည်မလား၊ ထင်မိုးအောင်က ခင်လေးလိုလူကြီးဆန်ဆန် နားမလည်ဘူး၊ သူက ကလေး ဆန်တယ်၊ ပြီးတော့ သူ့အမေကသူ့ရှေ့မှာစိတ်ထိခိုက်ပြီး သေဆုံး သွားတာ၊ ရုတ်တရက်ဘယ်လိုအကြောင်းနဲ့မှ ဖောက်ဖျက် မရနိုင်ဘူး"





သည့်အတွက်လည်း အမေ့ကိုခင်လေး ကျေးဇူးတင်ရ မှာပါ၊ အဖေ့ကို အမေကစိတ်နာပေမယ့်လည်း ခင်လေးရှေ့မှာ တော့ မာနတွေနှင့် မာန်တင်းပြခဲ့တယ်၊ အမေ့ရဲ့မာနကြောင့် အမေ့သောကကိုခင်လေးမတွေ့ခဲ့ရဘူး၊ အမေ့အားပေးမှု ကြောင့် အားငယ်တယ်ဆိုတဲ့ခံစားမှုမျိုးတော့ မရှိခဲ့ပါဘူး။

"ထင်မိုးအောင်ကိုချည်း ပြောမနေနဲ့၊ ထင်မိုးအောင်က ခင်လေးထက်ဆုံးဖြတ်ရဲတယ်၊ ကိုမော့်ကိုသူချစ်ဘယ်၊ ယုံကြည်တယ်၊ တသက်တာလုံးလက်တွဲမယ် ဆုံးဖြတ်တယ်"

"ခင်လေးက ဆုံးဖြတ်မရဲဘူးလို့ ဝင်းခိုင်ပြောတာ မဟုတ်လား"

"ခင်လေးစိတ်မှာကို ယုံကြည်မှုခိုင်မြဲသော ချစ်ခြင်းရှိဖို့ လိုပါတယ်၊ ရှိတဲ့အချိန်ထိ စောင့်ရမှာပေါ့"

ဝင်းခိုင်ပြောတာလည်း ဟုတ်ပါတယ်၊ ခင်လေးဟာ အောင့်လောက်မှ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မချရဲသူပါလား၊ တကယ်ဆို ဝင်းခိုင်အပေါ် သံယောဇဉ်မရှိသည်လည်း မဟုတ် ပါပဲ၊ မီးပွိုင့်နီသွားပြီမို့နှစ်ယောက်အတူ လမ်းဖြတ်လိုက်တာပါ။

ဒါပေမယ့် ကားကဘာဖြစ်သွားသည်မသိ။

www.burmeseclassic.com



မရပ်ပါဘဲ တည့်တည့်မတ်မတ်ကို ဝင်လာတဲ့အခါမှာ ခင်လေးတို့နှစ်ယောက်လုံးမရှောင်မိအောင်ကို ရပ်နေမိပါပြီ။ သည်အခါမှာ အံ့ဩဖွယ်ရာကောင်းအောင်ပဲ ဝင်းခိုင်ဟာ ခင်လေးရှေ့ကနေကာပြီး လျှင်မြန်စွာရပ်ပေးလိုက်ပါတယ်။ ခင်လေးကတော့ဖြင့် ဝင်းခိုင်ကျောပြင်မှ အင်္ကျီစကိုဆုပ်ကိုင်ရင်း မျက်ဝန်းတွေစုံမှိတ်ကာ နာကျင်မှုကိုပင်ပန်းစွာစောင့်နေရတယ်။ ကားဘရိတ်အုပ်သံက ဆူညံစွာအော်မြည်သွားတာပေါ့။

ဒူးတွေလည်း ယိုင်ညွှတ်သွားသလိုပါပဲ။

"ခင်လေး. . . ခင်လေး. . . လာ. . . လာ"

ခင်လေးပုခုံးစွန်းကနေဆွဲယူပြီး တဖက်လမ်းထိ တွဲခေါ်ခဲ့တယ်၊ ခင်လေးမျက်ဝန်းတွေဖွင့်ကြည့်ချိန်မှာတော့ တဖက်လမ်းကို ရောက်နေခဲ့ပါပြီ။

ကားကရုတ်တရက် ဘရိတ်မမိလိုက်တာ၊ ခင်လေး အရမ်းလန့်သွားပြီထင်တယ်၊ လာ. . . ဟိုနားကဆိုင်မှာ ခဏထိုင်ပြီး အအေးတစ်ခွက်လောက်သောက်"

ခင်လေးလက်ကို ဝင်းခိုင်ဆွဲခေါ်ရာဆီ လိုက်လာ မိတယ်။

ခြေလှမ်းတွေပင် ဘယ်လိုလှမ်းမိသည်မသိ။





ဝင်းခိုင်ခေါ်ရာနောက် ယိုင်နဲ့စွာလိုက်လာမိသလို ထိုင်ဆိုထိုင်နေမိတယ်။

"ဝင်းခိုင်. . ခင်လေးတို့ကံကောင်းလို့ သေမလို့နော်"

"အခုသေလို့လား. . . မသေပါဘူးခင်လေးရာ၊ ခင်လေးက နည်းနည်းပဲထိမှာပါ။ ရှင်နိုင်ပါတယ်"

ဝင်းခိုင်ရယ်. . .

တကယ်အေးဆေးလွန်းတယ်။

ခင်လေးရှေ့ကကာရပ်ထားပြီး ထိခိုက်စရာရှိလျှင် သူ့ကို အရင်ထိခိုက်မှာသိပါလျက်၊ အခုလည်း တည်ငြိမ်အေးဆေးစွာ ခင်လေးအတွက်အအေးတစ်ခွက် ငှဲ့ပေးပါတယ်၊ ခင်လေးကို ပြုံးရင်းကြည့်နေပြီး။

"ခင်လေး လက်တွေအေးနေတာပဲ"

"ခင်လေး ခုနေများသေရင် အမေ့ဆီချက်ခြင်း ရောက်သွားမလားပဲ၊ အရမ်းလန့်သွားပြီး မျက်စိမှိတ်ထားတဲ့ အချိန်မှာ အမေ့ကိုတွေ့လိုက်တယ်"

"ဘာမှမှ မဖြစ်တော့တာပဲခင်လေးရယ်. . .၊ မလန့်ပါ နဲ့တော့"

ဘာမှမှမဖြစ်တော့ဘူးဆိုပေမယ့် ခင်လေးစိတ်ထဲကို အတွေးတွေများစွာ ဝင်ရောက်ခဲ့ပါပြီ၊ ခင်လေးအတွက်



www.burmeseclassic.com

www.burmeseclassic.com



အအေးတစ်ခွက်နှင့်အတူ ရင်ထဲကိုစီးဆင်းဝင်ရောက်စေသော ခံစားမှုတွေ၊ ယုံကြည်မှု၊ အားကိုးတွယ်တာမှု ဒါတွေကို ခင်လေး မျက်ဝါးထင်ထင်မြင်ခဲ့ပါပြီ။

"ဝင်းခိုင်"

"ပြောလေ"

"ခင်လေးဘဝမှာ ဝင်းခိုင်ရှိဖို့လိုအပ်တယ်ဆိုတာ သိပါပြီ"

"ခင်လေး. . . အလန့်လန့်အဖျတ်ဖျတ်နဲ့ ဘာတွေ ယောင်နေတာလဲ"

"မဟုတ်ဘူး၊ ဝင်းခိုင်ကို ခင်လေးယုံကြည်အားကိုးတယ် ဆိုတာ၊ ပြီးတော့. . . ဝင်းခိုင်သေသွားမှာကို အရမ်းကြောက် နေတာ၊ ခင်လေးဘဝမှာ ဝင်းခိုင်ရှိမှ ဖြစ်မယ်ဆိုတာ ခင်လေး သိပါပြီ"

"ဒါဆို ကိုယ့်ကိုချစ်တယ်ပေါ့"

ခင်လေးစိတ်မှာခံစားနေရတဲ့ ခံစားမှုဟာ ချစ်တယ် ဆိုတဲ့အဖြေထက်ကို ပိုပြီးလေးနက်နေသလိုပါပဲလေ။

"ကိုယ့်အချစ်ကို ခင်လေးတစ်နေ့ယုံကြည်ရမယ်၊ စစ်မှန်မှုကို အားကိုးပြီး ကိုယ်ယုံကြည်ထားပြီးသားပါ၊ စိတ်ချ





ခင်လေး၊ ခင်လေးအတွက်ဘယ်သောအခါမှ စိတ်ဆင်းရဲမှုတွေ မရစေရပါဘူး၊ ကိုယ့်ကြောင့်ခင်လေး စိတ်မညစ်စေရဘူး"

ကြည့်စမ်းပါဦး. . .

တွေ့ဝေမှုတွေထဲမှာ နစ်မျောရင်း ဆုံးဖြတ်ရခက်ခဲ လွန်းတဲ့စိတ်တွေဟာ ခုချက်ခြင်းအဖြေရခဲ့ပါတယ်။

"သိပ်ပျော်သွားပြီ"

သူက သိပ်ပျော်နေ. . .

ခင်လေးမှာဖြင့် ခုတောင်ရင်တုန်နေတာ မပျောက်ချင်။

"ကိုမော့်ကို ပြောလို့ရပြီ၊ မင်းတစ်ယောက်ထဲမှာ ချစ်သူရှိတယ်မထင်ပါနဲ့၊ ငါ့မှာလည်းချစ်သူရှိပါတယ်လို့"

"ခင်လေးကို ထာဝရချစ်ပါနော်"

"မယုံသေးဘူးလား"

"ယုံပါတယ်"

အဲသည်ကနေ ပြန်လျှောက်လာတဲ့အခါကြတော့. . .

ခင်လေးတို့လက်အစုံကို ရဲရဲတွဲဝံ့လာခဲ့ကြပြီလေ၊ ခင်လေးအနားမှာရှိနေဖို့လိုအပ်တယ်လို့ ယုံကြည်ခဲ့ပါပြီ။

"ခင်လေးကို ခင်လေးလို့ပဲခေါ်မယ်၊ ဝင်းခိုင်လို့တော့ မခေါ်ပါနဲ့၊ မောင်. . . လို့ခေါ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ခေါ်ကြည့်မယ်လေ၊ ခုတော့မခေါ်ရဲသလိုပဲ"

"ဒါဆို အဆောင်ပြန်ရောက်ရင် မောင် . . မောင် . . . မောင်နဲ့ ရှုတ်နေ"

"အောင်က အောင် . . . အောင်လို့ခေါ်နေတယ် မှတ်မှာပေ့ါ"

ဟုတ်တယ် . . .

အောင်သိရင် အရမ်းအံ့ဩလိမ့်မယ်။

ပြီးတော့ ဝမ်းသာမှာပါ။

မလေးတို့တော့ ခုမှချစ်တတ်လာပြီလို့လည်း ပြောမလား။ ခုမှယုံကြည်တတ်ခဲ့တယ်လို့ပြောရင် ပိုမှန်လေမလား မသိပါ အောင် . . . ။

* * * * * * * * * *

"ဟာ . . . ဟင်းလေးတွေ အရမ်းကောင်းပါလား၊ မှိုချောက်နဲ့ပေါင်းတဲ့ ဘဲသားဟင်းကလေးကို ကံကောင်းလို့ စားရတာပါလား၊ မဟုတ်ရင် ခုချိန်လောက်ဆို အောင်ကလေး တစ်ယောက် တရှုံ့ရှုံ့ငိုနေရတော့မှာ"





အောင်ချက်ပြုတ်ပြင်ဆင်ထားတဲ့ ထမင်းဝိုင်းလေးမှာ ခင်ထိုင်ရင်း ကံကောင်းလို့ရှုတ်တရက်ဘရိတ်မမိတဲ့ကားကြောင့် မသေခဲ့တာ ပြန်ပြောပြခဲ့တယ်။

"ဟွဲ . . . အောင်"

ခုမှအောင့်ကို ကြည့်မိတာ။

မျက်ရည်တွေက ပါးမို့မို့ပေါ် တစ်ပေါက်ချင်းကျလို့ ငိုနေတာပါလား၊ ဘယ်လိုကောင်မလေးလဲ။

"ဒါ . . . ငိုစရာလားဟဲ့"

"ငိုစရာပေ့ါ၊ ကိုဝင်းခိုင်နဲ့မလေးသာတစ်ခုခုဖြစ်သွားရင် ကျွန်မဘယ်သူနဲ့နေမလဲ"

"အမလေး . . . အပြောကောင်းရယ်၊ တော်တော် အပြောကောင်းပါလား၊ ငါတို့မရှိရင် ရှင် . . . ကိုမော်နဲ့နေပေ့ါ"

"ကိုမော်က ကိုမော်၊ မလေးက မလေးပဲ၊ တူမှမတူတာ ဟုတ်တယ် . . . မလေးပြောတာမှန်တယ်၊ ကံကောင်းလို့ပါလား၊ မဟုတ်ရင် . . . "

"ငိုမနေနဲ့၊ နင့်ကိုငါရှေ့ဆက် ပြောစရာရှိတယ်"

ခင်လေးရှေ့က မားမားမတ်မတ်ရပ်တည်ပေးခဲ့တယ်၊ အသက်တမျှချစ်တယ်လို့ ရှုတ်ခြည်းမျက်ဝန်းစုံကြတ် ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



စေလိုက် အောင်...၊ မောင်နှင့်ခင်လေး ချစ်သူတွေအဖြစ် ရောက်ရှိစေခဲ့တယ်၊ မောင်ရှိမှခင်လေးဘဝပြည့်စုံမယ်လို့ ချက်ခြင်းသိခဲ့ရတယ်လေ။

"ဟင်..."

အောင်က ခင်လေးစကားတွေကြောင့် အံ့အံ့သြသြလေး ကြည့်နေတယ်။

နောက်တော့...

တကယ်...ဆိုပြီး ဟေး...ဝမ်းသာလိုက်တာဆို ရယ်ပြန်တယ်။

"ထင်မိုးအောင်...အရူးလား၊ ခုဟို...ခုရယ်နဲ့ နင်ဟာလေ"

"ဟုတ်တယ်မလေးရဲ့၊ မယုံနိုင်စရာတွေ မထင်မှတ်တာတွေကို တစ်ခုပြီးတစ်ခုကြားရတော့ ကျွန်မရူးချင်သလိုလိုတောင် ဖြစ်လာပါပြီ၊ ဝမ်းသာလိုက်တာ...မလေးနဲ့ကိုဝင်းခိုင် ချစ်သူတွေဖြစ်သွားကြပြီတဲ့၊ ကိုမော့်ကိုပြောပြရဦးမယ်"

ထမင်းစားပြီးတော့ ခင်လေးဟို့နှစ်ယောက်ပိုင်တဲ့ အခန်းလေးထဲ ပြန်ရောက်လာခဲ့တာပါပဲ၊ အောင့်အတွက်ကတော့ ခင်လေးထက်ပင်အနာဂါတ်ကို စိတ်ကူးယဉ်နေသေးတာ၊





"လက်ထပ်ပြီးကြရင် ခင်လေးတို့နှစ်ယောက်နဲ့ ကျွန်မတို့နှစ်ယောက် အတူနေရအောင်လား၊ လေးယောက်လုံးအတွက် ကျွန်မထမင်းချက်မယ်၊ မလေးက တစ်အိမ်လုံးအတွက် အိမ်ရှင်းပေါ့"

အောင့်စကားကြောင့် ရယ်ရတယ်၊ အောင်က တစ်ခါတစ်ရံကလေးတစ်ယောက်လို သူ့ဖြစ်ချင်ရာတွေ စိတ်ကူးတော့တာပါပဲ၊ သူ့မှာငွေကြေးပြည့်စုံတိုင်း ဖြစ်ချင်ရာတွေဖြစ်မယ်လို့များ သူထင်နေလေသလား။

"ခင်လေးတို့ မြန်မြန်လက်မထပ်နိုင်သေးပါဘူး အောင်ရယ်..."

"ဘာလို့လဲဟင်...ကိုဝင်းခိုင်က ပြည့်စုံတာပဲ"

"ချစ်သူဘဝနဲ့ပဲ နှစ်နှစ်သုံးနှစ် နေချင်သေးတယ်၊ မောင်က ခင်လေးသဘောပဲတဲ့လေ"

"မောင်...မောင်လို့ မလေးခေါ်တာလား၊ ကိုမော့်ကိုတော့ ကိုမော်လို့ပဲခေါ်ရတာကောင်းသလိုပဲ၊ ကိုမော့်ကို သည်တစ်ခါတွေ့ရင် မောင်လို့ခေါ်ကြည့်ဦးမယ်"

"မောင်နဲ့အောင် ရောကုန်မှာပေါ့"

"ဟုတ်တယ်နော်...၊ မောင်ကလေး မောင်နဲ့၊ အောင်ကလေမောင်ရဲ့နဲ့ ရှုပ်ကုန်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ထင်မိုးအောင်ရယ်နေသံလေး. . ၊ အဲသည့်ကောင်မလေးဆီမှာ ခုနောက်ပိုင်းမကြည်မလင် ဒေါသများတဲ့ စကားသံတွေ မကြားရတာကြာခဲ့ပါပြီ၊ အချစ်ကထင်မိုးအောင်ကို နူညံ့သွားစေသလား။

“ကိုမော့်ကိုမေးရမယ်၊ ကိုဝင်းခိုင်က မလေးကို အသက်လောက်ချစ်တယ်၊ ကိုမော်ကရော အောင့်ကို အသက်လောက်ချစ်ရဲ့လားလို့လေ၊ ကိုမော် . . . . ပြောင်ချော်ချော်နောက်တောက်တောက်က ဘာပြောမလဲမသိ”

အသက်လောက်ချစ်သတဲ့. . . ။

အသက်လောက်ချစ်တယ်၊ ဟုတ်ပါတယ်။

အသက်လောက်ချစ်တဲ့သူက အသက်သေဆုံးသည့်တိုင်အောင် သစ္စာမြဲခိုင်စွာ ချစ်လိမ့်မည်လို့ ခင်လေးယုံကြည်ခဲ့တာလား။

“မလေးနဲ့ကိုဝင်းခိုင် လက်ထပ်ရင်. . .”

“အောင်ရယ်. . . ဖြည်းဖြည်းပေါ့၊ လက်ထပ်တယ်ဆိုတာ လောရမယ့်ကိစ္စမဟုတ်ပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်း၊ ညှိနှိုင်းစရာတွေရှိသမျှ ခုချိန်ညှိနှိုင်းရလိမ့်မယ်”





“ကျွန်မတို့လည်း ချက်ခြင်းလက်ထပ်ဖြစ်ဦးမှာမဟုတ်ပါဘူးလေ၊ ကိုမော်က မာနတွေရှိနေတယ်၊ သူကသူ့ဖာသာကြိုးစားပြီးမှ ကျွန်မတို့နှစ်ယောက်ရဲ့အိမ်ကလေးကိုတည်ဆောက်ချင်သတဲ့လေ”

“ဟုတ်တယ်. . . ကိုမော်က ရိုးသားပြီးကြိုးစားချင်တဲ့သူပါ၊ ကိုယ်လျှောက်ရမယ့်လမ်း ကိုယ်ထွင်ကြတာ အကောင်းဆုံးပါပဲ”

အခုတော့လည်း ခင်လေးစိတ်မှာတော့ မောင့်ကိုချစ်နေတာပါပဲလေ။

* * * * * * * * * *

“ကိုဝင်းခိုင်နဲ့မလေးချစ်သွားကြပြီ ကိုမော်၊ မလေးကသူတို့ချစ်သွားကြတဲ့အကြောင်းပြောပြတယ်၊ ကိုဝင်းခိုင်က မလေးကို အသက်လောက်ချစ်တယ်နော်၊ ကျွန်မ သိပ်သဘောကျတာပဲ၊ ကိုမော်ကရော ကျွန်မကို အသက်လောက်ချစ်သလား”



www.burmeseclassic.com

www.burmeseclassic.com



မလေးနှင့်ကိုဝင်းခိုင်အကြောင်း ကိုမော့်ကို ပြောပြတော့ ကိုမော် ရယ်တယ်။ ပြီးတော့ ဘာပြောတယ်မှတ်လဲ၊ အသက်လောက် ချစ်မချစ်သိရအောင် လာလေ . . . ဟိုမှာလာနေတဲ့ကားရှေ့ နှစ်ယောက်ရပ်ကြည့်ရအောင်တဲ့၊ ကျွန်မမျက်စောင်းထိုးတော့ ကိုမော် သဘောတကျကို ရယ်နေတော့တာ။

"ချစ်တယ်ဆိုတဲ့ရောဂါကို အကောင်းဆုံး ကုသလို့ရတဲ့ သမားတော်ဟာ အချိန်ပဲအောင်ရဲ့ . . .၊ အချိန်တွေက အချစ်ကိုပြောပြပါလိမ့်မယ်"

"အချိန်တွေကြာလာလို့ မချစ်တော့ရင်ကော"

"ကိုမော့်အတွက်တော့ အချိန်တွေကြာလေ . . . အချစ်က ပိုလာလေပဲနေမှာ၊ လျော့မသွားပါဘူး၊ မယုံရင် လက်ထပ်လိုက်ပါလား၊ တစ်နှစ်ကျော်ရင် အချစ်တစ်ယောက် ပိုလာမယ်၊ နှစ်နှစ်ကျော်ရင် နှစ်ယောက်၊ ငါးနှစ်ကျော်ရင် ငါးယောက်၊ အချစ်ကလေးတွေ အများကြီး အများကြီးပွား လာမှာလေ"

ကိုမော်ကတော့ သည်လိုပါပဲ။





အချိန်တိုင်း ပျော်စရာစကားတွေပဲလျှောက်ပြောတယ်၊ စိတ်ညစ်စရာရှိရင်တောင် သူမေ့ထားတယ်တဲ့၊ စိတ်ညစ်နေရရင် ခဏလေးနေရတဲ့ဘဝဟာ အဓိပ္ပါယ်မဲ့တယ်၊ ဒါကြောင့် ဘယ်လောက်ခက်ခဲကြမ်းတမ်းနေပါစေ၊ သူကတော့ ပျော်ပျော်ပဲ လို့ ပြောပါတယ်။

"မလေးကတော့ပြောတယ်"

"ခင်လေးက ဘာပြောလဲ"

"ကိုမော်က ပျော်တတ်တယ်၊ အားပေးတတ်တယ်၊ မလေးစိတ်ညစ်တဲ့အခါတွေမှာတောင် ကိုမော်က စိတ်ပျော် လာအောင်ကြံဖန်အားပေးတာတဲ့၊ ကိုမော်နဲ့ ဘဝတစ်လျှောက် လုံးနေရမယ့်ကျွန်မအတွက် ကိုမော်က အားပေးဖော် ကောင်းမို့ ကျွန်မဘဝက ပျော်ရွှင်ရမယ်တဲ့"

"ဝင်းခိုင်က အေးဆေးတည်ငြိမ်ပြီး ရှေ့ကမားမား မတ်မတ်ရပ်တည်ပေးနိုင်တဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ၊ ခင်လေးလည်း ကံကောင်းပါတယ်"

ကျွန်မတို့သူငယ်ချင်းနှစ်ယောက်ရဲ့အချစ်ဟာ ပြည့်စုံ ပျော်ရွှင်ရလိမ့်မယ်လို့ ယုံကြည်တဲ့အခါမှာ စိတ်မှာလည်း ပြည့်စုံ ပျော်ရွှင်လာသလိုပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီဆီလည်း မရောက်ဘူး"

"ဒက်ဒီကို စိတ်နာနေသေးလား"

"စိတ်နာတယ်ဆိုတာ အဲသည့်စိတ်နာစရာ အကြောင်းတွေကို ထပ်ခါတလဲ တပြန်တလဲစဉ်းစားနေလို့ ဖြစ်ရတာဆိုတာ ကျွန်မသိပါပြီ၊ ဒါကြောင့် ခုတလော အဲသည့် စိတ်နာစရာတွေကို ပြန်မတွေးမိအောင် ကျွန်မနေပါတယ်၊ သည်တော့ စိတ်နာစရာတွေ မေ့ထားလို့ရလာသလိုပါပဲ၊ ကျွန်မရဲ့အနာဂါတ်ကလေး လှပစိုပြေဖို့ပဲ ကျွန်မတွေးနေတယ်"

"အဲလိုကြားရတာ ဝမ်းသာတယ်အောင်၊ အတိတ်ဆိုတာ ကိုမော်တို့တွေပြန်ယူလို့လည်းမရဘူး၊ ပြန်ပြင်လို့လည်း မရဘူး၊ နှစ်သက်တဲ့အတိတ်ဖြစ်စေ၊ မနှစ်သက်တဲ့အတိတ်ဖြစ်စေ၊ မေ့ထားလိုက်တာအကောင်းဆုံးပါပဲ"

အခုနောက်ပိုင်းမှာတော့ ကျွန်မအတွက် အနာဂါတ်ကို ပြင်ဆင်ဖို့က အဓိပ္ပါယ်ပိုရှိလာသလိုပါ။

ဟိုးအရင်ကဆို တစ်ယောက်ထဲအတိတ်ထဲက မထွက်နိုင်အောင်ခံစားရင်း နာကျည်းစိတ်တွေသာ ဝေ့ဝဲနေခဲ့တာပါ၊ ခင်လေးတို့ ကိုမော်တို့လိုအဖော်ကောင်းတွေရလာတဲ့အခါ ကျွန်မအတွက်အဓိပ္ပါယ်ရှိတဲ့ အတွေးတွေ ရလာစေခဲ့တာပါပဲလေ၊





"ကိုမော်. . အခုသူငယ်ချင်းတွေဖွင့်ထားတဲ့ ကျူရှင်မှာ သချာ်ပြမလို့၊ ဒါမှ ငွေမြန်မြန်ပိုစုမိမယ်၊ နှစ်နှစ်လောက်ကြာရင်တော့ အောင်နဲ့လက်ထပ်မယ်နော်"

"မလေးတို့လည်း အဲသည်လောက်ကြာမှ လက်ထပ်မယ်လို့ ပြောပါတယ်"

"ဝင်းနိုင်ကပြည့်စုံပါတယ်၊ သူ့အဖေအမေက နဂိုရ်ချမ်းသာတာ၊ အခုလက်ထပ်ရင်အခုရတယ်၊ ခင်လေးက ခဏစောင့်ခိုင်းနေတာ နေမှာပါ"

"မလေးနဲ့ခွဲမနေချင်ဘူး၊ မလေးကကျွန်မအတွက် အဖော်ကောင်းပါပဲ"

"ကိုမော်က ပိုတောင်အဖော်ကောင်းဦးမှာ. . . ၊ စောင့်ကြည့်နေ"

ကိုမော်နှင့်ကျွန်မချစ်သူတွေဆိုတာ အခုဆိုအားလုံးသိနေကြပါပြီ၊ ယုဇနတို့ကဆို ထင်မိုးအောင်လူတဲ့လေ၊ ဒါပေမယ့် သူတို့တွေဘာပြောကြသလဲ၊ ကျွန်မနားမထောင်လည်း ကြားနေရတဲ့ စကားသံတွေကို ဘယ်လိုမှဂရုမစိုက်ပေမယ့်လည်း ကိုမော်သိရင် စိတ်မကောင်းဖြစ်မယ်။

ထင်မိုးအောင်ရမယ့်အမွေတွေက နည်းသလား။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းပိုင်ဆိုင်မှုတွေကရော အများကြီး။

ဒေါ်ရှိစိန္ဓေ တဝက်ခွဲယူပြီးရင်တောင် ထင်မိုးအောင်အတွက်ကျန်မယ့် ပိုင်ဆိုင်မှုကနည်းသလား။

သူ့လူက ဘာမှရှိတာမဟုတ်ဘူးတဲ့။

လူကိုချစ်တာမှ ဟုတ်ရဲ့လား။

ငွေတွေကိုမက်တာလားဆိုတဲ့ အပြောလေးတွေက ကိုမော်ရောမကြားနိုင်ဘူးလား။

"ကိုမော်ကျူးရှင်သွားပြနေရင် အောင့်ကို လာကြိုနိုင်ချင်မှ လာကြိုနိုင်မှာနော်၊ စိတ်လည်းမကောက်နဲ့ဦး၊ ကိုမော်တို့နှစ်ယောက် အတူနေနိုင်ဖို့ကြိုးစားနေချိန်မှာ ခဏတဖြုတ်ခွဲနေရတဲ့ အချိန်လေးတွေရှိရင်လည်း သည်းခံ အောင်. . ."

ခုလိုကြပြန်တော့လည်း မှန်တဲ့စကားဆိုပေမယ့် အနားမှာအချိန်တိုင်းကိုမော်ရှိနေစေချင်တာပဲလေ. . ။

"ကျွန်မတို့မှာ ပြည့်စုံတဲ့အခြေအနေတွေရှိနေပါလျက် ကိုမော်ပင်ပန်းနေသလိုပဲ၊ သည်လောက်အပင်ပန်းမခံပါနဲ့လား"

"အောင့်ဒက်ဒီကို မှီခိုမနေချင်ဘူး၊ ဒါကြောင့် အောင့်ကိုချစ်တာလို့လည်း အပြောမခံနိုင်ဘူး၊ အောင့်ကိုကိုမော်ချစ်တာ အချစ်သက်သက်ပါပဲ၊ ကိုယ့်ဖာသာကြိုးစားပြီး အိမ်ကလေးတစ်အိမ်တည်ဆောက်ပါရစေ"





"ကျွန်မအနားမှာ ကိုမော်ရှိနေစေချင်တာ"

"အဲလိုရှိနိုင်ဖို့ ခုခဏခွဲနေသင့် ခွဲနေရမှာပါပဲ"

ကိုမော်ကတော့ အိမ်ကလေးတစ်အိမ်မှာ သာယာပျော်ရွှင်စွာအတူနေနိုင်ဖို့ ခဏတာဖြုတ်ဝေးနေသင့် ဝေးနေရမယ်တဲ့လေ၊ မလေးကလည်းပြောပါတယ်၊ အောင်ကပြည့်စုံတဲ့လူမို့ မပြည့်စုံတဲ့လူရဲ့မာနတွေကို နားလည်မှာမဟုတ်ဘူး၊ ခင်လေးနဲ့ ကိုမော်က ဘဝတူတွေမို့ မပြည့်စုံတဲ့သူရဲ့မာနကို နားလည်တယ်၊ ကိုယ့်ဖာသာပဲကြိုးစားချင်တဲ့စိတ်တွေက မလေးနဲ့ကိုမော် ထပ်တူညီပဲတဲ့။

ချစ်သူကိုချစ်တော့လည်း ချစ်သူအလိုကျပါပဲလေ။

* * * * * * * * * *

"ကိုမော်"

"ဘာလဲခင်လေး"

"သူဘာလို့မလာတာလဲ၊ အရင်သည်လိုမဟုတ်ပါဘူး၊ သူ့အိမ်ဖုန်းဆက်တော့လည်း ကိုင်မယ့်လူမရှိဘူး၊ မောင်ဘယ်တုန်းကမှ အဲလိုမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . . မောင် ဘယ်တုန်းကမှ အဲလိုမလုပ်ဘူးလား"

အရေးထဲ. . .

ကိုမော်က မောင့်ကိုမောင်လို့ခေါ်တာကို နှောက်နေသေးတယ်၊ သည်မှာဖြင့် စိတ်ပူရတဲ့အထဲ၊ မောင်နှင့်ခင်လေး သူငယ်ချင်းဘဝထဲက အခုလိုမျိုး ဘာမပြောညာမပြော ရုံးမလာဘဲနေလေ့မရှိ၊ အခု. . . ခွင့်လည်းမတိုင်၊ နေ့ခင်းရောက်လာပြီ။

"ကိုမော်"

"ခင်လေးရယ်. . . နင်အရင်က အဲလိုနားပူနားဆာ မလုပ်ပါဘူး၊ ငါ. . . စဉ်းစားနေပါတယ်ဟာ၊ ဘယ်လိုစုံစမ်းရင် ရမလဲ စဉ်းစားနေပါတယ်၊ ငါ အခုဝင်းခိုင်အိမ်လိုက်သွားမယ်၊ အောင့်ဆီ နင်ဖုန်းဆက်ထား"

"ဟဲ့. . ခင်လေးငယ်၊ ဟိုဘက်ဘဏ္ဍာရေးမှာ နင့်အတွက် ဖုန်းလာနေတယ်တဲ့"

အန်တီမြင့်လာခေါ်လို့ ဘဏ္ဍာရေးဌာနဘက် သွားရပြန်တယ်၊ စိတ်မောနေသလိုပါပဲ။

"ခင်လေး"





"ဟယ်. . . မောင်ရယ်၊ ခင်လေးစိတ်ပူနေတာ၊ ဘာဖြစ်လို့လဲ"

"မေမေနေမကောင်းဘူး၊ တော်တော့်ကိုနေမကောင်းဘူး၊ ထူးဆန်းအံ့ဩဖွယ်ပဲ၊ နေမကောင်းတဲ့ကြားက အထူးအဆန်း မောင့်ကိုမေးတယ်၊ မောင့်မှာချစ်သူမရှိဘူးလား. . . တွေ့ချင်တယ်တဲ့၊ အခု. . . ဆေးရုံမှာ"

ဆေးရုံမှာ. . .

မောင်က စကားတွေဆက်ပြောနေပါတယ်။

ဆေးရုံမှာ မောင်နှင့်မောင့်ညီမလေးစောင့်နေရလို့ အလုပ်မလာနိုင်ဘူး၊ ခွင့်တင်ပေးပါတဲ့၊ ပြီးတော့ ညနေကြရင် ဆေးရုံကို ခင်လေးလာခဲ့ပါ၊ မေမေကတွေ့ချင်လို့တဲ့၊ ခင်လေးတာ မောင့်ချစ်သူတော့ဟုတ်ပါတယ်၊ ဒါပေမယ့်. . . မောင့်မိသားစုနှင့် တစ်ခါမှ ရင်းရင်းနှီးနှီးတွေ့ဖူးသည်မဟုတ်ပါ၊ မောင့်ညီမလေးကိုတောင်မှ တစ်ခါလားတွေ့ဖူးတာလေ။

မထမဆုံး ကိုမော့်ကို ခွင့်တင်ဖို့ပြောရတယ်။

"တစ်ရက်နှစ်ရက်လောက်ကတော့ပြောသား. . .၊ သူ့အမေ သိပ်နေမကောင်းချင်ဘူး၊ ရင်ဘတ်အောင့်နေတယ် ဆိုလို့ ငါကတောင် နှလုံးရောဂါဖြစ်နေဦးမယ်. . . ဂရုစိုက်လို့ ပြောရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ညနေ ငါ့ကိုဆေးရုံလာခဲ့ပါတဲ့"

"သွားရမှာပေါ့၊ ဆွေပြမျိုးပြလည်းဖြစ်တယ်လေ"

"ကိုမော်ဟာလေ. . ."

အန်တီသန်းတို့နှင့် မောင့်အမေနေမကောင်းတဲ့အကြောင်း ပြောပြရတယ်၊ အသက်တွေကြီးလာရင် ကျန်းမာရေးက တစ်ခုမဟုတ်တစ်ခု ချို့ယွင်းလာတာပဲလေလို့ ပြောတဲ့အခါမှာ ခင်လေးစိတ်ကအမေ့ဆီ ရောက်သွားပါတယ်၊ အမေလည်း အသက်တွေကြီးလာခဲ့ပြီ၊ အဖေမရှိထဲက ခင်လေးဘဝကိုပြုစုပျိုးထောင်ရင်းနဲ့ အမေဟာစိတ်ရောလူပါ ပင်ပန်းနေပြီမဟုတ်လား။

ချက်ခြင်းလိုပင် အမေရှိရာအရောက်သွားချင်တဲ့ စိတ်တွေ ဖြစ်လာခဲ့တယ်။

အင်းလေ. . .

ခုလိုလဆန်းရက်ဆို အမေကရိပ်သာမှာနေမှာပါလို့ စိတ်ကိုဖြေရပြန်တယ်။

"မလေး. . ."

"ဟဲ့. အောင်၊ ဘယ်ကလာလဲ၊ အလုပ်မသွားဘူးလား"





"သွားတာပေါ့၊ ဘဏ်မှာကိစ္စရှိလို့လာတာ၊ မလေးတို့နံမြင်တော့ သတိရလို့"

"သတိရလို့. . . ဟုတ်လား။ ဘယ်သူ့ကိုလဲ"

"မဇလေးကို"

"သေချာလား"

"အင်း. . . တဝက်သေချာတယ်၊ တဝက်က ကိုမော့်ကို သတိရလို့"

ထင်မိုးအောင်ရဲ့အပြုံးကို နှစ်သက်စွာဖြင့် ခင်လေး ကြည့်နေမိပါတယ်၊ ဟိုးအရင်က ထင်မိုးအောင်ရဲ့ အေးစက်စက်နှင့် တင်းမာနေသော မျက်နှာထားတွေကို မတွေ့ရတာကြာလှပါပြီ။

"ကိုမော်ရှိတယ်၊ နေဦး. . . ခင်လေးသွားခေါ်ပေးမယ်၊ တိုဘက်ခန်းမှာလားမသိဘူး၊ ထိုင်လေ. . . အောင်"

သွားခေါ်ပေးမယ်ဆိုမှ ကိုမော်အခန်းထဲ ဝင်လာပါတယ်။

"အောင်. . . အလုပ်ထဲကလစ်လာတာလား"

"ကိုမော်နော် . . . လစ်လာတာမဟုတ်ဘူး၊ ဘဏ်လာရင်းက ကိုမော်လက်ဖက်ရည်တိုက်မယ်ဆိုလို့"



www.burmeseclassic.com

www.burmeseclassic.com



ကိုမော်နဲ့အောင် အတင်းခေါ်လို့ လက်ဖက်ရည် လိုက်သောက်ရသေးတယ်၊ မောင်ရှိမနေတဲ့ရက်ကလေး တစ်ရက်မှာ အလွမ်းဆိုတာသိပ်ခံစားရပါလားလို့ ပီပီပြင်ပြင် သိခဲ့ရတယ်လေ ခုချိန် မောင့်ခမျာလည်း စိတ်ပူပန်မှုတွေနှင့် ရှိနေရှာမှာပါ။

"ခင်လေးလေ ခုမှနေလို့ရသွားတာ၊ မနက်က သူ့မောင် မလာလို့တဲ့ ငိုမလိုမျက်နှာလေးနဲ့၊ သိလား. . . အောင်"

"ကိုမော်ကလည်း မလေးကို မစပါနဲ့လား၊ ဒါကတော့ ချစ်သူကိုး၊ ချစ်ရင်သည်လိုပဲ ထပ်တူညီခံစားကြရမှာပဲကိုမော် ဒါတော့ မလေးအပြစ်မဟုတ်ဘူး၊ ကိုမော်လည်း အဲလိုမျိုး သတင်း မပြောဘာမပြော ပျောက်နေရင် ကျွန်မလည်း စိတ်ဆင်းရဲရမယ်"

"သည်နှစ်ယောက်ပေါင်းနေပြီဆိုတော့ ပြောမရတော့ ပါလား"

"ညနေဆေးရုံကို မလေးတစ်ယောက်ထဲသွားမှာ ဖြစ်ရဲ့လား၊ လိုက်ခဲ့ပေးရမလားဟင်"

"အောင်လိုက်မယ်ဆို လိုက်ခဲ့လေ၊ အပြန်အတူပြန်ကြ တာပေါ့"

အောင်လိုက်ခဲ့ပေးမယ်ဆို အဖော်ရတာပေါ့၊ မောင်က လာခဲ့ပါဆိုလို့သာ၊ ခင်လေးစိတ်မှာတော့ မောင်တို့မိသားစုနှင့်





ရင်းနှီးကျွမ်းဝင်မှုလည်းမရှိလေတော့ သွားရမှာ နည်းနည်းတော့ စိမ်းနေတာပေါ့လေ။

"ဒါဆို ညနေ သည်မှာပဲမလေးစောင့်နော်၊ ကိုမော် လည်း လာမကြိုနဲ့တော့၊ ကျွန်မသည်ကိုလာခဲ့ပေးမယ်"

"ကိုမော်လာကြိုပါမယ်၊ ပြီးတော့. . . ခင်လေးနဲ့တွေ့မှ ပြန်မှာပေါ့"

ကိုမော်ကလည်း အောင့်ကိုသိပ်ချစ်တယ်ဆိုတာ သိရတော့ခင်လေးကျေနပ်ဝမ်းသာပါတယ်၊ နောက်ဆုံးတော့ ကိုမော့်ခမျာ အောင့်ကိုအလုပ်တိုက်ပြန်ပို့. . . ပြန်လာ၊ အလုပ်ဆင်းရင် သွားကြို. . ပြန်လာနဲ့ သည်နေ့တော့ ခေါက်တုံ့ ခေါက်ပြန် ကြိုရမှာပါပဲလေ။

"မလေးကို ယောက္ခမလောင်းကြီးက တွေ့ချင်တာ ဘာများပါလိမ့်နော်"

မောင့်ကိုတွေ့ချင်တယ်လို့ပြောသတဲ့လား၊ အောင် ပြောသလိုပဲ ခင်လေးကိုတွေ့ချင်တာ ဘာများပါလိမ့်လို့ ခင်လေးလည်း စဉ်းစားပါတယ်။

* * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



"တင်မိုးအောင်လည်းပါလာတယ်လား၊ ကောင်းတာပေါ့ အပြန်ကြ မလေးအဖေါ် ရတာပေါ့၊ ကိုယ်က ခုရက်မှာ ပြန်မပို့နိုင်ဘူးလေ"

ကိုဝင်းခိုင်က ကွန်မနှင့်မလေးကို တွေ့တာနှင့် သည်သို့ ပြောပါတယ်၊ ကိုဝင်းခိုင် အမေရှိရာရောက်တော့ ကျွန်မစိတ်ဟာ ချက်ခြင်းကြေကွဲ ထိခိုက်လာသလိုပါပဲ၊ မာမီ့ရောဂါဟာ နှလုံးရောဂါလိုပဲမဟုတ်လား၊ ဒါကြောင့်. . . လူမမာဆီက မျက်ဝန်းတွေလွှဲပြီး ဟိုငေးသည်ငေး ငေးနေရတယ်။

"မေမေ. . ခင်လေးငယ်လေ၊ သူက ခင်လေးသူငယ်ချင်း ထင်မိုးအောင်၊ ကျွန်တော့်မေမေပါ"

အပြုံးက ယှဲ့ယှဲ့သာရှိပါတယ်။

မောနေတယ်ဆိုတာကို လှိုက်ဖိုနေသောရင်အစုံက ဖေါ်ပြပါတယ်။

"မေမေ မသေခင် သားကြီးကို သေသေချာချာ ပြည့်ပြည့်စုံစုံလေး လက်ထပ်ပေးချင်တယ်"

"မေမေ. . . အဲလိုမပြောရဘူးလေ"

ကိုဝင်းခိုင်ညီမလေး ထင်ပါရဲ့။





သူ့အမေစကားအကြားမှာ အသံလေးက ကတုန်ကယင်နဲ့ ဟုတ်တာပေါ့. . . အမေတစ်ယောက်ကို ဘယ်လိုမျိုး စွန့်လွှတ် ခြင်းနှင့်မှ မစွန့်လွှတ်ချင်ဘူးပေါ့၊ မာမီ့ကိုလည်း သည်သို့ပင် ကျွန်မခွဲခွါခဲ့ရတယ်။

"သားကြီးကလိမ်မာပါတယ်၊ မေမေမရှိရင် အိမ်မှာ သမီးရှိနေဖို့လိုတယ်၊ မေမေ့ဆန္ဒအရဆို မေမေကသမီးနဲ့ သားကြီးကို ချက်ခြင်းလက်ထပ်ပေးချင်တာ"

"မေမေမောပါတယ်၊ စကားတွေမပြောနဲ့လေ၊ မေမေ ဖြစ်ချင်တာတွေဖြစ်အောင် သားတို့လုပ်ပေးပါမယ်"

"ခင်လေးငယ်ကရော စဉ်းစားမပေးနိုင်ဘူးလား"

ချက်ခြင်းကြီးလက်ထပ်ဖို့ဆိုတာကို မလေးကတော့ ရုတ်တရက် ဘယ်လိုစဉ်းစားမှာတဲ့လဲ၊ မလေးကတော့ နေမကောင်းတဲ့လူ စိတ်ချမ်းသာအောင်ထင်ပါရဲ့၊ ခင်လေး. . . စဉ်းစားပေးပါမယ်တဲ့၊ သူတို့အမေ မျက်စေ့မှိတ်ပြီးနားနေတဲ့အခါ ကောင်မလေးက တိတ်တိတ်ကလေးမျက်ရည်ကျတယ်။

ကျွန်မအတွက် အဲလိုနေ့ရက်တွေကို ကျော်လွှားခဲ့ပြီး ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မာမီမသိအောင်ခိုးပြီးငိုခဲ့ရတဲ့ မျက်ရည်တွေကလည်း ခုဆိုသတိမရချင်တော့ပါဘူးလေ၊ ကိုဝင်းခိုင်က သူ့ညီမတို့ အပြင်ထွက်နေလို့ ခိုင်းလိုက်ပါတယ်၊ သူနာပြုဆရာမလေး ရှိနေတော့ သုံးယောက်သား ဝရံတာမှာစကားပြောကြတယ်။

"မောင့်မှာ ချစ်သူရှိပါတယ်လည်းသိရော မလေးကို အတင်းခေါ်ခိုင်းတယ်၊ ချက်ခြင်းလက်ထပ်ရမယ်တဲ့လေ၊ လက်ထပ်မယ် ဆိုတာ ဖြည်းဖြည်းစီစဉ်တာကောင်းပါတယ်၊ မေမေဆိုတော့ အဲသည်လောက်ဖြည်းနေရင် မေမေမမြင်ရ တော့ဘူးလည်းပြောတယ်၊ ညကအမောဖောက်သေးတယ်၊ ညီမလေးကတော့ ခိုးခိုးငိုတာပဲ"

"နှလုံးရောဂါသမားကတော့ သည်လိုပါပဲ၊ ခုချက်ခြင်းဆိုး၊ ခုချက်ခြင်းကောင်းပါ၊ ဘာကိုမှမပြောနိုင်ပါဘူး"

"သူ. . . စိတ်ချမ်းသာအောင်ထားပါဆိုလို့ မောင်တ မေ့မေ့စကားတွေကို မငြင်းပယ်ရက်ဘူး၊ မေမေ့စိတ်မှာ သူမရှိရင် အခုမိသားစုတစ်ခုလုံးကို ခင်လေးလက်ထဲ ထည့်ပေးခဲ့ချင်ပုံ ရတယ်၊ မောင်က သားအကြီးမဟုတ်လား"

မလေးသက်ပြင်းရှိုက်တာ ကျွန်မမြင်တယ်၊ မလေးလို လူတစ်ယောက်အတွက် မိသားစုတစ်ခုရဲ့အိမ်ရှင်မလုပ်ဖို့





ခက်ခဲပါဘူး၊ ဒါပေမယ့် ချစ်သူကိုချစ်တာနဲ့ ချက်ခြင်း လက်ထပ်ဖို့ဆိုတာ မစဉ်းစားဘဲတော့မရဘူးပေါ့လေ။

"မလေးစိတ်မမောပါနဲ့၊ မောင်. . . တတ်နိုင်သရွေ့ ချော့ပြောထားပါမယ်"

"ခင်လေးအမေ့ဆီ လှမ်းမေးကြည့်မယ်၊ အမေ့သဘော ဘယ်လိုရှိတယ်သိရရင် မောင့်ကိုအဖြေပေးပါမယ်"

"မလေးစိတ်မောရမှာ မောင်မလိုလားပါဘူး၊ မေမေ လည်း နေမကောင်းနေတော့ အတွေးတွေအမျိုးမျိုးဖြစ်နေလို့ နေမှာပါ၊ မောင် ဖြောင့်ဖျပြောမှာပေါ့"

"မနက်ဖြန်ညနေကြမှ ခင်လေးတစ်ခါလာခဲ့ဦးမယ်နော်၊ မောင်. . . ညဖက်အေးမယ်၊ အနွေးထည်ပါရဲ့လား"

"သည်ည ညီလေးစောင့်မှာ၊ မောင်အိမ်ပြန်မှာပါ"

မလေးနဲ့ကိုဝင်းခိုင်ရဲ့ အကြင်နာလေးတွေကိုကြားရတာ ကျွန်မပီတိဖြစ်ရပါတယ်၊ ချစ်သူတိုင်း ချစ်သူတိုင်း ချစ်ကြတယ် ဆိုတာကိုပဲ ကျွန်မလိုလားတယ်လေ။

အပြန်လမ်းမှာတော့ မလေးကပြောပါတယ်၊ ရုတ်တရက် လက်ထပ်လိုက်ဖို့ တစ်ခါမှမစဉ်းစားခဲ့လို့လားမသိဘူး၊ တစ်မျိုးကြီးပဲ ခံစားရတယ်အောင်တဲ့၊ ဒါတော့ ဟုတ်မှာပါ၊ ကိုမောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်ပြီး တစ်သက်လုံးအတူနေဖို့ ရည်စူးခဲ့တဲ့ကျွန်မတို့လည်း ရုတ်တရက် လက်ထပ်လိုက်ဖို့တော့ မစဉ်းစားခဲ့ဘူးမဟုတ်လား။

"အမေ့ဆီဖုန်းဆက်ပြီး တိုင်ပင်မယ်လေ၊ အမေက ခင်လေးကိုဘာပြောမလဲမသိဘူး"

"မလေးနဲ့ကိုဝင်းခိုင်အကြောင်း အမေသိသလား"

"သိတာပေါ့. . ခင်လေးက ဘာမဆိုအမေ့ကို အသိပေး တိုင်ပင်တယ်၊ မောင့်အကြောင်းတွေ အမေ့ကိုပြောပြပြီးပါပြီ"

"အမေကိုပြောတာကောင်းပါတယ်၊ မလေးစဉ်းစားလို့ ရတာပေါ့"

ကျွန်မကတော့ ကိုဝင်းခိုင်အမေကို မြင်လာပြီးထဲက စိတ်မှာထိခိုက်နေသလိုပါပဲ၊ မာမီလည်းသည်လိုပဲ၊ အိပ်ယာပေါ်မှာ ဝေဒနာတွေနှင့် လုံးလည်ပတ်ချာလိုက်နေတာ မဟုတ်လား၊ အောင့်ဒက်ဒီဆီမှာ ရက်စက်တဲ့စိတ်ပဲရှိတယ်၊ မာမီ့ကို ရက်စက်ရလို့ သူ ပျော်နေတာများ အံ့ဩစရာပဲ၊ မာမီသူ့အပေါ် အရမ်းချစ်ခဲ့တာ၊ အဲသည့်အချစ်ကို ဥပက္ခာပြုသွားရက်တယ်။

မာမီ့ဆီမှာ နာကျည်းနာကျင်ခြင်းတွေနှင့်သာ အချိန်တိုင်း ထိခိုက်နေခဲ့တာပါလား၊ ကျွန်မကတော့ အဲသည့်အချိန်တွေ





သတိရရင် ဒက်ဒီ့ကို စိတ်နာတတ်တာမို့ ကိုမော်ပြောကတည်း အတိတ်ကိုတတ်အားသရွေ့ မေ့ထားခဲ့ပါတယ်။

"မာမီနေမကောင်းနေတဲ့အချိန်မှာ ဒက်ဒီ့ကိုသွားခေါ်ခဲ့တယ်၊ ဒက်ဒီကလိုက်မလာခဲ့ဘူးမလေး၊ အဲသည့်နေ့ကလေ အဖေမို့သာပေါ့၊ တစ်စိမ်းတစ်ယောက်သာဆို ကျွန်မတစ်ခုခုတော့ လုပ်မိလိမ့်မယ်၊ ရက်စက်လိုက်တာ. . . သူနဲ့ဒက်ဒီ ဘာမှ မပက်သက်ပါရစေနဲ့တော့တဲ့၊ မာမီနဲ့ဒက်ဒီ့ကြားမှာ ဘယ်လို အာဃာတတွေရှိတယ် ခုထိကျွန်မမသိပါဘူး၊ ဒါပေမယ့် မာမီ့အပေါ် စိတ်ပြတ်သွားတဲ့ ဒက်ဒီနဲ့ ဒက်ဒီ့အပေါ် စိတ်မပြတ်နိုင်တဲ့ မာမီ့ကြားမှာ ကျွန်မသာနာကျင်မှုတွေ တိုးလာခဲ့တယ်"

အတိတ်ကိုမေ့ထားမှပါဆိုတဲ့ကြားက အဲသည့် ရက်တွေကို သတိရရင် ကျွန်မဆီကို နာကျင်ခြင်းကတော့ ရောက်လာဆဲပါလား၊ နေမကောင်းနေတဲ့လူတစ်ယောက်အပေါ် အနည်းအကျဉ်းသော စိတ်ချမ်းသာမှုကိုတော့ ပေးသင့်တယ်လို့ ကျွန်မကထင်တယ်လေ။

* * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်သံကြောင့် နာရီလှမ်းကြည့်မိတယ်၊ ခြောက်နာရီခွဲပဲရှိပါသေးလား၊ အောင်တောင်မှ အိပ်နေတုန်းလေ၊ ခင်လေး ကသာ ဘုရားရှိခိုးပြီးတော့ ပဲပြုတ်သွားဝယ်ဖို့ ပြင်နေတာ၊ တံခါးခေါက်တော့ဖွင့်ကြည့်မိပါတယ်။

"အမေ"

အမေ့ကိုအိတ်ကလေးတစ်လုံးနှင့်တွေ့တော့ ခင်လေး အံ့သြဝမ်းသာသွားမိတယ်၊ အမေက ဖျတ်ခနဲတစ်ခန်းလုံးကို ဖြံ့ကြည့်လိုက်ပြီးသားပဲ၊ ပြီးတော့မှ ခင်လေးကုတင်ပေါ် သွားထိုင်နေတော့တယ်။

"အောင် . . . အောင်ရေ၊ အမေရောက်လာတယ်၊ မနိုးသေးဘူးလား"

သည်လိုနိုးတော့မှ ဟုတ်လားဆို ခြင်ထောင်ထဲက ခေါင်းထွက်လာတာ၊ အမေကတော့ အစောကြီးနိုးနေကြမို့ ခုချိန်ထိ အိပ်နေတဲ့အောင့်ကို ပြုံးကြည့်နေပါတယ်။

"ထင်မိုးအောင် . . . နိုးပြီလား"

"ဟုတ်ကဲ့ အမေ . . . ခဏလေး၊ ကျွန်မ မျက်နှာသစ်လိုက်ဦးမယ်"





ခြင်ထောင်ထဲကခုန်ထွက်ပြီး မျက်နှာသွားသစ်တဲ့ အောင့်ကို အမေကပြုံးကြည့်ပါတယ်။

"အမေ . . . ခင်လေး ပဲပြုတ်သွားဝယ်ဦးမယ်၊ ထမင်းကြော်ထားတယ်"

"အေး . . . အေး"

"ထင်မိုးအောင်ရှိတာပဲ၊ အမေလိုတာပြော"

"မလိုပါဘူး သမီးရဲ့"

အမေက သူ့ဆွဲခြင်းထဲ ဟိုမွှေသည်မွှေ မွှေနေတယ်၊ ဟုတ်မှလွဲ အမေ့အချစ်တော် ပြောင်းဖူးဖတ်လိပ်တွေ မေ့ကျန်နေခဲ့လို့လား၊ အမေ့ကိုခင်လေးဘယ်လိုမှပြောလို့ ရတာတစ်ခုတစ်ခုကတော့ တသက်လုံးအတွက် ပြောင်းဖူး ဖတ်လိပ်တွေကို မက်မက်မောမောသောက်နေတာပါပဲ၊ အမေ . . . အဆုပ်ကင်ဆာဖြစ်တာ ကြောက်စရာကောင်းတယ် ဆိုတော့ သမီးရယ် . . . သည်ရောဂါမရလည်း တခြားရောဂါရ ပြီးတော့ သေတာကသေမှာပါပဲတဲ့။

"မလေး . . . ဘယ်လဲ"

"ပဲပြုတ်ဝယ်"



www.burmeseclassic.com

www.burmeseclassic.com



အောင်နှင့် အပြင်လမ်းမှာတွေ့တယ်။

"ပဲပြုတ်မဝယ်ပါနဲ့မလေးရာ၊ အမေ့မလည်းရှိတယ်၊ အမေဘာကြိုက်လဲ၊ အမေကြိုက်တာ တစ်ခုခုဝယ်ရအောင်"

"အမေက ထမင်းကြော်နဲ့ပဲပြုတ်ကြိုက်ပါတယ် အောင်ရဲ့၊ အကြော်လည်း ခင်လေးဝယ်ခဲ့ပါမယ်"

အမေနှင့်အောင်တော့ စကားပြောနေရစ်ခဲ့ကြတယ်၊ ပဲပြုတ်နှင့်အကြော်ဝယ်နေခိုက် မောင်တစ်ယောက်ခုချိန် ဆေးရုံပြေးပြီလား သတိရမိပါတယ်၊ ညကတော့ မောင့်ညီလေး ဆေးရုံစောင့်လိမ့်မည် ထင်ပါရဲ့။

အခန်းပြန်ရောက်တော့ အမေနှင့်အောင် စကားပြောနေပြီ။

"အမေ. . . အစာတစ်ခုမှမစားသေးဘဲ အဲသည် ပြောင်းဖူးဖက်လိပ်ကို ဖွါနေပြန်ပြီလား၊ ခင်လေးမရှိလည်း အမေသည်လိုပဲနေမှာ"

"ဆေးလိပ်သောက်ခဲ့တာကြာပါပြီ ခင်လေးရယ်၊ ပြောမနေပါနဲ့တော့"

"အမေပဲ စွဲလန်းမှုအားလုံးဖြတ်မှဆို၊ ဆေးလိပ်ကြတော့ မဖြတ်ဘူးလား"





"ဆေးလိပ်နဲ့ညည်းကိုတော့ ငါမဖြတ်နိုင်သေးတာ အမှန်ပဲ၊ ဒါပေမယ့်လေ. . . မရဘူးဆိုတာ မရှိပါဘူး"

"အဖေ့ကိုတော့ အမေတကယ်ဖြတ်ပြီလား"

"ညည်းအဖေကို အခုတကယ်ဖြတ်ပြီလေ၊ ပြန်စဉ်းစားတော့ တကယ်ကျေးဇူးတင်ပါတယ်အေ၊ ငါစာရေးတဲ့ အတိုင်းပေါ့"

"အမေ. . . ထမင်းစားရအောင်"

ထမင်းစားနေတုန်းမှာ အမေစကားမပြောပါဘူး၊ အောင်ကလည်း ငြိမ်ငြိမ်သက်သက်ပါပဲ၊ ခင်လေးကတော့ အမေရုတ်တရက် ဘာလို့လိုက်လာပါလိမ့်ဆို အံ့ဩနေမိတယ်၊ မောင့်အမေက ချက်ခြင်းလက်ထပ်စေချင်တဲ့အကြောင်း ဖုန်းဆက်ပြောပြီးပါပြီ။

ထမင်းစားပြီးတော့ အခန်းထဲမှာပြန်စကားပြောဖြစ်ကြတယ်။

"မလေး အလုပ်ကခွင့်ယူပါလား၊ အမေတစ်ယောက်ထဲ ဖြစ်နေမယ်"

"ရပါတယ်၊ အမေ့ နေတတ်တာပဲ၊ သမီးတို့စိတ်မပူပါနဲ့၊ သွားပါ"

"အမေ. . . ဘာဖြစ်လို့ လိုက်လာတာလဲ"

"ညည်းလေးလက်ထပ်မယ်မဟုတ်လား၊ ဒါကြောင့် လိုက်လာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . ."

"သံယောဇဉ်ကြိုးတွေကို အကုန်ဖြတ်နိုင်အောင် ဖြတ်မယ်လေ၊ ခင်လေးအတွက် အမေစိတ်ချရရင် အမေ ရိပ်သာမှာပဲနေတော့မလို့၊ ဆရာတော်ကြီးကပြောတယ်၊ အသက်ကြီးလေ ဉာဏ်တုန်းလေဖြစ်မယ်၊ ခုလောက်တောင် တရားကမရချင်တဲ့၊ ခင်လေးကိုစိတ်ချရပြီဆို အမေ့ဖို့ အမေရှာတော့မယ်လေ၊ ခင်လေးအတွက် အမေ့တာဝန်ကျေဖို့ လိုက်လာတာ"

အမေအဲလိုပြောတော့ ခင်လေးဝမ်းနည်းလာသလိုပါပဲ၊ အမေက ခင်လေးကိုလက်ထပ်ဖို့ တကယ်သဘောတူလိုက်ပြီကိုး၊ ဒါကြောင့် လက်ထပ်ရအောင် အမေကိုယ်တိုင် လိုက်လာခဲ့တာပဲ။

"မလေး. . . ကိုဝင်းခိုင်သိရင် အရမ်းဝမ်းသာမှာပါပဲ"

မောင်သိရင် ဝမ်းသာမှာပါ။

ဒါပေမယ့် ကျွန်မကတော့ ရုတ်ရက်လက်ထပ်ရမယ် ဆိုတဲ့အကြောင်းကို တစ်မျိုးပါပဲ၊ သည်လိုပင်မမျှော်လင့်တာတွေ ဖြစ်လာတတ်ပါသလားလို့လည်း တွေးနေမိပါတယ်။

* * * * * * * * * *

ရန်ပိုင်ဦးစာပေ



"ထူးဆန်းအံ့ဩဖွယ်ရာပဲနော် ကိုမော်၊ ကျွန်မစိတ် မှာတော့ ကျွန်မတို့ကအရင်လက်ထပ်ဖြစ်မယ်လို့ ထင်ထားခဲ့တယ်၊ အခုကြတော့ မလေးတို့ကရုတ်တရက် လက်ထပ်တော့မယ်"

"အောင်. . . အားကျနေတာလား"

"ဟယ်. . . ကိုမော်ကလည်း"

ကိုမော့်ပုခုန်းစွန်းကို ထုပစ်လိုက်တယ်။

မလေးတို့လက်ထပ်တော့မှာ၊ အမေလည်းရောက်နေပြီး ကိုဝင်းခိုင်အမေကို သွားတွေ့ပြီးကြပြီလေ၊ ကိုဝင်းခိုင်အမေ ကလည်း ဝမ်းသာအားရနှင့် အမြန်ဆုံးလက်ထပ်ပေးဖို့ စီစဉ်ကြတယ်လေ။

"မလေးက လက်ထပ်ပြီးရင် ကိုဝင်းခိုင်တို့နဲ့ လိုက်နေ တော့မှာ၊ ကျွန်မတစ်ယောက်ထဲ"

ဟိုတုန်းကလည်း ကျွန်မတစ်ယောက်ထဲပါပဲ၊ ဒါပေမယ့် မလေးနဲ့အတူနေလာခဲ့တဲ့ ရက်တွေမှာ ကျွန်မဘဝလေးက ပြည့်စုံလာသလိုပါပဲ၊ အခုလို ရုတ်တရက်မလေးက ခွဲခွါ သွားလိမ့်မည် ကျွန်မမထင်ခဲ့ပါဘူး။

"အစ်ယောက်ထဲလည်း ဘာဖြစ်လဲအောင်ရဲ့. . .၊ တစ်နှစ်နှစ်နှစ်ကြာရင် အောင်နဲ့ကိုမော် လက်ထပ်ကြမှာပဲ၊ [illegible] နေရတာ"

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုမော်ကတော့ အခုခဏလေးနေရမှာတဲ့။

အဲသည့်ခဏလေးအတွင်းမှာကျွန်မစိတ်တွေထဲ ဘာတွေကိုစိုးထိတ်နေသည်မသိပါ။

"မနက်ဖြန်ကြရင် မလေးတို့လက်ထပ်မှာ၊ ညနေကြ ကားနဲ့အမေပြန်မယ်၊ မနက်ဖြန်ညကစပြီး ကျွန်မတစ်ယောက်ထဲ ပြန်နေရမယ်"

"အောင်ကလည်း အဲသည့်တစ်ယောက်ထဲပဲပြောနေ ဘာတွေအားငယ်နေတာလဲ၊ တစ်ယောက်ထဲ မွေးလာကြတယ် တစ်ယောက်တည်းသေသွားကြတယ်၊ ဘာမှဆန်းတာ မဟုတ်တာ၊ ကိုမော်တို့လက်ထပ်ပြီးကြရင်လည်း ကိုမော် ခရီးထွက်ရတဲ့အခါတွေရှိမယ်၊ အောင်တစ်ယောက်ထဲ နေသင့်တဲ့အခါ နေရမှာပါပဲ။

ကိုမော်ကတော့ပြောအားရှိတာပေါ့။

ပြောနိုင်တာပေါ့လေ။

ကျွန်မကတော့ မာမီကြေကွဲရက်တွေ အတူနေပြီးတော့ တစ်ယောက်ထဲကျန်နေခဲ့ရချိန်ကစပြီး တစ်ယောက်ထဲဆိုတဲ့ အတွေးစဟာ လူကိုနှိပ်စက်လွန်းလှပါတယ်။





"အောင့်ကိုကြည့်ရင်သတ္တိတွေအရမ်းရှိသလိုပဲ၊ စိတ်တိုစိတ်မြန်တာတွေ၊ ဒေါသစိတ်နဲ့ပြန်ပြောတာတွေကြတော့ စိတ်မာနေသလိုနဲ့ ရင်ထဲကနဂိုရ်အင်အားကြတော့လည်း ပျော့ညံ့လွန်းပါလား၊ အပြင်စိတ်နဲ့အတွင်းစိတ် ညီအောင် နေလေ"

ရမလား။

စိတ်ဆိုတာ ပြုပြင်လို့ရတယ်ဆိုပေမယ့် ချက်ခြင်းတော့ ဘယ်လိုမှ ပြုပြင်လို့မရနိုင်ပါဘူး၊ ကျွန်မဘဝအတွက် ဒက်ဒီနဲ့မာမီရဲ့ ရန်ပွဲတွေကို နားထောင်နေရတဲ့ရက်တွေကစပြီး စိတ်မှာရောက်လာတဲ့ခံစားမှုတွေဟာ အမြစ်စွဲနေလောက် အောင် ငြိတွယ်နေခဲ့ပြီပဲ၊ ကိုမော်ခုလောက်ပြောရုံလေးနှင့်တော့ ပြင်လို့မရနိုင်တော့ပါဘူး။

"ကိုမော် . . . ရှေ့တစ်ပါတ်ဆို မန္တလေးသွားရဦးမှာ"

"ခရီးသွားတဲ့အလုပ်ကို ကိုမော်မယူလို့မရဘူးလား၊ ကိုဝင်းခိုင်လိုမျိုးရုံးမှာပဲနေလို့ရတဲ့နေရာကိုယူပါလား ကိုမော်ရယ် . . ."

"ဘယ်ရပါ့မလဲ . . . အောင်ရဲ့၊ သူ့ပညာနဲ့သူ့နေရာနဲ့ သူပေါ့၊ ဝင်းခိုင်က အင်္ဂလိပ်စာရေးတာ . . . ဖတ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာကအစ ကိုမော့်ထက်ပိုတော်တယ်၊ ကိုမော်ထ ခရီးသွားတဲ့နေရာမှာယူမှပေါ့၊ ဒါမှ နောက်ဆိုအလုပ်ထဲမှာ ရာထူးတိုးစရာရှိတော့ သူနေရာသူ ကျွမ်းကျင်တဲ့လူပေးမှာ ရုံးမှာထိုင်နေရင် ကိုမော်ကညွှန်နေမှာပေါ့”

ကိုမော်ကလည်းခေါင်းမာမာရယ်. . .

အဲသည့်အလုပ်ကို မက်မောနေပြန်တယ်။

တကယ်ဆို ဒက်ဒီကိုပြောပြီး အလုပ်တစ်နေရာ ယူထားလိုက်ရင် ကျွမ်းကျင်လာတာနှင့်အမျှ ဒက်ဒီလုပ်ငန်း တစ်ချို့တစ်ဝက်ကို ကျွန်မနှင့်ကိုမော် ပိုင်ဆိုင်လာနိုင်တာပဲ ဒါပေမယ့်. . . ပြောလို့ရမှာမဟုတ်ပါဘူး။

မလေးပြောပြောနေသလို မရှိတဲ့လူရဲ့မာနကို မင်းနားမလည်နိုင်ပါဘူး အောင် ဆိုတာကလည်း ရှိနေ သေးမှာပါ။

“ဝင်းခိုင် ပျော်နေရောပေါ့”

“ကိုမော်ကလည်း သူ့အမေနေမကောင်းတာ ခုသေမလိုဖြစ်နေတဲ့အခြေအနေမှာ ဘယ်ပျော်မှာတဲ့လဲ”

“ခံစားမှုတစ်မျိုးစီပေါ့၊ စိတ်ညစ်တာ တစ်ခြမ်း. . . . ပျော်နေတာတစ်ခြမ်းလေ”





“ကိုမော်ကလည်း”

“ဟုတ်တယ်လေ၊ ဘာပဲဖြစ်ဖြစ်. . . ချစ်သူနဲ့အတူ နေရမှာ မပျော်ဘဲနေပါ့မလား၊ ကိုမော်ဆိုရင်လည်း ပျော်မှာပါပဲ”

ဒါဆိုရင် ကျွန်မတို့လက်ထပ်လိုက်ကြရအောင်လို့ ကျွန်မဘယ်လိုပြောမလဲ၊ မိန်းကလေးတစ်ယောက်ကစပြီး လက်ထပ်ကြရအောင်လို့ မပြောချင်ပါဘူး၊ ပြီးတော့ ကိုမော်က နှစ်နှစ်လောက် သူငွေစုဦးမည်ပြောထားပါလျှက် ကျွန်မက ငွေတွေရှိနေတာပဲလို့ သူ့မာနကိုထိခိုက်ပြီးထပ်ခါတလဲ ပြောနေလို့လည်း မဖြစ်နိုင်ပါဘူးလေ။

“ကိုမော်တို့လက်ထပ်တဲ့နေ့ကြရင် အောင်ဆွဲဖို့ ဆွဲကြိုးလေးတစ်ကုံးလည်း ကိုမော်ရှာတဲ့ငွေနဲ့ လုပ်ပေး ချင်သေးတယ်၊ အဲသည့် ဆွဲကြိုးလေးဟာ အန်တီစိန့်ဆီလည်း ဘယ်တော့မှမရောက်စေချင်ပါဘူး”

ကိုမော့်အပြောကြောင့် ကျွန်မရယ်မိတယ်၊ ကိုမော်က သူ့အဖြစ်ကလေးနှင့်နှိုင်းယှဉ်ပြီးပြောပေမယ့် ကျွန်မအတွက်က နဂိုရှိပြည့်စုံနေတဲ့လူတစ်ယောက်ပဲမဟုတ်လား။

* * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



• ခင်လေးအံ့ဩမိတယ်။

ဘဝဆိုတာ. . . သည်လိုလား။

ဘဝမှာ ဖြည်းညင်းစွာကွေ့ဝိုက်သွားတတ်သော အဖြစ်မျိုးလေးတွေကို ခင်လေးကြုံဖူးခဲ့ပေမယ့် ခုတစ်ခါကတော့ ရုတ်တရက်ဆိုသလိုကို တဆစ်ချိုးချိုးပြီးကွေ့သွားလိုက်တာ. . . မြန်ဆန်လွန်းလှတဲ့သည်အကြောင်းမှာ ခင်လေးဟာ သတို့သမီး တစ်ယောက်မို့သာယုံကြည်လိုက်ရတော့တာပါလား။

"မောင်ဝင်းခိုင်က ခင်လေးကို ကြင်ကြင်နာနာနဲ့ အိုအောင်မင်းအောင်ပေါင်းနိုင်ကြပါစေလို့ အမေဆုတောင်း ပါတယ်"

အမေ့ကိုကားဂိတ်ပို့ကာနီး ကန်တော့တာ အမေက သည်ဆုတစ်ခုပဲတောင်းခဲ့တယ်၊ မောင်ကတော့ စိတ်ချပါအမေ ခင်လေးကို ကျွန်တော်ကြင်ကြင်နာနာနဲ့ သေတပန်သက်တဆုံး ပေါင်းပါ့မယ်တဲ့။

"ကိုယ့်အမေကိုလည်း ဂရုစိုက်ပါသား. . . သူ့ခမျာလည်း စိတ်ချမ်းသာလို့ထင်ပါရဲ့၊ သည်နေ့. . . အတော်ရွှင်လန်းပါတယ်။





ခင်လေးနှင့်မောင်က သည်မနက်ပဲလက်ထပ်ကြတော့ မောင့်အမေပြုံးနေတာကို အမေကဝမ်းသာကြည်နူးမိတယ်တဲ့၊ ခုလောက် နေမကောင်းနေတဲ့လူတစ်ယောက်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရတာဝမ်းသာစရာပါပဲလို့ ဆိုတယ်။

"ထင်မိုးအောင်လေး. . . အမေ့ဆီလာလည်ဦးနော်၊ သမီးလည်း အမေ့သမီးပါပဲ"

ငြိမ်ငြိမ်လေးရပ်နေတဲ့ အောင့်ပါးလေးကိုအမေက ပွတ်သပ်နှုတ်ဆက်ပြီး ကားပေါ်တက်တဲ့အခါ အောင် မျက်ရည်ဝဲသွားတာ ခင်လေးမြင်ပါတယ်၊ အောင်ဆိုတဲ့ ကလေးမဟာ အပေါ်ယံကြည့်တော့ မာကျောသလောက် ရင်ထဲကပျော့ညံ့လွန်းတယ်ဆိုတာ ခင်လေးက အတူနေဖူးလို့ သိနေတာပဲမဟုတ်လား၊ ပြီးတော့ သံယောဇဉ်ကြီးတတ်. . . ချစ်တတ်လွန်းပါတယ်။

"အမေ"

"ပြောလေ. . . ထင်မိုးအောင်"

"ဆေးလိပ်လျှော့သောက်နော်၊ ချောင်းဆိုးနေတယ်"

"အေး. . . အေး"



www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်နှင့်ခင်လေးကိုတော့ မဖြတ်နိုင်သေးပါလားဆိုတဲ့အမေက ခင်လေးအတွက်မောင့်ရင်ခွင်ရှိနေပြီဆိုတော့ ကိုးဆယ့်ကိုရာနှုန်းတော့ စိတ်ချသွားပါပြီလို့ဆိုပါတယ်။

ခင်လေးကိုယ်တိုင်းလည်း ခုလောက်မြန်မြန် ဘဝတစ်ခုလုံးကို မောင့်ရင်ခွင်မှာ မြှုပ်နှံပစ်လိုက်ရမည်လို့ မထင်ထားခဲ့ပါဘူး၊ ဒါကြောင့်လည်း ချစ်တယ်ဆိုတဲ့ အဖြေတစ်ခုကိုတောင် အချိန်တွေဆွဲနေခဲ့ဖူးပါတယ်။

အမေပြန်တဲ့ကား ထွက်သွားတဲ့အခါ ထင်မိုးအောင် မျက်ရည်သုတ်လိုက်တာ ခင်လေးမြင်ပါတယ်၊ ခင်လေးတောင်မှ မျက်ရည်တွေမနည်းပုတ်ခတ်ထိမ်းခဲ့ရတာပဲ၊ ခင်လေးတို့ နှစ်ယောက် စိတ်မကောင်းဖြစ်တာသိတဲ့ မောင်နဲ့ကိုမော်က စကားလွှဲပြီလေ။

"ကိုမော် . . . ငါးနာရီကျော်ပြီပဲ၊ ထမင်းစားလို့ရပါပြီ၊ ငါတို့လေးယောက် ထမင်းသွားစားကြရအောင်လား"

ခင်လေးတို့လက်ထပ်တဲ့နေမို့ လေးယောက်အတူ ညစာစားဖို့ မနက်ထဲစဉ်းစားထားတာပါ။ ဆိုင်ကိုရောက်တဲ့ထိ အောင် . . . ငြိမ်နေတာပါပဲ။

"အောင်"





"ဟင်"

"အောင်ကြိုက်တဲ့ဟင်းမှာလေ၊ အောင်က ဟင်းချက်ကောင်းတော့ ခင်လေးတို့ကဘာမှာပေးရမလဲ မသိပါဘူး"

"မလေးတို့မှာချင်ရာမှာပါ၊ ကျွန်မစားမှာပေါ့၊ ကျွန်မစိတ်ထဲမှာ ထမင်းတွေလည်းမစားချင်ပါဘူး၊ အခု ကျွန်မတစ်ယောက်ထဲ ကျွန်မတစ်ယောက်ထဲလို့ ရင်ထဲမှာ ခံစားရတယ်"

အောင်ခုလိုပြောတော့ ခင်လေးစိတ်မကောင်းဖြစ်သွားပါတယ်၊ ခင်လေးကိုယ်တိုင်လည်း သည့်နေ့ကစပြီး အရင်နေခဲ့တဲ့ နေရာလေးကို ခွဲခွါရမှာအတွက် စိတ်ထိခိုက်မှုရှိပါတယ်၊ ဒါပေမယ့် ခင်လေးအတွက်က သိပ်ချစ်တဲ့မောင် အနားမှာရှိနေမှာလို့ ဖြေသိမ့်လို့ရပါတယ်၊ တစ်ယောက်ထဲနေရစ်ခဲ့ရတဲ့ အောင့်အတွက်ကတော့ ဖွင်းရိခြောက်သွေ့ပြီးကျန်ခဲ့မှာပေါ့လေ။

"အောင် . . . အောင့်ကို ကိုမော်ဘယ်နှစ်ခါ ပြောရမှာလဲ၊ သည်တစ်ယောက်ထဲဆိုတဲ့အတွေးမျိုးတွေ ဖျောက်မှပေါ့၊ လှပတဲ့ အနာဂါတ်တစ်ခုရှိဖို့ ခြောက်သွေ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ္စုပ္ပန်တစ်ခုကို ဖြတ်ချင်းလည်းဖြတ်ရလိမ့်မယ်လို့ ကိုမော် ပြောပါရောလား၊ အလကား လျှောက်တွေးနေတော့ ခင်လေးလည်း ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ"

ကိုမော် ချော့တာကလည်းလေ။

ကိုမော့်လေသံက နဂိုရ်ကမာနေတာ၊ ခုလိုအချိန် အောင်စိတ်ထိခိုက်နေတုန်းမှာ သေချာချော့မော့ နှစ်သိမ့် ရမှာပေါ့။

"ထင်မိုးအောင်တစ်ယောက်ထဲပျင်းနေရင် ခင်လေး ကိုခေါ်ချင်ခေါ်ထားဦးလေ၊ မေမေ့မနေမကောင်းနေတော့ ကျွန်တော်လည်း ဆေးရုံမှာပဲအနေများပါတယ်၊ မေမေဆေးရုံက ဆင်းရပြီဆိုတဲ့အခါမျိုးမှာ ခင်လေးပြန်လာချင်လာမှာပေါ့ ဟုတ်လား"

အောင့်စိတ်မကောင်းဖြစ်မှုကိုစာနာစွာ မောင်က စီစဉ်ပေးပါတယ်၊ သည်လိုကြတော့လည်း အောင်ကရယ်မော ရင်းမှ. . .

"ဟင့်အင်း. . . ဟင့်အင်း၊ မလေးကိုခေါ်မထားပါဘူး၊ တော်ကြာ ဝင်ရှုပ်လိုက်နေပါဦးမယ်၊ ကျွန်မတစ်ယောက်ထဲ နေတတ်ပါတယ်"





"အောင့်ကို ကိုမော်ပြောသားပဲ၊ တစ်ယောက်တည်း ဆိုတာ ခဏလေးနေရမှာ၊ နောက်ဆို နှစ်ယောက်၊ နောက်ဆိုသုံးယောက်၊ နောက်ဆိုလေးယောက်၊ နောက်ဆို ငါးယောက်၊ နောက်ဆိုခြောက်ယောက်. . ."

"ဟယ်. . . ကိုမော်"

အောင့်လက်သည်းရှည်ရှည်လေးတွေက ကိုမော့် လက်ခုံကိုဆိတ်ဆွဲရင်းနှင့် ရယ်နေပြန်ပါတယ်၊ အောင် စိတ်မကောင်းဖြစ်ထိုက်ပါတယ်၊ ခင်လေးကိုယ်တိုင်တောင်မှ မောင်ရှိတယ်ဆိုတဲ့ခံစားမှုကြောင့်သာပါ။ အင်းပေါ့လေ. . . ဒါကြောင့်လည်း အမေဟာ သူ့ဇာတိကိုခွဲခွာဖို့ ခေါ်မရတာ နေမှာပါပဲ၊

"ခင်လေး. . . နင်တို့ကလေးမြန်မြန်ယူဟာ၊ ငါက ကလေးလေးတွေချစ်တယ်၊ အောင်နဲ့ငါလက်ထပ်ပြီးရင် အနည်းဆုံး ကလေးငါးယောက်ယူမယ်၊ သိလား. . . ဝင်းခိုင်"

"ကိုမော်ဟာလေ"

"ငါကဘဝမှာတစ်ယောက်ထဲမွေးခဲ့လို့ဟား မသိဘူး၊ မောင်နှမတွေ အများကြီးရှိတဲ့လူတွေကို သဘောကျတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုမော်ပြောတာတော့ဟုတ်ပါတယ်၊ ခင်လေးလည်း တစ်ဦးတည်းသောသမီးပီပီ မောင်လေး၊ ညီမလေးတွေ အရမ်းလိုချင်တာပါပဲ၊ မောင်ကတော့ မောင်နှမတွေရှိတဲ့လူ ဆိုတော့ ဘယ်သို့ခံစားမည်မသိပါ။

* * * * * * * * * *

သာနေတဲ့လတစ်ခြမ်းပဲ့လေးရဲ့အရောင်က တော်တော် လင်းသားလား၊ အခန်းထဲကိုဝင်နေတဲ့ လရောင်ကြောင့် အခန်းဟာ ပိုးဝ ...ငင်းနေပါတယ်၊ မီးမှိတ်ထားတဲ့အခန်းကို ကျွန်မပြန်ပြီးသဘောကျနေပြန်ပါသလား၊ ပြတင်းမှာရှိတဲ့ သံပန်းတွေကို ဖြတ်ဝင်လာတဲ့ လေကတော့ ဆောင်းလေပီသစွာ အေးမြလွန်းပါတယ်။

အခန်းက မျက်ဝန်းမှာရှင်းလင်းလွန်းပြီး နေသားမကျ သလိုပါပဲ။

အခန်းထဲမှာ တစ်ယောက်ထဲပဲနေတော့မယ်၊ ဘယ်သူနဲ့မှ အတူမနေတော့ဘူးလို့ပြောပြီး တဖက်က ကုတင်တွေ သိမ်းခိုင်းခဲ့ပြီးပြီ။





ဒါကြောင့်လည်း အခန်းကပိုပြီးကျယ်ဝန်းရှင်းလင်း သွားပါတယ်၊ မလေးနေခဲ့တဲ့တဖက်ခြမ်းမှာ ဘာပစ္စည်းမှ မရှိတော့ ရှင်းနေတာပါလား။

မလေး. . .

အင်းလေ

ခုချိန် မလေးကချစ်သူ့ရင်ခွင်မှာပါ။

သည်တော့ကျွန်မကို မေ့နေနိုင်ပါတယ်၊ ကျွန်မကတော့ အတွေးများစွာနှင့်ရှိနေဆဲမှာ၊ မလေးအကြောင်း အများကြီး သတိရနေမိပါတယ်။

အေးမြတဲ့လေကလေးကြောင့်လား၊ ချမ်းစိမ့်စိမ့်နဲ့ မျက်ဝန်းတွေတောင် လေးလံလာသလိုပါပဲ၊ စိတ်အတွေးတွေက နီးလာလိုက်၊ ဝေးသွားလိုက်နဲ့။

အောင့်ကိုချစ်တယ်. . .

အောင့်ကို သိပ်ချစ်ပါတယ်။

ကိုမော့်ရင်ခွင်မှာမီရင်း ကျွန်မတစ်ယောက်ထဲ မနေချင်ဘူး ကိုမော်လို့ ရင်ထဲကသာကြိမ်ဖန်များစွာ ရွတ်နေခဲ့မိတယ် မဟုတ်လား။

ဒါပေမယ့်ကိုမော်ကလည်းကျွန်မက သူ့ကိုချစ်သလောက် မချစ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုမော်က ကျွန်မထက် သူမာနတွေကို သူပိုချစ်ပါတယ်၊ သူ့မာနတွေကိုဖက်တွယ်ပြီး ကျွန်မကိုတော့ လျစ်လျူရှုနေသလိုပါပဲလား။

ကျွန်မတစ်ယောက်ထဲ. . .

ကျွန်မတစ်ယောက်ထဲ. . .

ကျွန်မတစ်ယောက်ထဲ. . .

ပြောမယ်. . . ဘာဖြစ်လဲ၊ ကျွန်မတစ်ယောက်ထဲလို့ ကြိမ်ဖန်များစွာအော်ဟစ်ပြီး ပြောမယ်။

ကိုမော် လာမတားစမ်းပါနဲ့ကွာ။

ကျွန်မတစ်ယောက်ထဲမို့ တစ်ယောက်ထဲပြောတာ။

တစ်ယောက်ထဲဆိုတာခဏလေး နေရမှာတဲ့၊ ဘာခဏလေးလဲ၊ အခုပဲကြည့်. . . ညတစ်ညကို ဖြတ်သန်းရတာတောင် အကြာကြီး၊ မာမီမရှိထဲက ရှည်လျားညည်းငွေ့လွန်းတဲ့ညတွေကို ကျွန်မရခဲ့တယ်၊ အခုအဲလိုမျိုးပဲ ပြန်ဖြစ်နေပါရောလား။

"အောင်. . ."

"ဟင်. . ."

"အောင်. . ."





ဘယ်သူခေါ်သံလဲ။

သည်ကမ္ဘာမှာ ကျွန်မကိုအောင်လို့စဦးဆုံးခေါ်ခဲ့သူက မာမီလေ၊ မာမီများလား၊ ဖြစ်ခဲ့ရင်ကောင်းမယ်၊ မတွေ့ရတဲ့ရက်တွေကြာခဲ့ပါပြီ၊ တွေ့ချင်တယ်၊ ဒါမှမဟုတ်. . . မလေးလား။

ကျွန်မကို အောင်လို့ဒုတိယခေါ်တဲ့သူကမလေးလား၊ မလေးဆိုရင် တွေ့ချင်တာပေါ့၊ ဒါပေမယ့်မဖြစ်နိုင်ပါဘူး၊ မလေးက ခုချိန်ဆို သူချစ်သူရင်ခွင်မှာ ပျော်ရွှင်ကြည်နူးစွာ အိပ်ပျော်နေရောပေါ့။

ဒါဖြင့်. . .

ဘယ်သူလဲ၊

အောင်လို့ခေါ်တဲ့သူ. . .

ကိုမော်. . .

ကိုမော်ဖြစ်နိုင်တယ်။

ကိုမော့်ရင်ခွင်ထဲမှာ မျက်နှာအပ်ပြီးငြိမ်သက်စွာကြည်နူးနေရတဲ့အချိန်တွေကို ကျွန်မသိပ်နှစ်သက်ပါတယ်၊ ကိုမော်ခေါ်တာလို့ သိရတဲ့အခါမှာ စိတ်ဟာပြန်ပြီးငြိမ်သက်သွားပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုမော်ကလည်း ကျွန်မထက်စာ သူ့မာနကို ပိုတန်ဖိုးထားနေသလိုခံစားရပါတယ်၊ တစ်ယောက်ထဲဆိုတဲ့ ခံစားချက်က ကျွန်မကိုပြင်းထန်စွာနှိပ်စက်နေသလိုပါပဲ။

ဟော. . .

အရမ်းကိုအေးစိမ့်တဲ့လေတွေ တိုက်နေတယ်၊ ကျွန်မကိုလည်း နှစ်ခြိုက်စွာအိပ်မောကျစေမှာပါ၊ ဒါဟာ အတော်ပဲ ဖြစ်လိမ့်မယ်။

"အောင်. . ."

ခေါ်မနေပါနဲ့ကွယ်။

အောင်လို့ခေါ်တဲ့သူ တစ်ယောက်လောက်ကမှ ကျွန်မအနားမှာ မနေနိုင်ဘူးဆိုတာ ကျွန်မသိပြီ၊ ဘယ်သူ့ကိုမှ တမ်းတမနေသင့်ဘူး၊ နှစ်ခြိုက်စွာ အိပ်မောကျနိုင်ဖို့ပဲလိုတယ်။

မျက်ရည်စတွေကြောင့်လား၊ ပါးပြင်တွေက ပိုပြီး အေးစက်စက်နိုင်လွန်းလှပါတယ်လေ။

* * * * * * * * * *





မျက်နှာကြက်ဖြူဖြူတွေက ခင်လေးနှင့်စိမ်းနေသလိုပါပဲလား၊ ရုတ်တရက် ဘေးဖက်လှည့်လိုက်တဲ့အခါ မောင့်ကိုတွေ့ရတယ်။ သည်အခါမှာတော့ ခင်လေးစိတ်မှာ မောင်နှင့်ခင်လေးတို့ အခုလိုမျိုး သေတပန်သက်တဆုံး ရှိနေမည်ဆိုတဲ့ ခံစားမှုကိုပဲရပါတယ်။

အေးစိမ့်နေပါလား။

ဘေးဖက်ပြတင်းတချက်က ပွင့်နေဆဲ။

မောင်. . . အအေးကြိုက်လွန်းတယ်။

အေးမြတဲ့ရာသီဥတုမှာတော့ ဂရုစိုက်မှပေါ့၊ တံခါးပိတ်မည်လို့ လှဲနေရာမှ ထိုင်လိုက်တဲ့အခါ။

"ဘယ်လဲ. . . မလေး"

"တံခါးပိတ်ဦးမှပေါ့ မောင်ရဲ့၊ ဘာလို့တံခါးဖွင့်ထားတာလဲ၊ ညဦးက ခင်လေးပိတ်ထားပါလျက်နဲ့. . . အရမ်းအေးနေပြီ"

"အိုက်ပါတယ်မလေးရာ. . . မောင်ဖြင့် ချွေးထွက်နေတယ်၊ ဒါကြောင့် တံခါးဖွင့်လိုက်တာ"

"ညဦးပိုင်းကသာ နည်းနည်းအအေးပေါ့တာမောင်ရဲ့၊ မိုးလင်းပိုင်းအေးလာတယ်၊ ငယ်လို့လေမဖြတ်ဘူး မထင်နဲ့မောင်. . .၊ လေဖြတ်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



တံခါးသွားပိတ်ရင်းက အအေးကြိုက်လွန်းတဲ့မောင့်ကို ပြောနေမိပါတယ်၊ သည်အခါမှာ ခေါင်းရင်းပြတင်းကို ဖွင့်အိပ်တတ်သော အောင့်ကို အမှတ်ရသွားတယ်၊ ကုတင်စွန်းလေးမှာထိုင်လိုက်ရင်း ပြောမိပြီ။

"အောင်တစ်ယောက်ထဲ ခေါင်းရင်းတံခါးရော ပိတ်ရဲ့လားမသိ၊ မှောင်မှောင်မည်းမည်းထဲမှာ ငိုနေမလား တကယ်ဆို ခင်လေးက မတရားသလိုဖြစ်ခဲ့တယ်၊ ခင်လေး ကတော့ မောင့်ရင်ခွင်မှာပျော်ရွှင်စွာနေနိုင်ခဲ့တယ်၊ သူကတော့ တစ်ယောက်ထဲ"

ခုလိုမျိုးပြောမိတော့ မောင်က ခင်လေးပုခုံးစွန်းတွေကို ပွေ့ဖက်ထားပြီးတော့မှ ပြောလာပါတယ်။

"မောင်တို့လည်း အခြေအနေတစ်ခုကြောင့် လက်ထပ် လိုက်ရတာကိုး၊ တကယ်ဆို ကိုမော်တို့လိုပဲ ရှေ့တစ်နှစ် နှစ်နှစ်နေမှ လက်ထပ်ဖို့ရည်ရွယ်ခဲ့တာမဟုတ်လား ထင်မိုးအောင်ကို မလေးသတိရတယ်ဆုရင် သည်နေ့ သွားတွေ့လို့ရတာပဲ"

"ဒါဆို အောင့်ဆီသွားဦးမယ်"

"မောင်ဆေးရုံသွားရင်း ဝင်ပို့ပေးခဲ့ပါမယ်"





အုံ့ဩဖွယ်ကောင်းတာတစ်ခုက သည်တစ်ရက် နှစ်ရက်မှာ မောင့်မေမေ အတော်သက်သာလာတာပါပဲ၊ ခုချက်ခြင်းသေဆုံး သွားနိုင်တဲ့အခြေအနေထက်တော့ အနည်းငယ်တိုးတက်လာပါတယ်၊ စိတ်ချမ်းသာသွားလို့နေမှာလို့ မောင့်ဖေဖေကပြောပါတယ်။

"ကိုမော်နဲ့အောင် လက်ထပ်လိုက်ကြရင်ကောင်းမယ်၊ အောင်အရင်လို စိတ်တွေပြန်ပြီး ဒေါသတွေများ၊ မကျေနပ်စိတ်တွေနဲ့ လုံးလည်လိုက်လာမှာ ခင်လေးစိုးရိမ်တယ်"

"ကိုမော်က သူ့ငွေစုဦးမယ်ပြောနေတာကို ဘယ်လို ပြောမလဲ"

"အောင့်မှာ ငွေတွေရှိနေတာ၊ အောင့်မှာလိုအပ်တာ ဂရုစိုက်မှုနဲ့ အကြင်နာမောင်ရဲ့"

"ဒါတော့ဒါပေမဲ့မလေးရဲ့၊ ကိုမော့်ဖက်ကကြည့်ပြန်တော့ ယောကျ်ားတစ်ယောက်ရဲ့ မာနလေ၊ မောင်လည်း သူ့နေရာမှာ နေရမယ်ဆို သူ့လိုပဲဖြစ်လိမ့်မယ်ထင်တယ်"

"မာနရှိသင့်ပေမယ့် အခုရှိရမယ့်အချိန်မဟုတ်ဘူး"

အောင်သနားပါတယ်၊ ဟိုနေ့က ငိုနေတဲ့ မျက်နှာကိုကြည့်၊ အောင်က ရင်ထဲမှာအရမ်းခံစားနိုင်တောင် မျက်နှာက မာန်တင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမော့်ကို မောင်ကြည့်ပြောပါဦးမယ်၊ ကိုမော့် ဖက်ကကြည့်တော့လည်း တစ်မျိုးပေါ့"

"ကိုမော့်စိတ်ခါတ်၊ အောင့်စိတ်ခါတ်သိနေပေမယ့် ဟိုဖက်သည်ဖက်ညှိသင့်ပါတယ်၊ အောင်က သူ့မာမီ သူ့ရှေ့မှာ ထိခိုက်ကြေကွဲစွာ ဆုံးပါးသွားတဲ့အခါမှာ တစ်ယောက်ထဲ ကျန်ခဲ့ပြီဆိုတဲ့ အထီးကျန်စိတ်ကို ခံစားခဲ့ရတယ်လေး ဒါကြောင့်လည်း မိတ္တေကိုနာကျည်းစရာတစ်ခုလို ဆက်ဆံခဲ့တာ အောင်ရဲ့ပြောင်းလဲလာတဲ့စိတ်ကောင်းလေးတစ်ခု ဆုံးရှုံးသွားမှာ ခင်လေးစိုးရိမ်ပါတယ်"

မနက်ဖြန်တော့ မောင်ဆေးရုံသွားနေတဲ့အချိန်မှာ အောင့်ဆီသွားဦးမှပါ၊ ခင်လေးနှင့်မောင်က ခွင့်ယူထားတာ ဆိုတော့ ကိုမော်နှင့်လည်းမတွေ့ရှုမြန်ပါဘူး၊ အောင့်အလုပ် တိုက်မှာသွားခေါ်ပြီး ကိုမော့်ကိုပါ ဝင်ခေါ်မယ်လို့ စဉ်းစား လိုက်တယ်။

သံယောဇဉ်ကြီးတတ်လွန်းတဲ့အောင်တစ်ယောက် အခန်းလေးထဲမှာငိုများငိုနေလေမလား။

* * * * * * * * * *





**စာရေးရင်း. . . ရေးရင်းစာလုံးတွေလည်း မမြင်ချင်** တော့ဘူး၊ ခေါင်းထဲမှာလည်း နောက်ကျိရှုပ်ထွေးနေသလိုပါပဲ၊ နေမကောင်းဘူးကွာလို့ နှုတ်မှပင်ထုတ်ဖော် ညည်းညူ လိုက်မိတယ်၊ စာတွေလည်း မရေးချင်တော့တာမို့ နေ့တစ်ဝက် ခွင့်တင်ပစ်လိုက်ပြီ။

ကိုမော့်ကိုလှမ်းခေါ်မယ်။

ကိုမော်နှင့်စကားပြောပြီးရင် အခန်းပြန်ပြီးနားမယ်လို့ ဆုံးဖြတ်ထားတာကိုး။

"ကိုမော်ခွင့်တင်ခဲ့"

"ခက်တဲ့အောင်ပဲကွယ်၊ နက်ဖြန်ခရီးထွက်ရမှာမို့ သည်မှာအဲလုပ်တွေရှုပ်နေတယ်"

"မသိဘူး ကိုမော်ရာ. . . လာခဲ့ပါဆို"

**နေမကောင်းသလိုမို့** စိတ်ကမကြည်လင်ချင်ရတဲ့အထဲ ကိုမော်ခရီးထွက်ရမှာကို ပိုတောင်ကြည့်မရသေး၊ အဲသည့် ခရီးထွက်ရလွန်းတဲ့အလုပ် မလုပ်ပါနဲ့ဆိုလည်း ပြောမရဘူး၊ ဒက်ဒီကအချိန်မရွေးအလုပ်တစ်ခု ပေးပါမယ်ဆိုတော့ သည်အခွင့်အရေးတွေလိုချင်လို့ အောင့်ကိုချစ်ရဲ့တာ မဟုတ်ဘူးတဲ့၊ စိတ်ကလည်း ဆိုးလိုက်သေး။



www.burmeseclassic.com

www.burmeseclassic.com



ကိုမော်နှင့်ဆုံနေကြနေရာမှာ ဆယ့်ငါးမိနစ်လောက် စောင့်မှ ကိုမော်ရောက်လာတယ်။

"နောက်ထပ်ငါးမိနစ်လောက်သာ ဆက်စောင့်ရမယ်ဆို ကျွန်မထွက်သွားပြီ"

"အောင်ကော စိတ်မြန်လွန်းတယ်၊ ကိုမော်ပြောပါရော ခရီးထွက်ရမှာမို့ အလုပ်တွေရှုပ်နေပါတယ်ဆို ပြောပြီး ထွက်လာရတာ၊ အချိန်မရဘူး၊ အောင်. . . ဘယ်သွားမလို့လဲ"

"ခွင့်ယူခဲ့ပါဆို"

"ခွင့်ယူလို့မဖြစ်ဘူး၊ အလုပ်တွေရှိတယ်၊ အောင်သွားချင်ရာ ကိုမော်လိုက်ပို့ပြီးရင် အလုပ်ထဲပြန်မှာ"

"ဒါဆိုလည်း ဘာလို့လာနေလဲ"

"အောင်ရယ်. . ."

အဲလိုမျိုးမကြည့်စမ်းပါနဲ့ကိုမော်ရာ၊ ကိုမော့်အကြည့်က သည်ကောင်မလေးဟာ နားလည်မှုကိုမရှိဘူး. . . ပြောလို့ဆိုလို့ မရတဲ့ လူမျိုးပါလားလို့ ကြည့်တဲ့အကြည့်မျိုးပါ။ သည်လိုမှန်းသိရင် ကျွန်မဖာသာအဆောင်ကိုတစ်ယောက်ထဲ ပြန်ပါတယ်၊ ကိုမော့်ကိုလည်း လှမ်းမခေါ်ပါဘူး။

"အောင်. . . ဘယ်သွားမလဲ"





"အခန်းပြန်မှာ"

"တစ်ခုခုစားဦးလေ၊ လက်ဖက်ရည်သောက်မလား"

ကျွန်မရဲ့ပထမအစီအစဉ်က လက်ဖက်ရည်တစ်ခွက်စီလောက်နဲ့ စကားတွေအများကြီးပြောချင်တာ၊ နေ့တိုင်းဆို စိတ်မှာခံစားနေရတဲ့ တစ်ယောက်ထည်းဆိုတဲ့ အတွေးစတွေကို ကျွန်မဘယ်လောက်စိတ်ပျက်နေတယ် ဆိုတာလည်း ပြောပြချင်တာ။

ခုတော့ မပြောချင်တော့ပါဘူး။

ကိုမော့်ကိုပြောရင်လည်း နားမလည်ပါဘူး။

ကျွန်မက အချိန်တွေအပေါ် သည်းခံမှုမရှိဘူးလို့ပဲ ပြောဦးမယ်။

"မသောက်တော့ဘူး. . . အခန်းပြန်မယ်"

ကိုမော်က ကျွန်မမျက်နှာကို လှမ်းအကဲခတ်သလို ကြည့်တာ ကျွန်မသိသားပဲ၊ စိတ်တွေလည်း အားလုံးကို ကုန်ခမ်းနေသလိုပါ။

"အောင်. . . စိတ်ဆိုးနေတာလား"

"မဆိုးပါဘူး၊ အိပ်ချင်နေပြီ၊ နှာစေးနေလို့ဆေးသောက်ထားတော့ အိပ်ချင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အခန်းကို ကိုမော်ပြန်ပို့ပေးခဲ့မယ်"

"ရတယ်. . . ကျွန်မကားငှားပြန်မှာ၊ ကိုမော်မပို့ပါနဲ့တော့"

ကားတားလိုက်ပြီးတော့ အခန်းဆီပြန်လာခဲ့တယ်။ ကိုမော်ကတော့ ကျွန်မစိတ်ကောက်ပြီလို့ထင်မှာ၊ ခံစားမှုက စိတ်ကောက်တာထက်ဆိုးပါတယ်၊ စိတ်ကောက်တယ်ဆိုတာက ချစ်သူချော့ရင်ကြည်လင်သွားနိုင်ပါတယ်၊ ကျွန်မက ဘာကိုမှ လေးလေးနက်နက်ခံစားလို့မရလောက်အောင် စိတ်တွေ လေဟာနယ်မှာလွင့်မျောနေတာလေ။

အခန်းဆီအလာမှာ ညှော်ခန်းထဲက ဖြတ်လာခဲ့တဲ့ အခါမှာ. . .

"ဟယ်. . . ဆောရီး၊ ဆောရီး. . . ထင်မိုးအောင်"

ခေါင်းမိုးပေါ်က အမှိုက်တွေလှဲချနေတဲ့ ညိုညို့ဝင်းနဲ့မှ တိုးတယ်၊ သည်အချိန်ဟာ အမိုးကအမှိုက်တွေလှဲရမယ့် အချိန်လား။

"လူလာနေတာ နင်မမြင်ဘူးလား၊ မမြင်ရအောင် မျက်စေ့ကန်းနေလား၊ ငါ့ခေါင်းပေါ် အမှိုက်တွေကျကုန်ပြီ"





ညိုညို့ဝင်းရှေ့ကနေ ထွက်လာခဲ့တယ်၊ မျက်ဝန်းမြင်သမျှ တစ်ခုမှအဆင်မပြေပါဘူး။

အခန်းထဲမှာ ငြိမ်သက်စွာထိုင်နေမိတယ်။

ပါးပေါ်ကိုစီးကျလာတာ မျက်ရည်တွေလား။

မျက်ရည်ကို အဖော်အဖြစ်လက်ခံနေပြီးရင် မာမိုလိုပင် စိတ်ဓါတ်တွေလဲကျသွားတော့မလား၊ ခုမှပင်မာမိုကို စာနာလာမိတယ်၊ ဘာကိုမှ လိုချင်တယ်ဆိုတာမရှိတော့တဲ့ခံစားမှု၊ အိပ်ယာပေါ်မှာ ခွေခွေလေးငြိမ်သက်စွာနေရင်းက တစလေးမျှ မလှုပ်ရှားလို့။

ကိုမော်ရယ်. . .

ကိုမော့်ကို သိပ်ချစ်ခဲ့တာ။

အခန်းတံခါးဖွင့်လိုက်တော့ မွှန်းကြပ်နေတာတွေ တော်တော်သက်သာသွားသလိုပါပဲ။

အေးမြတဲ့လေညှင်းလေးနဲ့အတူ အိပ်ချင်လာတယ်၊ အိပ်နေရတာကောင်းတာပေါ့၊ အားလုံးကို ခေတ္တမေ့သွားနိုင်တယ်။

ခေါင်းအုံးအဖြူပေါ်မှာ ကြပ်ခိုးမှုင်တစ်စပါလား။

ခေါင်းပေါ်ကို ခုနကကျထားတဲ့အမှိုက်ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲကို ဖုန်နဲ့အမှိုက်တွေ ဘယ်လောက်ရောက်သွားပြီမသိနိုင်၊ အိပ်ယာကနိုးမှပဲ ခေါင်းလျှော်လိုက်တော့မယ်။

ထင်မိုးအောင်ရယ်. . .

သံယောဇဉ်ကြိုးဆိုတာ ဖြတ်ရသိပ်ခက်တာ. . .

သူတို့ဖာသာဖြစ်သွားတော့ အမေက ဝမ်းနည်းလိုက်ရတာ၊ မခွဲခွါချင်ဘူးကိုး၊ ဒါဟာလောဘစိတ်ပေါ့၊ ကိုယ်ပိုင်ပစ္စည်းတစ်ခု သူများကိုမပေးချင်တာ၊ အမှန်ဆို. . . ဘယ်လောက်ပေါ့ပါးသွားလဲ၊ သံယောဇဉ်ကို ဖြတ်ပေးခဲ့သူကိုတောင် ကျေးဇူးတင်ရလိမ့်ဦးမယ်။

အမေလာပြောနေသလိုပဲ. . .

အမေတွေးသလို တွေးလို့မရသေးတာအမှန်ပါပဲ၊ ကိုမော်ကိုမှ ကျွန်မမဖြတ်နိုင်တာ၊ ကိုမော်ကို ချစ်တယ်၊ ကိုမော်ကို ဘယ်သူ့မှမပေးနိုင်ဘူး၊ ဒါဟာ အမေပြောတဲ့လောဘစိတ်လား။

သံယောဇဉ်ကြိုးက ခိုင်မြဲစွာတုပ်နှောင်ထားလို့လား။

"အောင်. . ."





ခေါ်ပြန်ပြီ။

အောင်တဲ့။

မာမီလို့ရွတ်လိုက်မိတယ်။

မာမီပါလား၊ ခေါင်းရင်းပြတင်းမှာရပ်နေတာ မာမီလား၊ သေချာတာပေါ့၊ ဘယ်လိုမာမီ. . . ဒက်ဒီကမှ ငါတို့သားအမိကို မချစ်တာ၊ သူ့ကိုချစ်မနေစမ်းပါနဲ့အောင်ရယ်၊ သူ့ကိုလည်း တွယ်တာမနေနဲ့ ဟိုးအရင်ကလိုပဲ မာမီတို့သားအမိနှစ်ယောက်ပဲ ချစ်ချစ်ခင်ခင်နေကြရအောင်တဲ့။

ဒက်ဒီ့အပေါ် မာမီတကယ်ပဲ စိတ်ပြတ်သွားပြီလား။

"မာမီ့အတွက် အောင်ရှိနေရင်တော်ပြီဆိုတာ အခုသိသွားပြီ၊ မာမီ့အတွက်အောင်ရှိနေပေးနော်၊ မာမီတို့ အတူနေကြရအောင်"

မာမီကသူ့ရင်ခွင်မှာ ကျွန်မကိုငြင်ငြင်သာသာလေး ပွေ့ဖက်ထားတယ်၊ ပြီးတော့ ကျွန်မငယ်ငယ်ကလိုပင် ဆံပင်လေးတွေ ယုယစွာသပ်တင်ပေးနေတာ။

သိပ်ခံစားရတာပဲ။

သိပ်ကြည်နူးရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်. . . ကျွန်မဘဝမှာ အချစ်ဆုံးလူဟာ အောင်လို့ပထမဆုံးခေါ်တဲ့ မာမီပါပဲ။

"မာမီ. . . မာမီနဲ့ပဲ အောင်အတူနေတော့မယ်"

* * * * * * * * * *

အောင့်ဆီသွားပါမယ်ဆိုမှ. . .

မေမေအမောဖောက်နေလို့ပါခင်လေးဆိုတော့လည်း သီတာတ်စွာဆေးရုံကိုပဲ လိုက်သွားခဲ့ပါတယ်၊ ဆေးရုံကြတော့လည်း လူနာကို ဘယ်သူမှတွေ့လို့မရပါဘူး၊ အရေးကြီးနေတော့ အပြင်မှာထိုင်စောင့်နေကြယုံပါပဲ။

မောင့်ညီမလေးက နံရံလေးခေါင်းစိုက်ငိုနေတယ်။

ခင်လေးရော အမေ့အတွက်တစ်နေ့သည်လိုပဲ ငိုနေရလေမလား၊ မောင်ကတော့ မျက်နှာလေးပျက်ပြီး ငြိမ်နေတာပါပဲ၊ မောင့်ဖေဖေတစ်ယောက်ပဲ တည်တည်ငြိမ်ငြိမ်နဲ့ ဝရံတာကိုမီရပ်နေပါတယ်။

"ကိုခိုင်က ခင်လေးကိုခေါ်လာရလား၊ သူ့ခမျာ အိမ်မှာဆိုနားနေရမှာ၊ သည်မှာဘယ်လောက်ကြာအောင်ထိုင်စောင့်ရမယ်မှ မသိ"



"ရပါတယ် ဖေဖေ"

"ကိုခိုင်. . . မင်းညီမလေးကို ပြန်လွှတ်လိုက်၊ ကားပေါ်ထိပို့လိုက်"

မောင့်ညီမလေးအရမ်းငိုတဲ့အခါ အိမ်ပြန်ပို့နိုင်းတယ်လေ။

မောင့်ဖေဖေက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နှင့်ပဲ ခင်လေးကိုစကားပြောနေပါတယ်။

"သားသမီးဆိုတာ မိဘကိုမစွန့်လွှတ်ချင်ဘူး၊ သံယောဇဉ်တွေပေါ့သမီးရယ်၊ မွေးထဲက တွယ်ခဲ့ကြတဲ့ သံယောဇဉ်တွေကိုး၊ ဖေဖေကတော့ဖြေနိုင်ပြီ၊ သမီးစဉ်းစားကြည့်လေ၊ ချစ်ခင်ပေါင်းသင်းကြခြင်းရဲ့အဆုံးက ကွေကွင်းခြင်းပဲမဟုတ်လား၊ တစ်ချို့ရှင်ကွဲ ကွဲကြတယ်၊ အခု. . . ဖေဖေတို့လိုကြတော့ သေကွဲကွဲကြမယ်၊ တစ်ခုမဟုတ်တစ်ခုနဲ့တော့ ကွဲကွာကြတာပါပဲ၊ အဓိကက အတူနေကြရတဲ့အချိန် တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာရှိဖို့က အရေးကြီးပါတယ်၊ တစ်ရက်ပဲ အတူတူနေရနေရ ချစ်ခင်ကြဖို့အဓိကပဲ၊ လင်မယားမှ ခဏုတ်ပါဘူး၊ မိသားစုလည်းသည်လိုပဲ၊ မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းလည်း သည်လိုပါပဲ၊ ဖေဖေက သမီးတို့မေမေနဲ့ အနှစ်လေးဆယ်ပေါင်းခဲ့တယ်၊ တစ်ခါမှ သူစိတ်ဆင်းရဲအောင် မလုပ်ခဲ့ဘူးလေ"

မောင်ကလည်းပြောပါတယ်။

မောင့်ဖေဖေနဲ့ မောင့်မေမေရန်ဖြစ်တာ သူတစ်သက် တစ်ခါမှမတွေ့ဖူးဘူးတဲ့၊ ဖေဖေကလည်း ခင်ပွန်းကောင်း တစ်ယောက်ရဲ့ ဝတ္တရားကျေပြွန်ခဲ့သလို မေမေကလည်း ဇနီးတစ်ယောက်ရဲ့ ဝတ္တရားကျေပြွန်စွာ သိပ်ကိုချစ်ခင်ကြင်နာကြတယ်လို့ ပြောပါတယ်၊ သားသမီးတွေကိုလည်း ချစ်ခင်ကြပြီး မောင်တို့မိသားစုလေးဟာ ငွေကြေးအားဖြင့် သာမက မေတ္တာတရားနဲ့လည်း ပြည့်စုံကြတယ်လို့ ပြောပါတယ်။

"ဖေဖေ နားလည်ကျေနပ်နေပါပြီ၊ သည်လမ်းကို တစ်နေ့ ဖေဖေလည်းသွားရမှာပါပဲ၊ ခုနပြောသလိုပဲပေါ့ သမီးရယ်၊ တစ်နေ့အတူနေရလည်း တစ်နေ့ ချစ်ချစ်ခင်ခင် ရှိဖို့လိုတယ်၊ ငါ သူနဲ့ နှစ်အတန်ကြာနေခဲ့ပြီ၊ သူ့ကို စိတ်ဆင်းရဲအောင်လုပ်ဖူးတယ်ဆိုတဲ့ နောင်တမျိုး ဘယ်တော့မှ မရှိရင် စိတ်ဖြေနိုင်ပါတယ်"





တစ်ရက်အတူနေရနေရ စိတ်ချမ်းသာစွာ ချစ်ချစ် ခင်ခင်ရှိဖို့လိုသတဲ့၊ ဒါဆိုရင် ဘယ်လိုကွေကွင်းခြင်း နဲ့ပဲတွေ့တွေ့ နောင်တ မရှိဘူးတဲ့။

အဲသည့်စကားတွေ ခင်လေးနှစ်သက်မိတယ်။

ခင်လေးနှစ်ခြိုက်စွာ ခံစားရတဲ့စကားတွေကို ဘယ်သူ့ကို ပြောပြချင်မိသလဲ. . .

သိလား. . . အောင်

အောင့်ကို ပြောပြချင်မိတယ်။

ခင်လေးတို့အောင်တို့ နှလုံးသားတွေက ခွဲခွါခြင်း ဆိုတဲ့စိုးထိတ်မှုတွေနဲ့ နာကျင်ကြေကွဲနေခဲ့တာမဟုတ်လား။

ဘယ်သို့သော ခွဲခွါခြင်းကိုတွေ့တွေ့ နောင်တ မရှိရင်ဆိုင်နိုင်တဲ့ အကောင်းဆုံးနည်းကို ဖေဖေ့ဆီက ခင်လေးရခဲ့ပြီ။

အောင့်ကိုလည်းပြောပြချင်တယ်။

"ကိုခိုင်. . . သမီးကိုပြန်ပို့တုန်းက ခင်လေးကိုပါ ပို့လိုက်ရမှာ၊ ဖေဖေမေ့သွားတယ်"

အမေ့ကောင်းပါပဲဖေဖေ။



www.burmeseclassic.com

www.burmeseclassic.com



ခင်လေးကျန်နေခဲ့တဲ့အတွက် ဖေဖေ့ဆီက အကောင်းဆုံးသောစကား၊ ခင်လေးတစ်သက်လုံး ရင်ထဲမှာ ကြောက်ရွံ့ခဲ့သော အဖြစ်ကို ဖျောက်ဖျက်ပေးတဲ့စကား ကြားခဲ့ရတယ်၊ ကျေနပ်ကြည်နူးလိုက်တာ။

မောင့်ကို အေးအေးဆေးဆေးမှ ပြောပြရဦးမယ်။

မောင်နဲ့ခင်လေးကရော ဘဝမှာဘယ်နှစ်ရက်၊ ဘယ်နှစ်လ၊ ဘယ်နှစ်နှစ် ပေါင်းရမည်မသိပါ၊ ရှင်ကွဲသော်၎င်း၊ သေကွဲသော်၎င်း၊ တစ်နေ့ခွဲခွါကြရပါလိမ့်မယ်၊ ဘယ်သို့သော ခွဲခွါခြင်းကို ခင်လေးတွေ့ရသည်ဖြစ်စေ၊ နောင်တမရှိသော အခြေအနေနှင့် ရင်ဆိုင်နိုင်တဲ့နည်း ခင်လေးရပါပြီ။

မောင်. . .

တစ်ရက်ဖြစ်ဖြစ်. . .

တစ်သက်ဖြစ်ဖြစ်. . .

အချစ်နိုင်ဆုံးချစ်မယ်၊ နေရတဲ့စက္ကန့်တွေအားလုံးမှာ နားလည်ကြင်နာသော ချစ်ခင်ခြင်းဖြင့် မောင့်ကို ခင်လေး ချစ်ပါ့မယ်။

အောင်ရေ. . . ခုချက်ခြင်းတောင် ပြေးလာချင်မိပြီ၊ အောင့်ကိုပြောပြချင်တာ။



ရင်ထဲမှာ သိတတ်စထဲက စွဲလန်းနေတဲ့အရိပ်မည်းကြီး ပျောက်ကွယ်သွားလိုက်တာ၊ ခင်လေးစိတ်တွေ ပေါ့ပါး လန်းဆန်းပြီး တကယ့်ကိုပြည့်စုံကျေနပ်သော ခံစားခြင်းကို ရပါတယ်။

အမေ့ကိုလည်း ခင်လေးခံစားရတာ ပြောပြချင်တယ်။

ဒ့မြဲလိုတိမ်ဖုံးနေတဲ့လမင်းကြီးဟာ တိမ်ညိုမည်းထဲက လွတ်မြောက်ထွက်ပြေးလာနိုင်တဲ့အဖြစ်မျိုးလိုပဲ။

ခင်လေးခံစားရသလို အောင်လည်းခံစားစေရမယ်။

* * * * * * * * * * *

"မောင်. . . ဆေးရုံသွားမှာလား. . . ခင်လေးကို အဆောင်လိုက်ပို့ခဲ့ပါ၊ အောင့်ဆီခင်လေးသွားမလို့"

"သွားလေ. . . မလေးကို အဆောင်မှာထားခဲ့ပြီး မောင်ကဆေးရုံသွားမယ်၊ ကိုမော်တောင် ခရီးထွက်နေတယ်တဲ့၊ အန်တီမြင့်ပြောတယ်၊ မောင်နဲ့ခင်လေးလည်း ခွင့်ယူပြီး ရုံးနဲ့အဆက်ပြတ်နေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမော် ခရီးသွားတယ်တဲ့လား"

"အင်း"

"ဒါဆို အောင်ပျင်းနေရှာမှာ"

အဆောင်ရှေ့ထိ မောင်ကကားနဲ့လိုက်ပို့ပါတယ်။

"မောင် ခဏလိုက်ခဲ့ပါလား. . . . အောင့်ကို တွေ့လိုက်ပါလား"

"အင်းလေ ဒါဆိုခဏနေဦး၊ ကားရပ်ပြီးလာခဲ့မယ်"

အဆောင်ထဲဝင်ပြီး အခန်းဝရှိသေး. . . .။

"ဟယ်. . . မခင်လေး"

"ဝေဝေ"

"မခင်လေးငယ် ဘယ်လာတာလဲ၊ ထင်မိုးအောင် သတင်းကြားလို့လား"

စိတ်မှာထိတ်ခနဲဖြစ်သွားပါတယ်။

ထင်မိုးအောင်သတင်းတဲ့. . . ထင်မိုးအောင် သတင်းတဲ့ အောင်ကဘာဖြစ်လို့လဲ၊ မတွေ့ရတဲ့ရက်က တကယ်အနည်းငယ်ပဲရှိပါသေးတယ်။

"အောင် ဘာဖြစ်လို့လဲ"



"ထင်မိုးအောင် သတိလစ်နေလို့ ဆေးရုံပို့ထားတယ်။ လေဖြတ်ပြီး စကားမေးတောင်မရဘူး၊ အန်တီနဲ့ပြောတော့ အခြေအနေတောင်မကောင်းဘူးတဲ့"

ခင်လေး မိုက်ခနဲယိုင်လဲတော့မလို့ပါ။

နောက်မှလှမ်းထိန်းလိုက်တော့မှ မောင်ရောက်နေတာသိရတယ်၊ ဝေဝေ့စကားတွေဟာ ဟိုးအဝေးကြီးက လာနေသလိုပါလား၊ ညနေဖက် ခေါင်းလျှော်ပြီး တံခါးဖွင့်အိပ်သတဲ့. . .။

အောင်ရယ်. . . .။

မင်းဟာ အမြဲအဲလိုမျိုး ကိုယ့်ကိုယ်ကို ပစ်စလက်ခတ် နေလေ့ရှိတယ်၊ အထူးသဖြင့် စိတ်ရှုပ်စိတ်ညစ်နေရင် ပိုလို့တောင်နေချင်သလိုနေတာ ခင်လေးကတွေ့ဖူးနေပါတယ်၊ အေးမြနေတဲ့ ရာသီဥတုလေ၊ ဘာလို့များ ညနေဖက် ခေါင်းလျှော်ရသလဲ၊ ပြီးတော့ ခေါင်းရင်းတံခါးဖွင့်အိပ်ရသလား. . .။

"ဘယ်ဆေးရုံမှာလဲဟင်"

မောင့်ကိုမှီထားရတယ်။

မောင်စီစဉ်သမျှ နောက်ကလိုက်ရတော့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံလိုက်သွားကြရပြန်တယ်၊ ဆေးရုံပေါ်အတက် လှေကားရင်းမှာတွေ့လိုက်တဲ့သူက ဒေါ်ရှိစီရွှေပါ၊ အောင်ပြထားလို့ တစ်ခါမြင်ဖူးတယ်၊ အမြန်ဆုံး အခန်းရှိရာ တက်ခဲ့တော့ အခန်းထဲကိုလှမ်းအဝင်မှာ. . .။

"သည်ပစ္စည်းတွေကိုတော့ လိုအပ်မယ့်လူတွေကို လှူလိုက်ပါဆရာမ"

"အန်ကယ်. . . ခင်လေးငယ်ပါ၊ အောင်နဲ့အတူ နေခဲ့တယ်လေ"

"သမီးဆုံးသွားပြီ ခင်လေးငယ်"

"ရှင်"

မောင် ဖေးမထားတဲ့ကြားက ခင်လေးဒူးတွေ ခွေယိုင်လဲနေခဲ့ပါပြီ၊ မောင်အတင်းထူထားရတယ် ရင်ထဲမှာ ဘယ်လိုဖြစ်နေတယ်မသိ။

"ခဏထိုင်ဦး ခင်လေးငယ်"

"ခုံတန်းလေးမှာထိုင်ရင်း ခင်လေးငေးနေမိတယ်။

မယုံပါဘူး. . . .

အောင်က သည်လောက်မြန်မြန်သေဆုံးသွားတယ် ဆိုတာ ဟုတ်ကိုမဟုတ်နိုင်ဘူး. . ။

ရန်ပိုင်ဦးစာပေ



"မခင်လေးငယ်နော်. . . ကျွန်မက ထင်မိုးအောင်ကို တစ်ညလုံးစောင့်နေရတာ. . . သူကလေဖြတ်ထားပြီးတော့ သတိရလာရင် မပီမသနဲ့ပြောချင်ရာတွေပြောတယ်၊ မလေးဆိုတဲ့စကား ခဏခဏပြောလို့ ကျွန်မအရေးကြီးလား ရေးမှတ်ထားတယ်၊ တစ်ခါတစ်ခါ မပီတော့ မသဲကွဲဘူး. ."

စာရွက်လေးတစ်ရွက်မှာ ဆရာမလေးရေးထားတာတဲ့။

ကောင်းတယ်. . . မလေးက အေးချမ်းသွားပြီ။

အခုသေသွားတာကောင်းတယ်။

အခုသေတော့. . . .

ကိုကိုက ငါသေတဲ့အထိချစ်တာပေါ့. . .။

မပီမသပြောသမျှလေး ရေးထားတာတဲ့။

မပီပြင်တော့ ကိုကိုလို့ ဆရာမလေးထင်ခဲ့ပုံရတယ်။

ဖြစ်နိုင်တာ. . . ကိုမော်ပဲဖြစ်လိမ့်မယ်. . . ။

အခုသေသွားတာကောင်းတယ် ကိုမော်က ငါသေတဲ့အထိချစ်တာပေါ့တဲ့. . .။

သေတပန်သက်တဆုံး ချစ်စေချင်တဲ့ ရင်ထဲက နာကျင်ခြင်းတွေကို အကောင်းဖက်လှည့် စဉ်းစားသွားပုံပါလား။

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com



ခင်လေးရင်ထဲ ကြေကွဲထိခိုက်လိုက်ရကာ၊ အောင့်ကို ခင်လေးပစ်ထားသလို ဖြစ်ခဲ့ပြီလား၊ အောင်နဲ့အတူ နေခဲ့ရတဲ့ရက်တွေမှာ ချစ်ချစ်ခင်ခင်နေခဲ့တယ် ဆိုပေမယ့်...

ခင်လေးက မောင့်ရင်ခွင်ဆီ ကူးပြောင်းသွားတဲ့ အခါမှာ....။

"သမီးအပေါ် အန်ကယ်တာဝန်မကျေခဲ့ဘူး ထင်ပါတယ်၊ ငွေပဲပေးနိုင်ပြီး သူလိုချင်တဲ့မေတ္တာမျိုး မပေးနိုင်ခဲ့ပါဘူး၊ ကိုမော့်ဆီတော့ ခင်လေးငယ်တို့ရဲ့ အကြောင်းကြားပေးပါ၊ အန်ကယ်နဲ့ပြန်လိုက်ခဲ့ပါလား ပို့ပေးမယ်လေ၊ အန်ကယ်ပြန်ပြီး စီစဉ်စရာတွေ စီစဉ်ရဦးမယ်"

"ကျွန်တော်တို့မှာ ကားပါပါတယ်၊ ကျေးဇူးပဲအန်ကယ် ခင်လေးကို ကျွန်တော် ခဏနေရင်တွဲခေါ်သွားမှာပါ"

လူက အရုပ်ကြိုးပြတ်သွားသလိုပဲ။

မောင့်ရင်ခွင်ကိုခေါင်းမှီပြီး မျက်ဝန်းတွေ စုံမှိတ်ထားပေမယ့် မျက်ရည်တစ်စကျသလား....။

ရင်ထဲမှာသာ နာကျင်နေရလွန်းတာပါလား...။

"ခင်လေး... မောင်တို့ပြန်ကြရအောင်...လာ"

"မောင်... အောင်တကယ်မရှိတော့တာလား"





"သြော်... ခင်လေးရယ်"

"ခင်လေးမယုံသလိုပဲ၊ မတွေ့ရတာ ခဏလေးပဲ၊ မယုံဘူး... ကိုမော်လည်းယုံမှာမဟုတ်ဘူး"

ပြောရင်းပြောရင်းမှ ဝမ်းနည်းထိခိုက်လာတာ၊ မျက်ရည်တွေကပါးပြင်ပေါ်ကို စီးကျလာခဲ့တယ်၊ အောင် တစ်ယောက်တည်း ပစ်ထားခဲ့မိသလိုဖြစ်ခဲ့တာပါလား၊ မောင်ကတော့ ခင်လေးကိုတတွတ်တွတ်ချော့နေပါတယ်၊ သဘာဝလေးက သည်ရက်ထိပဲနေရမှာမို့... တိုက်ဆိုင်မှုတွေ ဖြစ်သွားတာပါ၊ ကိုယ့်ကိုယ်ကို အပြစ်မတင်ပါနဲ့မလေးရယ်တဲ့"

အောင်ကလည်း မလေးလို့ခေါ်တယ်၊ အောင့်ကို စောင့်ရတဲ့ဆရာမလေးကပြောတယ်၊ မပီမသနဲ့ မလေး မလေးလို့ ကြိမ်ဖန်များစွာ ရေရွတ်သွားခဲ့တယ်တဲ့...၊

သံယောဇဉ်ဆိုတဲ့ကြိုးတစ်မျှင်က ခင်လေးနှလုံးသားကို ရစ်ပတ်ရာက ဘာလို့များ ပြင်းစွာဖြည့်ချထွက်ခွာသွားရပါသလဲ အောင်.....။

************

www.burmeseclassic.com

www.burmeseclassic.com



အောင့်ဒက်ဒီပိုတယ်၊ သူ့ရင်မှာ နောင်တတွေ ရှိနေတာ သိခဲ့ရပြီ၊ အတူနေရရက်တွေမှာ ချစ်ချစ်ခင်ခင် မရှိခဲ့လို့ပေါ့၊ ခွဲခွာရတာခြင်းအတူတူ နောင်တရှိသူနှင့် နောင်တမရှိသူ ခံစားမှုတခြားစီပါလား...။

**နောင်တဆိုတာ** အလကားပဲဝင်းခိုင်၊ ငါက အောင် **ချစ်ထိုက်တဲ့ ချစ်သူ**မဟုတ်ဘူး၊ ငါ့မာနကို ငါရှေ့တန်း တင်ခဲ့တယ်၊ **အောင့်မာနကို** ငါမေ့သွားခဲ့တာပါလား၊ ဣန္ဒြေသိက္ခာ အလေးထားပြီး မာနရှိတဲ့အောင်ဟာ လက်ထပ် ကြရအောင် ကိုမော်လို့ ဘယ်ပြောမလဲ၊ သူတစ်ယောက်တည်း တစ်ယောက်တည်းလို့ပြောနေတာ ငါနားလည်ရမှာ၊ ငါဟာ ချစ်သူကို နားလည်ပေးနိုင်တဲ့ သူမဟုတ်ပါလား”

ကိုမော့်မျက်ရည်တွေ...။

အောင်မမြင်နိုင်တော့ဘူး...။

ဒေါသတွေနဲ့ မကျေလည်ခြင်းတွေနဲ့ အောင် **ခုတော့လည်း** ငြိမ်းချမ်းနေပါရောလား....၊ **မွှေးပျံ့တဲ့ စံပယ်တွေ**က အောင့်ဘေးမှာ...။

အောင်ရေ....



ပြောပြချင်ပြီး မပြောလိုက်ရတဲ့စကားတွေ... ခုပြောလဲ အောင်မကြားတော့ပါဘူး...။

တစ်ရက်လေးနေရနေရ ချစ်ချစ်ခင်ခင်နေတဲ့ လင်မယားမှမဟုတ်ဘူး... မိတ်ဆွေလဲသည်လိုပဲတဲ့။

အောင်နဲ့မလေး နေခဲ့ရတဲ့ရက်တွေမှာ ချစ်ခင်ခဲ့ကြပါတယ်နော်၊ အောင်ကလည်း ခင်လေးကိုသေဆုံးသည်တိုင် **ချစ်ခဲ့မယ်လို့** ယုံကြည်ပါတယ်။

ဒါပေမယ့် ဖြေလို့တော့မရ**သေးဘူးအောင်**။

မောင်က ခင်လေးပခုံး**စွန်းတွေကို** ဆုပ်ကိုင် နှစ်သိမ့်ပါတယ်၊ မောင့်ပခုံးစွန်းမှာ မျက်နှာအပ်ပြီး တသိမ့်သိမ့် ငိုရှိုက်နေမိပါတယ်။

“အောင့်ကို နောက်ဆုံးကြည့်လိုက်တော့ မလေး”

နောက်ဆုံးတဲ့....

မလေးတို့ဘယ်တော့မှ မတွေ့ရတော့ဘူးလား၊ **ခုချိန်**သေဆုံးသွားရတဲ့အတွက် ကိုမော်က အောင့်ကို **သေတပန်**သက်တဆုံး ချစ်တယ်လို့ယူဆသွားအောင်လား၊ **တကယ်ဆို** ခင်လေးမှာတော့ အဲသည်လို ထိပ်လန့်နေရတဲ့ သစ္စာမယ့်ဖြစ်ရပ်တွေကို ကြောက်ရွံ့ခြင်းမရှိတော့ဘူးအောင်ရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ငိုလေ မလေး..."

မျက်ရည်တွေလဲမရှိတော့သလိုပါပဲ။

အောင်ကအပြီးခွဲခွာသွားတယ်လို့ တွေးရင်းရင်ထဲနာကျင်နေတာပဲရှိနေတယ်။

ချစ်သူခင်သူတွေဟာ သေကွဲမကွဲ ရှင်ကွဲကွဲကြမှာ၊ ရှင်ကွဲမကွဲ သေကွဲကွဲကြမှာပဲ။

ဒါသဘာဝတရားပဲ...

ဖျောက်ဖျက်မရဘူး။

နောင်တတွေနဲ့မကျန်ရစ်ဘဲ ကျေနပ်စိတ်နဲ့ကျန်ရစ်ဖို့က အဓိကလိုအပ်တယ်တဲ့။

သည်လိုဖြစ်ဖို့...တစ်ရက်ကလေးနေရနေရ ချစ်ချစ်ခင်ခင်နေရမယ်တဲ့။

ကိုမော့်မျက်ရည်တွေ....

ကိုမော့်ရင်ထဲမှာတော့ နောင်တရှိနေလိမ့်မယ် ထင်ပါရဲ့...။

မီးခိုးငွေ့တွေက နောက်ဆုံးနှုတ်ဆက်ခြင်းလား....။

သည်အခိုက်မှာ...

လိပ်ပြာလေးတစ်ကောင်က ဟိုသည်ပျံဝဲနေတယ်။



အဝါရောင်လိပ်ပြာလေးက ကိုမော့်ရဲ့အင်္ကျီညီလေး ပုခုံးစွန်းမှာ လာနားတယ်။

ပြီးတော့....

ဟိုးအဝေးကြီးကို ပျံသန်းသွားတယ်။

လိပ်ပြာလေးက

တစ်ကောင်တည်း....

မောင်...

မလေးရင်ထဲမှာတော့ သည်သို့ခံစားရတယ်။

မနက်ဖြန်ဆိုသော အချိန်ကာလမှာ ဘယ်သို့သော ခွဲခွာခြင်းတွေကို ဆုံရသည်ရှိစေ....

သည်ကနေ့မှာ ကြင်နာသောချစ်ခြင်းတရားနဲ့ မေတ္တာထားမယ်ဆိုရင်....

နောင်တမဲ့သောချစ်ခြင်းတွေကို မလေးထာဝရ ရရှိမယ်လို့ ယုံကြည်နေပြီ။

သည့်အတွက် စက္ကန့်မျှဖြစ်စေ....

ချစ်ချစ်ခင်ခင်အတူကြင်နာကြပါစို့လား.....

* * * * * *

❀ ရန်ပိုင်ဦးစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်ဖြစ်ဖြစ်. . .

တစ်သက်ဖြစ်ဖြစ်. . .

အချစ်နိုင်ဆုံးချစ်မယ်၊ နေရတဲ့စက္ကန့်တွေအားလုံးမှာ နားလည်ကြင်နာသောချစ်ခြင်းဖြင့် မောင့်ကိုချစ်ပါ့မယ် မောင်. . . .။

ခိုင်စေသက်

ရန်မိုင်ဦးစာပေ

www.burmeseclassic.com